# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့ (4-9-2015) (၈၃၁၃)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်



**ပေကျင်း စက်တင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကမ္ဘာ့ဖက်ဆစ်စနစ် ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့်နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ရန် တီယန်မင်ရင်ပြင်သို့ ရောက်ရှိကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**

ထို့နောက် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက မိန့်ခွန်းပြောကြားပြီး စစ်ရေးပြအခမ်းအနားပြုလုပ်မှုအား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တီယန်မင်ရင်ပြင် ပြည်သူ့ခန်းမဆောင် Banquet Hall ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းမိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ဩဝါဒစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# သဖန်းအိုင်ကျေးရွာ ပြန်လည်ထူထောင်နိုင်ရန် နန်းမြေများရှင်းလင်း

သတင်း စာမျက်နှာ - ၈



**ကလေးမြို့ နတ်မြောင်း-ကြာအင်းလမ်းဘေး ရေနုတ်မြောင်းတူဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။**

## ချင်းတွင်းမြစ်ရေ မုံရွာမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မုံရွာမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်းသိရသည်။

**(ကြေးမုံ)**







**ကြေးမုံ စာတည်းရှုထောင့် ၄-၉-၂၀၁၅၊ သောကြာနေ့**

# အဆိုးထဲမှ အကောင်းများ

၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ဇာတာကို အဆိုးများနှစ်ဟု အချို့က ဆိုကြသည်။ အဆိုးများဟုဆိုကြရာ၌ ယခုနှစ်အတွင်း မမျှော်လင့်ဘဲ ဘေးဆိုးတစ်ခုကြုံတွေ့ခဲ့ရသည်။ သဘာဝဘေးဖြစ်၍ ရှောင်ရှားနိုင်သော အရာမဟုတ်မှန်း အားလုံးအသိဖြစ်သည်။ သဘာဝဘေးကြောင့် ကံဆိုးလေခြင်းဟု ညည်းတွားကြ၊ အပြစ်ပြောရမည့် အချိန်လည်းမဟုတ်ချေ။ မလွဲမသွေရင်ဆိုင်ကြုံတွေ့ခဲ့ကြသူများအား မကြုံတွေ့ကြရသူများက ဝိုင်းဝန်းဖေးကူပေးဖို့လိုသည်။ မွန်မြတ်သောစိတ်ထားများဖြင့် လူသားချင်းစာနာထောက်ထားကာ ရိုင်းပင်းကူညီကြခြင်းသည်သာ ကောင်းသောကံကို ပြုကြခြင်းပင်မဟုတ်ပါလော။

လက်ရှိတွင်လည်း သဘာဝဘေးဒဏ်ခံခဲ့ကြရသော ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်နှင့်အတူ နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားပြည်သူအများစုက ဝိုင်းဝန်းဖေးကူနေသည်။ သဘာဝဘေးကို အကြောင်းပြု၍ ပြည်သူအများစုတွင် ကရုဏာစိတ်များ၊ ရိုင်းပင်းကူညီလိုသည့်စိတ်များ၊ ပရဟိတစိတ်များ တိုးပွားလာသည်ကိုတွေ့ရသည်။ အချို့က ကိုယ်တိုင်ကိုယ်ကျ မပါဝင်နိုင်သော်လည်း မေတ္တာစိတ်ထားကာ ကူညီထောက်ပံ့ကြသည်။ အချို့က ကိုယ်တိုင်ကိုယ်ကျပါဝင်ကြသည်။ အချို့က ထဲထဲဝင်ဝင်မိမိဘဝကိုပါမြှုပ်နှံ၍ ကူညီစောင့်ရှောက်ပေးနေကြသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးဒဏ်ကို အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရဖူးသည်။ ယခုသဘာဝဘေးသည် ထိုဒေသများအတွက် ယခင်နှင့်မတူသည်မှာ မှန်ကန်ပါသည်။ ကြုံတွေ့ခဲ့ရသော သဘာဝဘေးများတွင် ထို့ထက်ဆိုးရွားသည့် ဘေးဒုက္ခများလည်းရှိခဲ့ဖူးသည်။ ကြုံတွေ့ခဲ့သည့် သဘာဝဘေးအလျောက် ကယ်ဆယ်ကူညီထောက်ပံ့ စောင့်ရှောက်မှုများရှိခဲ့ကြသည့်အနက် ယခုသဘာဝဘေးသင့်ဒေသများအတွက် အကူအညီများနှင့် ပရဟိတစိတ်ထားများမှာ ယခင်နှင့်မတူ အံ့မခန်းဟုပင် ဆိုချင်သည်။

အထူးသဖြင့် ပရဟိတစိတ်ထားများမှာ ထူးကဲမွန်မြတ်သာလွန်သည်ဟု ဆိုရမည်။ အလှူဒါနအကျိုးကို လူတိုင်းသိနိုင်သည်။ မည်သည့်ပရဟိတလုပ်ငန်းကိုလုပ်သည်ဖြစ်စေ မြို့ရွာအတွင်း ကောင်းသောအမှုကို စည်းရုံးလှုံ့ဆော်လုပ်ကိုင်နေခြင်းဖြစ်၍ အကျိုးများလှပေသည်။ မိမိကိုယ်တိုင်လည်း ဒါနပြုရာရောက်သလို ကုသိုလ်ပြုရာလည်း ရောက်သည်။ အများသူငါကိုလည်း အများကောင်းကျိုးအတွက် စည်းရုံးပေးရာရောက်သဖြင့် အကောင်းဆုံးပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်သည်။

အသင်းအဖွဲ့တို့၏ အင်အားကား တစ်ဦးတစ်ယောက်၏ အင်အားထက် ပိုမိုသာလွန်၏။ မိမိကိုယ်ကျိုး အရှင်းမပါသဖြင့် ထူးကဲမွန်မြတ်သည်ဟု ဆိုခြင်းဖြစ်သည်။ စည်းလုံးညီညွတ်၍ စည်းကမ်းကျနသော အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ပါက အမျိုးဘာသာ၊ သာသနာကိစ္စများသည် တစ်ဦးတစ်ယောက်တည်းဆောင်ရွက်ခြင်းထက် ပိုမိုတွင်ကျယ်အောင်မြင်သော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့်ပင် "တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဆိုထုံးပြုကြလေ့ရှိသည်။

ပရဟိတဟူသည်မှာ ညီညွတ်ခြင်းမှအခြေခံသည်။ ရိုင်းပင်းခြင်းမှ သန္ဓေတည်သည်။ မေတ္တာတရားမှ မြစ်ဖျားခံသည်။ ထိုကောင်းမွန်သော တရားများမှာ သဘာဝဘေးကြောင့်ပင် ပြည်သူများကြား တိုးတက်ပြန့်ပွားလာသည်။ ပရဟိတစိတ်ထား ထားသူများ တစ်နေ့တခြားတိုးပွားနေသည်။ ဤသည် တစ်ခုတည်းပင် ၂၀၁၅ ခုနှစ်အတွက် အဆိုးထဲမှကောင်းခြင်း လက္ခဏာတစ်ခုဟု ဆိုရမည်ဖြစ်သည်။ အခြားအခြားသော ကောင်းခြင်းများစွာလည်း ရှိပေသေးသည်။

မကြာမီကာလတွင် မြန်မာနိုင်ငံအတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူရမည့်အချိန်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ လက်ရှိအချိန်တွင် အဆိုးထဲမှ အကောင်းရောက်အောင် ပရဟိတစိတ်ထားများဖြင့် ညီညွတ်သော အသိစိတ်ဓာတ်၊ တူညီသောမေတ္တာတရားများထားကာ ကြိုးပမ်းနေကြသည်။ တစ်တိုင်းပြည်လုံး အရေးအတွက်ဆိုလျှင် ဆိုဖွယ်ရာမရှိပြီ။ တိုင်းပြည်ကြီး အကောင်းဘက်ရောက်အောင် ယခုဖြစ်ပေါ်နေသော ပရဟိတစိတ်ထားများ ထားရှိသကဲ့သို့ တိုင်းရင်းသားပြည်သူများအားလုံး ညီညီညွတ်ညွတ် ပါဝင်ဆောင်ရွက်ကြလျှင် ကံကောင်းသောနှစ်၊ ကံကောင်းသောနိုင်ငံဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာ့အကောက်ခွန် သတင်းအချက်အလက်စနစ် ၂၀၁၆ ခုနှစ်တွင် စတင်အသုံးပြုမည်

**ရန်ကုန် စက်တင်ဘာ ၃**

သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် Myanmar e-customs စနစ်အား ဂျပန်နိုင်ငံတွင် အသုံးပြုဆောင်ရွက်နေသော NACCS (Nippon Automated Cargo and Port Consolidated System) နှင့် CIS (Customs Intelligence System) စနစ်များအား အခြေခံပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ စနစ်များနှင့်အညီ အသုံးပြုဆောင်ရွက်မှုကို လာမည့် ၂၀၁၆ ခုနှစ်တွင် စတင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အကောက်ခွန်၏ ထုတ်ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအလို့ငှာ ယခုလက်ရှိဆောင်ရွက်နေသည့် သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် Myanmar e-customs စနစ်များအား ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီနှင့် ဂျပန်အကောက်ခွန်တို့၏ အကူအညီဖြင့် မြန်မာ့အကောက်ခွန်တွင် အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် NACCS နှင့် မြန်မာ့အကောက်ခွန် သတင်းအချက်အလက်စနစ် MCIS (Myanmar Customs Intelligence System) တို့ကို တပ်ဆင် အသုံးပြုနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိဆောင်ရွက်ပြီးစီးနေပြီဖြစ်သော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ အဆိုပါစနစ်များ သုံးစွဲနိုင်ပါက ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ကုန်သွယ်မှုဆိုင်ရာ တိုးတက်လာမှုအခြေအနေများ၊ အခြေခံသဘောတရားများအပေါ် ပုဂ္ဂလိကအသုံးပြုသူများသို့ ရှင်းလင်းတင်ပြခြင်းကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမတွင် ကျင်းပခဲ့သည်။


ထိုသို့ဆောင်ရွက်ရာတွင် Product Test Declaration ပြုလုပ်သည့်အချိန်မှ ကုန်ပစ္စည်းထုတ်ယူခွင့်ပြုသည့် အချိန်အထိ ဖြစ်ပေါ်လာနိုင်သည့် အမှားများအား စမ်းသပ်ခြင်းကို ယခုနှစ် အောက်တိုဘာလမှ ၂၀၁၆ မတ်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကာ Running Test System တစ်ခုလုံးအား စတင်လည်ပတ်နိုင်ရေး စမ်းသပ်ခြင်းကို ၂၀၁၆ ဩဂုတ်လမှ အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းနောက် ၂၀၁၆ နိုဝင်ဘာ ၁ ရက်တွင် စနစ်တစ်ခုလုံးကိုအပြည့်အဝ လည်ပတ်သုံးစွဲနိုင်ရန်ဆောင်ရွက်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံပြတင်း တစ်ပေါက်စနစ်ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့်မြန်မာ့အကောက်ခွန်၏ ထုတ်ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ပံ့ပိုးကူညီမှုဖြင့် အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် NACCS နှင့် မြန်မာ့အကောက်ခွန် သတင်းအချက်အလက်စနစ်တို့ရေးဆွဲတပ်ဆင် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည်လည်း ဂျပန်နိုင်ငံ၏ အကူအညီဖြင့် အဆိုပါစနစ်များကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်ပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာ၊ ဗီယက်နမ်နိုင်ငံ၏ အတွေ့အကြုံများကို လေ့လာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။

(ဝဝ၁)

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၃၅၀၀ | - | ၇၆၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၃၅၀၀ | - | ၇၆၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၃. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၇၂၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၅၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၉၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၉. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၆၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၉. ၆၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ကျော်ဇေယျာမြင့်၊ ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ



☆ **နိုင်ငံတော်သမ္မတမှ**

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ချိုင်းနားဝါလ်(ဒ်)ဟိုတယ် ဧည့်တွေ့ဆောင်အခန်း ၂ ၌ China Power Investment(CPI) ဥက္ကဋ္ဌ Mr. Wang Binghua ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးရဲထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တီယန်မင်ရင်ပြင် ပြည်သူ့ခန်းမဆောင်ကြီး၌ ပြုလုပ်သည့် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

## ဆိုက်ပရပ်စ်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၄**

နယူးဒေလီမြို့တွင် အခြေစိုက်သည့် ဆိုက်ပရပ်စ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒီမက်ထရီအို့စ် အေ သီအိုဖီလက်တိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီးဖြစ်သည်။

မစ္စတာ ဒီမက်ထရီအို့စ် အေ သီအိုဖီလက်တိုအား ၁၉၅၈ ခုနှစ် မေ ၁၁ ရက်တွင် ဆိုက်ပရပ်စ်နိုင်ငံ နီကိုရှာမြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဆက်သွယ်ရေး၊ နိုင်ငံရေးရာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ရေး အထူးပြုဖြင့် ဝိဇ္ဇာဘွဲ့နှင့် မဟာဘွဲ့တို့အား ဝါရှင်တန်ပြည်နယ်တက္ကသိုလ်မှ ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးရာနှိုင်းယှဉ်လေ့လာရေး၊ နိုင်ငံရေးရာဘောဂဗေဒပါရဂူဘွဲ့အား လုံခြုံရေး အစီအမံများနှင့် ပြည့်စုံသည့် နိုင်ငံတည်ဆောက်ရေး အထူးပြုကျမ်းဖြင့် ဝါရှင်တန်ပြည်နယ်တက္ကသိုလ်မှ ရရှိခဲ့သည်။ ဧည့်ပါမောက္ခအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ စာအုပ်စာတမ်းရေးသားထုတ်ဝေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်မှ စတင်ကာ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဆိုက်ပရပ်စ်အမြဲတမ်းအဖွဲ့ရုံး၊ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ ဆိုက်ပရပ်စ် မဟာမင်းကြီးရုံး၊ နီကိုရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့တွင် ရာထူးတာဝန်အသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိန္ဒိယနိုင်ငံဆိုင်ရာ ဆိုက်ပရပ်စ် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

နယူးဒေလီမြို့အခြေစိုက်သည့် ဆိုက်ပရပ်စ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒီမက်ထရီအို့စ် အေ သီအိုဖီလက်တိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။



**ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ် (၇၀) ပြည့် နှစ်ပတ်လည်အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်မင် ရင်ပြင်၌ ကျင်းပစဉ်။** (သတင်းစဉ်)

## အကြမ်းဖက်တိုက်ဖျက်ရေးနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG)မှ တွဲဖက်သဘာပတိ Mr. Rajesh Chhana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး APG ၏ တွဲဖက်သဘာပတိက အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ ယင်းနည်း ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်လာရောက်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို ၂၀၁၁ ခုနှစ်မှစ၍ Public Statement တွင် ထည့်သွင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများစွာရှိသည်ကို တွေ့ရပါကြောင်း၊ နည်းဥပဒေများသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး အကူအညီများပေးစေလိုပါကြောင်း ဆွေးနွေးသည်။


ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ရေးဆွဲအကောင်အထည်ဖော်ရမည်မှာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ဖြစ်ပါကြောင်း၊ ယင်းတို့က ကနဦးရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံဉာဏ် တောင်းခံပါကြောင်း၊ ရေးဆွဲရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနနှစ်ခုနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သက်ဆိုင်ရာဌာနများမှ အကူအညီများ တောင်းခံလာပါက အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပြီး နှစ်ဖက်ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦး၊ ညွှန်ကြားရေးမှူး ဒေါက်တာဆွေဆွေအောင်နှင့် ဦးကျော်ကျော်နိုင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# ဂျပန်နိုင်ငံ၌ နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေး



**တိုကျို စက်တင်ဘာ ၃**

ဂျပန်နိုင်ငံရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီကြီးကိုးခုက နွေရာသီ လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးမှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို နေစွမ်းအင်ထုတ်လုပ်ခြင်းမှ ရရှိခြင်းဖြစ်ကြောင်း အဆာဟိသတင်းစာက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များအားလုံးမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ နှစ်ရာခိုင်နှုန်းခန့်ကို နေစွမ်းအင်မှ ထုတ်ယူခြင်းဖြစ်သော်လည်း နွေရာသီကာလတွင် နေရောင်ခြည်ကို ကောင်းစွာရရှိခြင်းကြောင့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ကြောင်း၊ ဩဂုတ်လအစောပိုင်းတွင် စုစုပေါင်းလျှပ်စစ်ဓာတ်အား ၁၅ ဂီဂါဝပ်ခန့်ကို နေစွမ်းအင်မှ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် သန့်ရှင်းသောစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးစီးပွားရေးတည်ရာ ဂျပန်နိုင်ငံသည် နျူကလီးယားစွမ်းအင်အပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၁ ခုနှစ် မတ်လတွင် ဖူကူရှီးမားခရိုင်၌ နျူကလီးယားဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပြီးနောက် သန့်ရှင်းသောစွမ်းအင်အတွက် ဒေါ်လာငွေ ဘီလီယံပေါင်းများစွာကို ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ **ရိုက်တာ။**

# အိန္ဒိယနှင့် ပါကစ္စတန် အပြန်အလှန်ပစ်ခတ်

**ဆရီနာဂါ စက်တင်ဘာ ၃**

အိန္ဒိယတပ်ဖွဲ့နှင့် ပါကစ္စတန်တပ်ဖွဲ့များသည် နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသ ထိန်းချုပ်ရေးမျဉ်းတစ်လျှောက်တွင် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြသည်ဟု တာဝန်ရှိသူများက စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံ တပ်ဖွဲ့များသည် အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ဆရီနာဂါမြို့ အနောက်တောင်ဘက် ပွန့်ချ်ခရိုင်ခရစ်ရှ်နာ ဂါတီနယ်စပ်တွင် လက်နက်ငယ်များဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်။

အဆိုပါအပြန်အလှန်ပစ်ခတ်မှုတွင် အိန္ဒိယနိုင်ငံဘက်၌ ကျရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား လုံခြုံရေးဆွေးနွေးပွဲများသည်လည်း လွန်ခဲ့သည့်လက ပျက်ပြယ်သွားခဲ့သည်။

**ဆင်ဟွာ။**




## လိုင်ဘေးရီးယားနိုင်ငံတွင် အီဘိုလာပိုင်းရပ်စ်ကူးစက်မှုမရှိတော့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြေညာ

**ဂျီနီဗာ စက်တင်ဘာ ၃**

လိုင်ဘေးရီးယားနိုင်ငံတွင် အီဘိုလာ ဗိုင်းရပ်စ်ပိုးကူးစက်မှု မတွေ့ရှိတော့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စက်တင်ဘာ ၃ ရက်တွင် ကြေညာခဲ့သည်။

အစိုးရနှင့်ဒေသတွင်းအဖွဲ့အစည်းများ၏ လျင်မြန်သောတုံ့ပြန်မှုတို့ကြောင့် နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုနှုန်း သိသာစွာလျော့ကျခဲ့ခြင်းဖြစ်သည်ဟု ကျန်းမာရေးဌာနက ယင်း၏ ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

လိုင်ဘေးရီးယားနိုင်ငံ၏ ရောဂါဖြစ်ပွားမှုနှုန်းကို စောင့်ကြည့်နေသည်မှာ ရက် ၉၀ အတွင်း ရောက်ရှိလာပြီဖြစ်သည်။ လိုင်ဘေး ရီးယားနိုင်ငံတွင် မေ ၉ ရက်က ရောဂါပြန့်ပွားမှုနှုန်းမရှိတော့ကြောင်း ကြေညာခဲ့သော်လည်း ဇွန် ၂၉ ရက်တွင် ရောဂါကူးစက်မှု ပြန်လည်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းနေ့တွင် ရောဂါကူးစက်သူ ခြောက်ဦးတွေ့ရှိခဲ့သည်။

လိုင်ဘေးရီးယားအစိုးရ၏ ဦးဆောင်မှု အောက်တွင် ရောဂါဖြစ်ပွားမှုကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက နည်းပညာအထောက်အပံ့များပေးလျက်ရှိသည်။

မကြာသေးမီက နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်မှုအန္တရာယ်ကို လျင်မြန်စွာတားဆီးချေဖျက်နိုင်မှုကြောင့် အစိုးရနှင့်ပြည်သူများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးကျူးခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ဂီနီနိုင်ငံတွင် ရောဂါကူးစက်သူသုံးဦး၊ ဆီရာလီယွန်နိုင်ငံတွင် တစ်ဦးတွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏နောက်ဆုံးထုတ်ပြန်သော ရောဂါပိုးကူးစက်မှုအခြေအနေ ကြေညာချက်တွင် ဖော်ပြထားသည်။ ဩဂုတ် ၃၀ ရက်ထိ ဂီနီ၊ လိုင်ဘေးရီးယားနှင့် ဆီရာလီယွန် နိုင်ငံများတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၈၀၇၃ ဦးခန့်ရှိပြီး ၁၁၂၉၀ ဦး သေဆုံး ခဲ့ရသည်။ **ဆင်ဟွာ။**

# မလေးကမ်းလွန်တွင် မော်တော်ဘုတ်နစ်မြုပ် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၁၄ ဦး သေဆုံး

**ကွာလာလမ်ပူ စက်တင်ဘာ ၃**

မလေးရှားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်တွင် စက်တင်ဘာ ၃ ရက်က ရွှေ့ပြောင်း အခြေချနေထိုင်သူ ၁၀၀ ကျော်အား တင်ဆောင်လာသည့် မော်တော်ဘုတ်တစ်စင်း နစ်မြုပ်ခဲ့ရာ လူ ၁၄ ဦးထက်မနည်းရေနစ်သေဆုံးခဲ့ရသည်။

ရွှေ့ပြောင်းအခြေချနေထိုင်သူများအားတင်ဆောင်လာသည့် သေးငယ်သော သစ်သားကိုယ်ထည် မော်တော်ဘုတ်သည် ရေလှိုင်းများအကြား ပျောက်ကွယ်သွားပြီးနောက် နာရီအနည်းငယ်အကြာတွင် ကယ်ဆယ်ရေးသမားများက ပျောက်ဆုံးနေသည့် ဒါဇင်များစွာသော အင်ဒိုနီးရှား နိုင်ငံသားများကို ရှာဖွေလျက်ရှိသည်။

ဒေသခံရေလုပ်သားများက လူ ၁၅ ဦးကို ကယ်ဆယ်ပေးနိုင်ပြီး သေဆုံးသူ ၁၄ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ သေဆုံးသူများထဲ၌ အမျိုးသမီး ၁၃ ဦးနှင့် အမျိုးသားတစ်ဦးတို့ ပါဝင်သည်ဟု မလေးရှား ပင်လယ်ရေကြောင်းအာဏာပိုင်အဖွဲ့ ဒေသဆိုင်ရာအကြီးအကဲ မိုဟာမက်အလီယက်စ်ဟာမ်ဒင်က ပြောကြားသည်။

အဆိုပါ ရွှေ့ပြောင်းလုပ်သားများအား တင်ဆောင်လာသည့်ရေယာဉ်သည် လှိုင်းလေအတန်ငယ်ကြမ်းတမ်းသော မလေးရှားနိုင်ငံအနောက်ပိုင်း ကမ်းခြေအနီးရှိ ကမ်းရိုးတန်းမြို့ ဆာဂက်ဘာနမ်သို့ ဦးတည်လာခဲ့ခြင်းဖြစ်သည်။ ရေယာဉ်နစ်မြုပ်ရခြင်းမှာ ရာသီဥတုအခြေအနေ ဆိုးရွားခြင်းနှင့် လူအဆမတန် တင်ဆောင်လာခြင်းကြောင့် ဖြစ်ဖွယ်ရှိကြောင်း မလေးရှား ပင်လယ်ရေကြောင်းလုံခြုံရေးဌာန တာဝန်ခံက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ရေယာဉ် ၁၂ စင်း၊ လေယာဉ်တစ်စင်းတို့နှင့်အတူ ရှာဖွေကယ်ဆယ်ရေး လုပ်သား ၂၀၀ ကို စေလွှတ်ထားကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသားအများစု အပါအဝင်ဖြစ်သော လူဦးရေ နှစ်သန်းနီးပါးတို့သည် မလေးရှားနိုင်ငံအတွင်း၌ တရားမဝင်လာရောက် အလုပ်လုပ်ကိုင်လျက်ရှိသည်။

အင်ဒိုနီးရှားနှင့်မလေးရှားနှစ်နိုင်ငံအကြား ကျဉ်းမြောင်းသော ရေလက်ကြားကို လေဒဏ်လှိုင်းဒဏ်ခံနိုင်ရည်မရှိသော မော်တော်ဘုတ်များကို အသုံးပြုကာ ပုံမှန်ဖြတ်သန်းဝင်ရောက်လေ့ရှိသည်။

**ရိုက်တာ။**

❐



ပြည်တွင်းရေးရာ

## သံအမတ်ကြီး ဦးသာအောင်ညွန့်အား နိုင်ဂျီးရီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ပြည်ထောင်စုသမ္မတနိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

❒ ကျောဖုံးမှ

မှုဘောင်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာစံနှုန်းအတိုင်း ကျင့်သုံးသွားနိုင်မှသာ ကောင်းမွန်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောဌာန (One Stop Service Center) သည် အရေးကြီးကြောင်း၊ ယင်းတွင် မလိုအပ်သည့် လုပ်ထုံးလုပ်နည်းများလျှော့ချ၍ လွယ်ကူရှင်းလင်းပြီး မြန်ဆန်သည့်လုပ်ထုံးလုပ်နည်းများအား ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ၎င်းဌာနတွင် တာဝန်ယူသည့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လိုအပ်သည့် ခွင့်ပြုမိန့်၊ လိုင်စင်စသည်တို့ကို အထက်အဆင့်ဆင့်သို့ ထပ်မံ၍ တောင်းခံနေစရာမလိုဘဲ တစ်နေရာတည်း တစ်ထိုင်တည်းတွင် ပြုလုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာက ကျင့်သုံးလျက်ရှိသည့် အထူးစီးပွားရေးဇုန်များရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောဌာန (One Stop Service Center)များ၏ လုပ်ထုံးလုပ်နည်းများကို မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်အောင် စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures) အဖြစ် ပြုစုပြီးဖြစ်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပေးရမည့် လုပ်ထုံးလုပ်နည်းများအား ယနေ့ဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်း။

အထူးစီးပွားရေးဇုန်များအား အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာပညာရှင် အကြံပေးအဖွဲ့ဖြင့် ရေးဆွဲထုတ်ပြန်ထားသော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များအတိုင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်များ၊ ဇုန်အတွင်း နေထိုင်လျက်ရှိသော အိမ်ခြေများ ရွှေ့ပြောင်းမှုကိုလည်း လူမှုဘဝထိခိုက်မှု လေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး နိုင်ငံတကာ ထုံးစံနှင့်အညီ ပြန်လည်နေရာချထားရေးအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်းများ ရရှိစေဖို့အတွက်လည်း ကမ္ဘာ့ဘဏ်၏ စံချိန်စံညွှန်းများ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေများထုတ်ပြန်နိုင်ရေး၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး MOI အား ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ပထမအဆင့် ဇုန်၏(ဟက်တာ ၄၀၀)တွင် အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ နိုင်ငံပေါင်း (၁၂)နိုင်ငံမှ ကုမ္ပဏီ(၄၅)ခုနှင့် အကြိုသဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ (၃၈) ခုအား ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ရာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၉၉ ဒသမ ၇၆ သန်းရှိခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် သီလဝါအထူးစီးပွားရေးဇုန် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး ပထမဆုံးစက်ရုံမှာ စီးပွားဖြစ်စတင်လည်ပတ်မည်ဖြစ်ကြောင်း၊ စီမံကိန်း ဒုတိယအဆင့် ဟက်တာ(၅၀၀)ခန့်ကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အကြိုလေ့လာရေးများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဟန်စိန်က ထားဝယ်အထူးစီးပွားရေးဇုန်အား မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအစိုးရများ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီပြီးနောက်ပိုင်း နှစ်နိုင်ငံပူးတွဲအဆင့်မြင့်ကော်မတီဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနှင့် ထိုင်းနိုင်ငံအပြင် အခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သော (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်လျက် ထားဝယ်အထူးစီးပွားရေးဇုန်အား မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းအကောင်အထည်ဖော်ရေး MOI အား လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် ကနဦးစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခွင့်သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးခင်ဌေးက ကျောက်ဖြူအထူးစီးပွားရေးဇုန်အနေဖြင့် ရေနက်ဆိပ်ကမ်းအား အခြေပြုကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချော ထုတ်လုပ်သည့် လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တင်ဒါရွေးချယ်ခေါ်ယူရေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပြုလွှာများအား ဗဟိုလုပ်ငန်းအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ အကြံပေးအဖွဲ့ဝင်များ၊ လေ့လာစောင့်ကြည့်ရေး လူထုအခြေပြုအဖွဲ့များ၊ လူမှုစီးပွားပတ်ဝန်းကျင်ရေးရာနှင့် အင်ဂျင်နီယာပိုင်း၊ ဥပဒေပိုင်း တတ်သိနားလည် ပညာရှင် ၁၆ ဦးပါသော တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများက အထူးစီးပွားရေးဇုန်များရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောဌာန (One Stop Service Center)၏ စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures) နှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြု ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်ပြောကြားရာတွင် အထူးစီးပွားရေးဇုန်များက မိမိတို့နိုင်ငံနှင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်မြင့်မားမှုတို့အတွက် များစွာအထောက်အကူပြုနိုင်ရမည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ ပေါ်ထွန်းလာနိုင်ရေးအတွက် လူထုအားပေးထောက်ခံမှုနှင့် ပူးပေါင်းပါဝင်မှု အထူးလိုအပ်ပါကြောင်း၊ တစ်ဦးချင်းအကျိုးစီးပွား၊ ကုမ္ပဏီများ၏အကျိုးစီးပွားထက် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားပြီး စိတ်ရင်းစေတနာကောင်းဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



## အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုများတွင် ယုံကြည်စွာဆောင်ရွက်ရန် လမ်းဖွင့်ထား

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၏ ရည်ရွယ်ချက်သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေးစသည့် အတွေးအခေါ်များကို လေ့ကျင့်ပေးရန်ဖြစ်ကြောင်း၊ ကာကွယ်ရေးသက်သက်မဟုတ်ကြောင်း၊ နိုင်ငံအသီးသီးတွင်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၏ ရည်ရွယ်ချက်မှာလည်း မိမိနိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် လေ့ကျင့်ပေးသည့် ကျောင်းများဖြစ်သည်ဟု ယုံကြည်ထားပါကြောင်း၊ ကျောင်းများ၏ ရည်ရွယ်ချက်တူညီသဖြင့် အခြားနိုင်ငံများရှိ ကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ကောင်းမွန်သည့်ရလဒ်များဖြင့် ဒေသတွင်းနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာဆီယံဒေသကာကွယ်ရေးဆိုင်ရာတက္ကသိုလ်၊ ကောလိပ်အဖွဲ့အစည်းများ၏ ကျောင်းအုပ်ကြီးများ အစည်းအဝေး ($19^{th}$ ASEAN Regional Forum-Heads of Defence Universities, Colleges and Institutions Meeting-$19^{th}$ARF-HDUCIM) တက်ရောက်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးမိုးအောင်၊ $19^{th}$ ARF-HDUCIM သို့ တက်ရောက်ခဲ့ကြသည့် အိန္ဒိယ၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောလက်စ်တေ၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသတွင်းနိုင်ငံအားလုံး၏ တူညီသောရည်ရွယ်ချက်မှာ တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့ရင်ဆိုင်နေရသော ပြဿနာများကို ကျော်လွှားနိုင်ရန်ဖြစ်သည်ဟု ခံယူထားပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ ရှင်သန်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုအတွက် ကာကွယ်ပိုင်ခွင့်ရှိကြောင်း၊ သို့သော် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုရှိရန် လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို မှန်ကန်စွာ ချမှတ်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များက မှန်ကန်သည့် လမ်းကြောင်းပေါ်မှ လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်သည့် ကျောင်းများအားလုံး ပူးပေါင်းဆောင်ရွက်ရေးမှာ ကောင်းမွန်သည့် ဆွေးနွေးချက်ဖြစ်၍ ကြိုဆိုပါကြောင်း။

နေရာအသီးသီးတွင် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များ၊ လူသားများ ရင်ဆိုင်နေရသည့်ဘေးဒုက္ခများကို ကျော်လွှားနိုင်ရန် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ ပူးပေါင်းလေ့ကျင့်ခြင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများတွင် ယုံကြည်စွာဆောင်ရွက်ရန် လမ်းဖွင့်ထားပါကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်လည်း အဆိုပါလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အမြဲကြိုးစားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ Lt. Gen. Navkiran Sinch Ghei၊ ဩစတြေးလျနိုင်ငံမှ Brigadier Peter Gates၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Maj. Gen. Sajjadul Haque နှင့် ရုရှားနိုင်ငံမှ Maj.Gen.Vladimir Suvorov တို့က $19^{th}$ ARF-HDUCIM တွင် ဆွေးနွေးခဲ့မှုများနှင့် နှုတ်ခွန်းဆက်စကားများ ပြန်လည်ပြောကြားကြသည်။

**(မြဝတီ)**

## တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦးအား ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်ပြု

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စစ်ဆေးကြားနာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင် နှစ်ဦးတို့သည် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်က ပယ်ဖျက်ခဲ့သော ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်မိုင်စုစုလှိုင်နှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်က ပယ်ဖျက်ခဲ့သည့် လားဟူတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးယောသပ်တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းလာသည့် အယူခံမှုများအပေါ် ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်ဆေးကြားနာသည်။

စစ်ဆေးကြားနာရေးအဖွဲ့သည် အယူခံပုဂ္ဂိုလ် နှစ်ဦးနှင့် သက်ဆိုင်သည့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ၏ လျှောက်ထားချက်များကို ကြားနာခဲ့ပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရုံးတော်သဟာယ၏ အကြံပြုချက်နှင့်အတူ တွေ့ရှိချက်၊ သုံးသပ်ချက်တို့ကို အစီရင်ခံတင်ပြခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်စုံညီအဖွဲ့က ၎င်းတို့ နှစ်ဦးအား သက်ဆိုင်ရာတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံနိုင်ရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ AEC နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်သဖြင့် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ပယ်မဲသတ်မှတ်ခြင်း၊ မဲရလဒ်ရေးသွင်းခြင်း၊ စာရင်းဇယားများ၊ မဲလက်မှတ်များ၊ ပစ္စည်းများထုပ်ပိုးခြင်း စသည့် လုပ်ငန်းစဉ်များကို နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို သိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် မဲရုံမှူးအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပြင် မဲရုံတွင်ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင်လည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်လိုအပ်ကြောင်း။

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်ကို သိရှိပြီး မိမိလုပ်ဆောင်ရမည့်လုပ်ငန်း၏ ရည်ရွယ်ချက်ကိုလည်း သိရှိရန်လိုကြောင်း၊ ရည်ရွယ်ချက်ကိုသိမှ မိမိတာဝန်ကို တိတိကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲရုံဝင်ပေါက်တွင် မဲဆန္ဒရှင်လက်ချောင်းများအား စစ်ဆေးရာတွင် မင်တို့သည့်အခါ မင်မစွဲအောင် Coating တစ်ခုခု လုပ်ထားခြင်း ရှိ၊ မရှိကို စစ်ဆေးခြင်း၊ လက်ချောင်းတွင် မင်တို့ခြင်းသည် တစ်ဦးတည်းက နှစ်ကြိမ်မဲမပေးနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါမှ မဲပေးခွင့်ပြုမည်မဟုတ်ဘဲ မှတ်ပုံတင်သော်လည်းကောင်း၊ သက်သေအထောက်အထားတစ်ခုခုသော်လည်းကောင်း ပြသနိုင်ပါကလည်း မဲပေးခွင့်ပြုခြင်း၊ ထို့အပြင် မည်သည့် သက်သေခံကတ်မျှ မပါသော်လည်း၊ မဲစာရင်းတွင် ချွတ်ချော်မှားယွင်းမှုရှိသော်လည်း မဲဆန္ဒရှင်မှန်ကန်ကြောင်း ထောက်ခံပြောကြားသူရှိလျှင် ပုံစံ(၁၂)ဖြင့် မှတ်တမ်းပြု၍ မဲပေးခွင့်ပြုခြင်း စသည်တို့ကို သိရှိထားရန်လိုကြောင်း။

ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် စပ်လျဉ်း၍ ကြိုတင်မဲပေးသူစာရင်းများ မဲရုံတွင် ကပ်ထားရန်၊ မဲရေတွက်သည့်အခါ ကြိုတင်မဲကို ဦးစွာရေတွက်ရန်၊ မဲလက်မှတ်များအား အသိသက်သေများ၊ ကြည့်ရှုသူများကို ပြသရန်၊ မဲရလဒ်များကို မဲရုံတွင် ကပ်ထားကြေညာရန်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများကို ကြည့်ရှုလေ့လာခွင့်ပြုထားသည်ကို သိရှိပြီး လိုက်နာဆောင်ရွက်တတ်စေရန်၊ မဲပေးစဉ်ကာလတွင် လျှို့ဝှက်မဲပေးမှုကို မထိခိုက်စေရန်၊ ထိန်းသိမ်းဆောင်ရွက်ရေးစသည်တို့ကိုလည်း သင်ကြားပေးရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲနေ့တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများသည် ပညာရေးမှ ဆရာ ဆရာမများဖြစ်သည့်အတွက် ရွေးကောက်ပွဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြဲထိတွေ့ဆောင်ရွက်နေကြသူများ မဟုတ်ကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲ၌ တာဝန်ပေးမည့် ဆရာ ဆရာမများထဲတွင် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများမှ အတွေ့အကြုံရှိသူများ ပါနိုင်သကဲ့သို့ အတွေ့အကြုံမရှိသူများလည်း ပါဝင်နိုင်ကြောင်း၊ သင်တန်းပေးသည့်အခါတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးရန်လိုအပ်ကြောင်း၊ လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ၊ မရှိကိုလည်း လေ့ကျင့်ပေးရန်လိုကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ကျေကျေညက်ညက် သိရှိနားလည်ထားမှသာ လုပ်ငန်းပိုင်းတွင် တိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသာမက မဲဆန္ဒရှင်ပြည်သူများကိုလည်း အသိပညာပေးရန် လိုကြောင်း၊ သို့မှသာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း။

သင်တန်းသို့ တက်ရောက်လာကြသည့် နည်းပြလုပ်မည့်သူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ အချက်အလက်များအပေါ် သေသေချာချာ ဂဃနဏ ရှင်းရှင်းလင်းလင်း သိရှိထားမှသာ ပြန်လည်သင်ကြားပို့ချသည့်အခါ ထိထိရောက်ရောက် သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်ကြားပို့ချမှုများအပေါ် အလေးအနက်ထားသင်ယူပြီး မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးသင်ယူသွားကြရန် ပြောကြားသည်။

ယင်းနောက် Australia Election Commission မှ Ms.Robyn Whitney က သင်တန်းပို့ချရခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား စနစ်တကျနှင့် တိတိကျကျ သင်ကြားပို့ချပေးစေလိုသောဆန္ဒကို နားလည်ပါကြောင်း၊ ကော်မရှင်၏ ရည်မှန်းချက်များကို အတူတကွ အကောင်အထည်ဖော်ခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤသင်တန်းသည် ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**



## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃ရက်)

**ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသိပေးချက်ထုတ်ပြန်ခြင်း**

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာသည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁. ၇. ၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)ကို ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် နိုင်ငံရေးပါတီများအားလုံး၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို ၂၆. ၆. ၂၀၁၅ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈. ၉. ၂၀၁၅ ရက်နေ့နံနက် ၀၆:၀၀နာရီမှ ၆. ၁၁. ၂၀၁၅ရက်နေ့ ည ၁၂:၀၀နာရီအထိ) ခွင့်ပြုပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတသော၊ အေးချမ်းသာယာသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို အထက်ပါညွှန်ကြားချက်အမှတ် (၁/၂၀၁၄)သို့မဟုတ် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်နှင့်အညီလိုက်နာ၍ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေ ဘုရင့်နောင်တံတားပောင်းထိပ်တွင် စက်တင်ဘာ ၂ ရက် ည ၁၁ နာရီက ဒုစရိုက်နှိမ်နင်းရေးနှင့် အများပြည်သူလုံခြုံစိတ်ချအေးကင်းစေရေးအတွက် ဘုရင့်နောင်နယ်မြေစခန်းမှူး သန်းဝင်းနှင့်အဖွဲ့၊ သမိုင်း(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ အင်အား ၃၀ ကျော်တို့က အများပြည်သူအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်နေကြစဉ်။

ညီညီ(သမိုင်း)

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၈-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ပါရှိသော တက္ကသိုလ်ဆရာတစ်ဦး၏ "ကြိုတင်မဲ ဘယ်လိုပေးကြမလဲ" ဆောင်းပါးတွင် မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးရာ၌ ဆန္ဒပြုရာတွင် ဘောပင်ဖြင့် အမှန်ခြစ် ခြစ်၍အစား တံဆိပ်တုံးဖြင့်သာ ဆန္ဒပြုရမည်ဖြစ်ကြောင်း ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(မှတ်ချက်-ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ ဖြင့် ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"အရ ဖြစ်ပါသည်။)

**(စာရေးသူ)**

## ကူညီထောက်ပံ့မှုများ

# ထိုင်းနိုင်ငံ ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များ ကြံခင်းမြို့နယ်အတွင်း ဆေးဝါးကုသ

**ကြံခင်း စက်တင်ဘာ ၃**

မြန်မာနိုင်ငံအတွင်း ရေလွှမ်းမိုးရာဒေသများသို့ ကျန်းမာရေးလုပ်ငန်းများ ကူညီစောင့်ရှောက်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုင်းဘုရင့်တပ်မတော်မှ Major General PARINYA Khoonnasee ခေါင်းဆောင်သော ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ စက်တင်ဘာ ၂ ရက်က ရောက်ရှိလာပြီး အရိုးအကြောရောဂါ၊ ကလေးသူငယ်များနှင့် အထွေထွေရောဂါလူနာများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် ကြံခင်းမြို့နယ် တလိုင်းကွင်းအုပ်စု အောင်မြင်ကိုင်း ကျေးရွာအတွင်းရှိ အမကကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်၂၁၇လုံးအား ခြင်ဆေးဖျန်းခြင်း၊ ရေသန့်စစ်ဆေးခြင်းနှင့် ဆေးထည့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင့် တပ်မတော်မှ ဆေးဘက်ဆိုင်ရာ အဖွဲ့ဝင်များသည် ကြံခင်းပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ခွဲစိတ်လူနာ ၁၃၇ ဦး၊ ကလေးလူနာ ၆၀၊ အထွေထွေရောဂါ ၃၀၃ ဦး၊ စိတ်ရောဂါ ၁၆ ဦး စုစုပေါင်း ၅၁၆ ဦးတို့အား ဆေးကုသပေးရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် ဖွံ့/ထောက်ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကြိုဆိုကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(ဝင်းဗိုလ်)**

# ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ပစ္စည်းများဆက်သွယ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံတကာအဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ထောက်ပံ့ကူညီနိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ပြည်သူ မိသားစု ၉၀၀ သောက်သုံးနိုင်မည့် သောက်ရေသန့်ပစ္စည်း အစုံ ၉၀၀ အား လွှဲပြောင်းပေးရန်နှင့် သုံးစွဲပုံသရုပ်ပြသရန်အတွက် ကနေဒါနိုင်ငံ တိုရွန်တိုမြို့အခြေစိုက် David McAntony Gibson အောက်ရှိ Global Media မှ တာဝန်ရှိသူသုံးဦးသည် စက်တင်ဘာ ၄ ရက်မှ ၁၈ ရက်ထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ BBC BAN CHUAN SDN.BHD ကုမ္ပဏီမှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများပါဝင်သည့် စက္ကူကတ်ထူပုံး စုစုပေါင်း ၈၂ ပုံးကို မြန်မာသံရုံး ကွာလာလမ်ပူမြို့သို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**သဘာဝဘေး စုပေါင်းကာကွယ်ပေး**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်



**နေပြည်တော် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်များမှ ပေးပို့လှူဒါန်းသော ပစ္စည်းများ အနက်မှ ကျန်ပစ္စည်းများကို စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြို့ဟောင်းကုန်သွယ်လယ်ယာဂိုဒေါင်မှ မုံရွာမြို့သို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးဌာနမှ နံနက် ၁၀ နာရီခွဲတွင် မော်တော်ယာဉ် ငါးစီးဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် မော်တော်ယာဉ် ငါးစီးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် မော်တော်ယာဉ် ငါးစီးဖြင့်လည်းကောင်း ဒုတိယအကြိမ် ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်နှင့် ဖောင်းပြင်မြို့တို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရှိနေဆဲ

**နေပြည်တော် စက်တင်ဘာ ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်နှင့် ဖောင်းပြင်မြို့တို့တွင် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၏စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက် ၆၃ စင်တီမီတာ၊ ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအထက် ၆၁ စင်တီမီတာ၊ မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာအထက် ၉၅ စင်တီမီတာနှင့် ဖောင်းပြင်မြို့၏ စိုးရိမ်ရေမှတ် ၁၃၂၅ စင်တီမီတာအထက် ၆၈ စင်တီမီတာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေ ဆက်လက်ဝင်ရောက်လျက်ရှိ

**ခန္တီး စက်တင်ဘာ ၃**

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေပြီး ခန္တီးမြို့ပေါ် ရပ်ကွက်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ထောင်စုများအား ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြောင်းရွှေ့နေရာချထားပေးခြင်း၊ မြို့မရပ်ကွက် မြသိန်းတန်ကုန်းမြေရှိ ကယ်ဆယ်ရေးစခန်းသို့ ရိက္ခာဆန်အိတ်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးလုပ်ငန်းများအား ဆောင်ရွက်ပေးခြင်း၊ ရေဝင်ရောက်လာသည့် လမ်းကြောင်းများအား သဲအိတ်များ ကာရံခြင်းတို့အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ပူးပေါင်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်အတွင်းရှိ ရေလွှမ်းမိုး အိမ်ထောင်စု ၁၀၄၈ စုနှင့် လူဦးရေ ၂၀၆၄ ဦးတို့အား ကယ်ဆယ်ရေးစခန်းအသီးသီး၌ နေရာချထားပေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာနှင့် လိုအပ်သည်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ရေဝင်သည့်နေအိမ်များကို အိမ်တိုင်ရာရောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဖားကန့် စက်တင်ဘာ ၃**

စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မိုးရေချိန် ၀ ဒသမ ၃၂လက်မ ရွာသွန်းသော်လည်း ရေတက်လာခြင်းမရှိကြောင်း၊ နံနက် ၈ နာရီတွင် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် အလက (မရှိကထောင်) စာသင်ခန်းများမှ နွံများ၊ ၄က်ပျောတောလမ်းမကြီးပေါ်ရှိ နွံများဆေးကြောပေးခြင်းနှင့် ကြိုးတံတားရှိ အမှိုက်များဖယ်ရှားခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ၄က်ပျောတော၊ မရှိကထောင်၊ မြို့မ၊ အေးမြသာယာရပ်ကွက်တို့မှ ရေဝင်သည့်နေအိမ်များသို့ ထမင်းထုပ် ၂၀၀၀ နှင့် ရေသန့်ဘူးများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းများဖြင့် အိမ်တိုင်ရာရောက် ဝေငှခဲ့သည်။

ဖားကန့်မြို့နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ရေကြီးမှုနှင့် ပတ်သက်၍ လိုအပ်သောထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် ငွေကျပ် သိန်း ၁၀၀ လှူဒါန်းခဲ့ပြီး ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၀ သိန်းနှင့် နေ့လယ်စာထမင်းထုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ညနေ ၄နာရီတွင် ၄က်ပျောတော၊ မရှိကထောင်၊ မြို့မ၊ အေးမြသာယာရပ်ကွက်တို့မှ ရေဝင်သည့် နေအိမ်များသို့ ထမင်းထုပ် ၂၀၀၀ ထုပ်နှင့် ရေသန့်ဘူးများကို သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းများက အိမ်တိုင်ရာရောက် ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဖားကန့် (ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**ကျောင်းကုန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရန်ကုန်မြို့ အနာဂတ်အတွက်လူငယ်များအဖွဲ့က လှေကွဲလဟာ ကျေးရွာအုပ်စု အညာတန်းကျေးရွာသို့ စက်တင်ဘာ ၃ ရက်က ရေသန့်ဘူး ခြောက်လုံးကတ် ၃၀၀၊ အဝတ်အထည် ၂၅အိတ်၊ စားသောက်ကုန်နှင့် ဆေးဝါး ၇၅ ထုပ်တို့အား သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဧရာဝတီမြစ်ရေ ပြန်လည်မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်

**ညောင်တုန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ၂၃ ဒသမ ၀၅ ပေသို့ ရောက်ရှိနေပြီး ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်သို့ ပြန်လည်ရောက်ရှိနေသည်။ အဆိုပါ ဧရာဝတီမြစ်ရေသည် ဒုတိယအကြိမ်မြောက် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိနေသဖြင့် ဒေသခံများက စိုးရိမ်လျက်ရှိနေကြောင်း သိရသည်။ "အခုလိုရေတက်ကြမ်းပုံမျိုးနဲ့ဆိုရင် အရင်ပထမအကြိမ်ရေကြီးမှုမျိုးနဲ့ ကြုံနိုင်တယ်"ဟု ရန်ကင်းစံရာကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ထို့ပြင် ဧရာဝတီမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဆက်လက်မြင့်တက်ဖွယ်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်သို့ ဆက်လက်တည်ရှိနေနိုင်ကြောင်း ခန့်မှန်းထားသည်။ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ်လအတွင်းက မြို့ပတ်ဝန်းကျင်ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခဲ့ပြီး ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုးဧက ၉၉၈၈ ဧက ရေလွှမ်းမိုးခံရကာ စာသင်ကျောင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်း ရေနစ်မြုပ်ခဲ့သည်။ ထို့ပြင် အိမ်ထောင်စုပေါင်း ၁၀၆၇၄ စုနှင့် ရေဘေးသင့်လူဦးရေ ၄၆၇၀၃ ဦးရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

ပြန်လည်ထူထောင်ရေး

# သဖန်းအိုင်ကျေးရွာ ပြန်လည်ထူထောင်နိုင်ရန် နုန်းမြေများရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်စံပြကျေးရွာ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းတွင်နေထိုင်သည့် သဖန်းအိုင်ကျေးရွာမှ ရေဘေးသင့်ပြည်သူများ မိမိနေရပ်သို့ ပြန်လည်နေထိုင်နိုင်ရန်အတွက် ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် အေဒင်အုပ်စုတို့ပူးပေါင်းပြီး သဖန်းအိုင်ကျေးရွာ ရွာလယ်လမ်းမကြီးတစ်လျှောက် နုန်းမြေများရှင်းလင်းရေးလုပ်ငန်းနှင့် ရေမြောင်းတူးဖော်ရေးလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။


ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အငယ်တန်း အင်ဂျင်နီယာ-၂ ကိုအောင်နိုင်ဝင်းက "ရွာတွင်းလမ်းကောင်းမွန်ရေးအတွက် တာဝန်ယူထားတာဖြစ်ပါတယ်။ ဒီကျေးရွာအတွက် ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျေးရွာချင်းဆက်လမ်းဖြစ်တဲ့ ကျောင်းတိုက်-ဆည်တော်ဦးကတော့ လမ်းအူကြောင်းတစ်လျှောက် အဓိကလမ်းတစ်လမ်းဖြစ်တော့ ဒီလမ်းတစ်လျှောက်မှာရှိတဲ့ ရွှံ့တွေညွန်တွေ ပြောင်အောင် အရင်ဆုံး ဘက်ဟိုးတွေရယ် ထွန်စက်ငါးစီးနဲ့ အရင်သန့်ရှင်းအောင် လုပ်သွားမှာဖြစ်ပါတယ်။ ဒါတွေသန့်ရှင်းသွားပြီးရင် လမ်းရေစီးမြောင်း ကောင်းအောင်လုပ်ရမှာပါ။ ဒါမှလမ်းက မပျက်စီးဘဲ ကြာရှည်တည်မြဲနိုင်မှာဖြစ်ပါတယ်။ အဓိကကတော့ ညွန်တွေပေ့ါဗျာ။ ညွန်တွေကို အရင်ရှင်းပြီး ရေစီးရေလာကောင်းအောင်လုပ်ပြီးတော့မှ လမ်းအမာခံရအောင် ဆောင်ရွက်မယ်။ အိမ်တွေထဲကညွန်တွေကို လုပ်ပေးဖို့တော့ရှိပါတယ်။ ပထမဆုံးဦးစားပေးအနေနဲ့ လမ်းပန်းဆက်သွယ်ရေး၊ နောက်စာသင်ကျောင်း၊ ဘာသာရေး အဆောက်အအုံတွေ နောက်မှ လူနေအိမ်တွေဆိုပြီး အဆင့်ဆင့်လုပ်ပေးသွားမှာပါ။ တစ်လကျော်ကျော်လောက်ဆို ရွာသူရွာသားတွေပြန်နေထိုင်လို့ အဆင်ပြေသွားမယ်ထင်ပါတယ်"ဟု ပြောသည်။

ကျောင်းတိုက်စံပြကျေးရွာ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းမှ သဖန်းအိုင်ရွာသူ မခင်သီတာဝင်းက "ဒီနှစ်က အဆိုးဆုံးပဲ။ သဖန်းအိုင်မှာက ရေလည်းကြီးပြီးရော အိမ်တွေပြိုတာတွေရှိတယ်။ ညွန်တွေကျန်ခဲ့တယ်။ အိမ်အလုံး ၃၀ ကျော် ၄၀ ပြိုတယ်။ အိမ်ခေါင်မိုးတွေက အောက်ကိုဇောက်ထိုးဖြစ်ပြီး အိမ်တိုင်တွေက အပေါ်ကိုထောင်လို့ အိမ်တွေပျက်စီးကြတယ်။ ရေကျသွားတော့ ညွန်ပြင်တွေကျန်ခဲ့တယ်။ ပေါင်လည်ထိမြုပ်တယ်။ ရွှံ့စေးတွေ ဒိုက်ပုပ်တွေအနံ့ရတယ်။ ရေအခြေအနေက မတက်ပေမယ့် ညွန်တွေက ပေါင်လယ်လောက်ထိရှိတယ်။ မြောင်းဖောက်ပေးလို့ရှိရင် မိုးရွာလို့ မိုးရေတွေနဲ့အတူ ညွန်တွေပျော်ပါသွားရင် ကောင်းသွားမှာပါ။ အခုကတော့



ကလေးမြို့ သဖန်းအိုင်ကျေးရွာတွင် နုန်းမြေများ ရှင်းလင်းနေစဉ်။

သွားလို့လာ လို့မရဘူး။ အခု အိမ်ပြန်လို့ရှိရင် ရေကဆေးစရာမရှိ။ ညွန်ကျွံရင်တောင်မှ ခြေထောက်ပါနွံပြီး ထုတ်ရတာ။အိမ်ပေါ်မှာလည်း ရွှံ့တွေနဲ့လေ။ သွားလို့လာလို့ရရင် အိမ်ပြန်မယ်။ ကိုယ့်အိမ်ကိုယ်ရာမှာ အမြန်ပြန်နေချင်တယ်"ဟု ပြောသည်။




ကလေးမြို့ သဖန်းအိုင်ကျေးရွာတွင် နုန်းမြေများ ရှင်းလင်းနေစဉ်။

သဖန်းအိုင်ကျေးရွာ ပြန်လည်ထူထောင်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် အဓိကထားလုပ်ဆောင်ရမည့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ကျောင်းတိုက်-ဆည်တော်ဦးလမ်းမှာ အရှည်အားဖြင့် နှစ်မိုင် နှစ်ဖာလုံခန့်ရှည်လျားပြီး ကျေးရွာအတွင်း နုန်းမြေများ ရှင်းလင်းရန်နှင့် ရေစီးရေလာကောင်းမွန်မှုရှိစေရန် ရေမြောင်းများကို ဘက်ဟိုးလတ် နှစ်စီး၊ ထွန်စက်လေးစီး၊ တစ်ပါကား ငါးစီးတို့ဖြင့် ရှင်းလင်းဆောင်ရွက်နေရာအချိန်အားဖြင့် တစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"အေဒင်အုပ်စုက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်ချင်ပါတယ်ဆိုပြီး လာပြီးညှိနှိုင်းလို့ လုပ်ချင်တဲ့ အဖွဲ့အစည်းနဲ့သက်ဆိုင်ရာ ဆည်မြောင်းဦးစီး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နဲ့ ပေါင်းစပ်ပြီး ယန္တရားတွေခွဲပြီးတော့ စီမံခန့်ခွဲပြီးပြန်လုပ်ပေးပါတယ်။ အဲဒီထဲမှာ သဖန်းအိုင်ကတော့ အခုထိနုန်းတွေရှင်းဖို့ခက်နေလို့ ရွာသူရွာသားတွေပြန်ဖို့ခက်နေတဲ့အတွက် အဲဒီရွာကို အဓိကထား လုပ်ဆောင်နေပါတယ်။ ဒီရွာကိုတော့ မြို့နယ်စည်ပင်နဲ့ အေဒင်အုပ်စုတို့က လုပ်ဆောင်နေတာပါ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက ပြောသည်။

သဖန်းအိုင်ရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး အိမ်ထောင်စု ၂၁၈ ခုနှင့် လူဦးရေ ၉၇၇ ဦးရှိကြောင်း သိရသည်။ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် သဖန်းအိုင်ရွာတွင် ရေများပြန်ကျသွားခဲ့သော်လည်း နုန်းမြေများသည် အမြင့်ပေအားဖြင့် သုံးပေမှ လေးပေအထိ တင်ကျန်ရစ်ခဲ့သည့်အတွက် ရေဘေးသင့်ကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရသည့် ရွာသူရွာသားများအနေဖြင့် မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ရန် လွန်စွာအခက်အခဲရှိနေကြောင်း သိရသည်။

**(သီသီမင်း)**

# ဟုမ္မလင်းမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့ရသော ဒေသခံပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိ

**ခန္တီး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၃ရက်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်လာပြီး ဟုမ္မလင်းမြို့နယ် ကောယားကျေးရွာအုပ်စု မြေနိမ့်ပိုင်းတွင် ရေဝင်ရောက်မှုကြောင့် ကောယားကျေးရွာမှ အိမ်ထောင်စု ၄၂ စုအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ခေါ်ကြူဝကျေးရွာမှ အိမ်ထောင်စု ၃၀ ကို ရွာဦးဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ သောင်သွပ်ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ငါးစုမှာ ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းသို့လည်းကောင်း၊ နန်းသညစ်ကျေးရွာတွင် ရေဝင်ရောက်မှုကြောင့် လူများ ရွှေ့ပြောင်းရခြင်းမရှိသော်လည်း ကျွဲ၊ နွားများအား နောင်ကင်းနားကျေးရွာအုပ်စုသို့ ပြောင်းရွှေ့ပေးခြင်း၊ လောင်မင်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာရှိ အိမ်ထောင်စု ၄၉ စုအား ရွှေလောင်းဘုရားရှိ ဇရပ်နှင့် (အမက)ကျောင်းသို့လည်းကောင်း၊ ဟုမ္မလင်းရပ်ကွက်မှ အိမ်ထောင်စုနှစ်စုအား မြို့မကျောင်းတွင်လည်းကောင်း၊ ညောင်ပင်သာကျေးရွာ အုပ်စုအတွင်းမှ အိမ်ထောင်စု ၂၀ အား ညောင်ပင်သာဘုန်းတော်ကြီးနှင့် (အမက)ကျောင်းများတွင်လည်းကောင်း၊ ယက်ဖကျေးရွာအုပ်စုမှ အိမ်ထောင်စု ၂၅ စုအား စာသင်ကျောင်းသို့ လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် လူ၊ တိရစ္ဆာန်၊ ပစ္စည်းများ ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



ကလေးမြို့ အေးသာယာရွာ ရွာသစ်ဖော်ထုတ်ရန်အတွက် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (ဂျိုးနက်)



ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ရွှံ့ညွန်ဖယ်ရှားကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွေ့ရစဉ်။ (ဂျိုးနက်)

ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ MPT မိုဘိုင်းဖုန်းသုံးစွဲသူ ရဟန်းရှင်လူ မိဘပြည်သူများက SMS ဖြင့် ပေးပို့သည့် အလှူငွေကျပ် ၂၉၆၅၃၀၅၀၀၊ Plan International Myanmar က ငွေကျပ် ၂၀၀၀၀၀၀ နှင့် Capital Life Insurance Co., Ltd. က ငွေကျပ် ၁၀၀၀၀၀၀၊ Taiyo Life Insurance Co., Ltd. က ငွေကျပ် ၁၀၀၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်အလှူငွေစာရင်း အမှတ် (OA-011834)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ခြင်းအပါအဝင် စုစုပေါင်း မြန်မာငွေကျပ် ၃၀၉၅၃၀၅၀၀ ကို လာရောက်လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စက်တင်ဘာ ၃ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး (RCC)၌ ငွေကျပ် ၁၅၄၀၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ကျပ် ၃၀၉၂၉၅၅၇၄၃၊ အမေရိကန်ဒေါ်လာ ၁၂၅၉၀၈၂ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၁၃၆၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ (၃) ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၉၉၂ | ၃၀၃၄၈ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၆၆၃ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၉၁၁၇ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၄၀၈ | ၅၈၉၃၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၇၇၈၁၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၃၀၃၁ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၈၂၇၉ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၇၄၁၂ | ၂၅၁၆၉၉ | ၂၀၉၈၉၈ | ၁၄၉၂၀ |
| | **စုစုပေါင်း** | **၁၄၅၆၆၀၃** | **၁၃၈၃၅၉၄** | **၁၁၀၉၈၈၆** | **၈၄၂၆၁၀** | **၃၉၆၃၄၂** |

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၃**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် တောင်ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် Mineral Water(ရေသန့်) စုစုပေါင်း ကုန်တန်ချိန် ၁၉၁၉ Kg အား ကိုရီးယားလေကြောင်းလိုင်းဖြင့် ပို့ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် လူဦးရေ လေးဦးမှ ခုနစ်ဦးအထိ နေထိုင်နိုင်သော အလျား ၁၂ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၇ ပေရှိ ယာယီမိုးကာတဲ နမူနာထိုးထားသည်ကို တွေ့ရစဉ်။ (ဇိုဟေဆာ)



ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနေ ဒေါ်ဝင်းကြည်က Win Educational ၏ စတုတ္ထတန်းမှ ဒသမတန်းအထိ သင်္ချာ၊ အင်္ဂလိပ် သင်ရိုးကုန် အဖြေစုံနှင့် အနီးကပ်လေ့လာစာအုပ်များကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၁၀၀၀ အတွက် လာရောက်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိုက် လက်ခံစဉ်။ (ကြေးမုံ)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၈၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၄၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၃၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၀. ၈၅' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၃၀' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၉၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၂၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၉၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၅။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၁၆။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၃၀' |
| ၁၇။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၄၈' |
| ၁၈။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၁၉။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၀။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၅၀' |
| ၂၁။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၁၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၇၀' |
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၄၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၃၀' |
| ၂၅။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၁၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၃၀' |
| ၂၇။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၂. ၁၀' |
| ၂၈။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၂၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၅' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၀' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၆၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်အထိ ထောက်ပံ့မှုအခြေအနေ ဇယားချုပ်(၃-၉-၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၅၄၄၈ စုမှ လူဦးရေ ၁၆၂၃၁၄၃ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၉၄၁၇၉၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၂၅၀၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၈၀၀၀၀၀ နှင့် ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၆၈၄၀၉၆၉၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၉၉၆၀၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | - | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ စက်တင်ဘာလ (၃)ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၂၃ | ၈၂၀၂ | ၃၉၃၆၄၃ | ၂၄ | ၃၃၈၂၃၃၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၂၀၀၀၀၀၀ | - | ၁၁၇၅၈၄၁၀၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၁၂၉၅၅၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | - | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၈၈၇ | ၄၂၆၉ | ၂၁၆၁၈ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၃၄၄၇ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၂၈၁၈၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၀၈ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၄၁၁၀ | ၃၁၅၄၀၀ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅၁ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၂၀၈၂၆ | ၄၀၂၀၇၁ | ၁၆၀၈၂၃၂ | ၁၁၅ | ၈၅၈၇၀၅၅၀ | ၁၂၉၃၆၄၅၀ | ၈၇၇၄၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၁၀၁၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၈၀၄၃၇၃၉၈၀ | |
| | ဇွန်လနှင့် ဇူလိုင်လ၊ဩဂုတ် စုစုပေါင်း | ၂၁၂၃၁ | ၄၀၄၂၁၇ | ၁၆၂၃၁၄၃ | ၁၂၂ | ၈၉၄၁၇၉၀၀ | ၁၆၇၂၉၂၃၀ | ၁၂၅၀၄၀၀၀၀ | ၃၃၃၁၁၇၂၉၀ | ၁၀၈၀၀၀၀၀ | ၂၉၃၃၁၅၂၇၀ | ၈၆၈၄၀၉၆၉၀ | |

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃**

ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းမှုများပြုလုပ်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးစင်တာသို့ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း နှင့် လွှတ်တော်ကိုယ်စားလှယ်များက အလှူငွေကျပ် ၁၇၂၀၀၀၀ ကို လာရောက်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် အဆောက်အအုံတည်ဆောက်ရေးအထူးအဖွဲ့(၂) ဝန်ထမ်းမိသားစုများက ငွေကျပ်တစ်သိန်း၊ မြောက်ဒဂုံမြို့နယ် အောင်သိပ္ပံလမ်းနေ ဦးမင်းညွန့်က အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၆/၀၉) ဗလတပ်ခွဲသင်တန်းဆင်းအရာရှိများက ငွေကျပ် ကိုးသိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယနေ့အထိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၄၅၃၂၁၁၇၀၀ နှင့်နိုင်ငံခြားငွေ ရင်းဂစ် ၂၀၀၀၊ အမေရိကန်ဒေါ်လာ ၇၀၀၄၈၊ ထိုင်းဘတ် ၁၁၃၉၅၅ နှင့် ဆန်၊ ရေသန့်၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် ပစ္စည်းမျိုးစုံ စုစုပေါင်း တန်ချိန် ၃၉၀ ခန့် လက်ခံရရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၆ ပေခန့်၊ ဟုမ္မလင်းမြို့တွင် ၄ ပေခန့်၊ ဖောင်းပြင်မြို့တွင် ၁ ပေခန့်နှင့် မော်လိုက်မြို့တွင် ၂ ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ခန္တီးမြို့တွင် ၂ ပေခန့်၊ ဟုမ္မလင်းမြို့တွင် ၃ ပေခန့် ဖောင်းပြင်မြို့တွင် ၄ ပေခန့်နှင့် မော်လိုက်မြို့တွင် ၅ ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်းသိရသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နယ်တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်းသိရသည်။

## လားရှိုးမြို့ ရပ်ကွက်(၁) မန္တလေးလမ်းရှိ ဆိုင်ခန်းမီးလောင်

**နေပြည်တော် စက်တင်ဘာ ၃**

လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ (၁၆) မန္တလေးလမ်းရှိ ဒေါ်ရွှေမြ(ခ) ဒေါ်ပလောင်၏ ဆိုင်ခန်းအမှတ်(၄၆) ပေ (၂၀×၁၀)နံကပ်၊ သွပ်မိုးအခန်း၏ ထပ်ခိုးရှိ ဘုရားကျောင်းဆောင်တွင် ဖယောင်းတိုင်မီးပူဇော်ရာမှ ယနေ့ နံနက် ၉ နာရီတွင် မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ပေ (၂၀× ၁၀)ထပ်ခိုးကြမ်းခင်းအပါအဝင် ဆိုင်ခန်းအတွင်းရှိ ပစ္စည်းများ၊ ဆိုင်ခန်းအမှတ်(၄၅) ပလတ်စတစ်ပိုက်အရောင်းဆိုင် အပေါ်ထပ်ရှိ ပစ္စည်းအနည်းငယ် စုစုပေါင်း တန်ဖိုးငွေကျပ်နှစ်သိန်းခွဲခန့် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်လေးစီး၊ စက်ယာဉ်တစ်စီး၊ အမြန်မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ၁၁ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေနစ်မြုပ် ကလေးဒေသတွင် မိုးစပါးနှင့် သီးနှံစိုက်ခင်းများ၌ ပိုးမွှားရောဂါကျရောက်မှုနှင့် မြေနမူနာစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်

**ကလေး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ စီမံကွပ်ကဲမှုနှင့် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၏ အစီအစဉ်ဖြင့် ကလေးခရိုင်တွင် ဇူလိုင်နောက်ဆုံးပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးအပါအဝင် အခြားသီးနှံစုစုပေါင်း ၃၉၈၀၉ ဧက ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရာ စိုက်ပျိုးရေးဝန်ထမ်းများက မိုးစပါးနှင့် သီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှုနှင့် မြေနမူနာစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးပြန်လည်စိုက်ခင်း၊ ပုံမှန်စိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု၊ ကြွက်ရောဂါကျရောက်မှုအခြေအနေများကိုကြိုတင်ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် တောင်သူနှင့်ထိတွေ့ ကွင်းဆင်းစစ်ဆေးခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်က ကလေးမြို့နယ် ချင်းဆိုင်နှင့် ထိုမာကျေးရွာများသို့ လည်းကောင်း၊ ဩဂုတ် ၃၁ ရက်က ကျောင်းတိုက်နှင့် ဆည်တော်ဦးကျေးရွာများသို့ လည်းကောင်း တိုင်းဒေသကြီးဦးစီးမှူးကြီးကြပ်၍ ရုံးချုပ်၊ တိုင်း၊ ခရိုင်မှ သီးနှံကာကွယ်ရေးအဖွဲ့နှင့် မြေအသုံးချရေးအဖွဲ့များက တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကွင်းထဲအရောက်သွား၍ တောင်သူနှင့်အတူ ပိုးမွှားကျရောက်မှု၊ ကြွက်ကျရောက်မှု၊ ကင်းထောက်မှတ်တမ်းများ ကောက်ယူခြင်း၊ မြေနမူနာယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ဒေသခံဝန်ထမ်းများနှင့် အခြားမြို့နယ်များမှ လာရောက်သော ဝန်ထမ်းအင်အား ၃၃ ဦးတို့ဖြင့်လည်း အခြားကျေးရွာများရှိ သီးနှံစိုက်ခင်းများတွင် တောင်သူတို့၏ အခက်အခဲများကူညီပေးရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

**✳အရှေ့အနောက်မှ**

မွန်ပြည်နယ်မှ ကရင်ပြည်နယ်သို့ ခွဲထွက်သောချောင်းမှတစ်ဆင့် မြောက်ဘက်ခွဲထွက်၍ သိမ်ဇရပ် ကျိုက်ကော်ဘက်ခြမ်းသို့ ထွက်သွားကာ မော်လမြိုင် ရန်ကုန်သို့ ဖြတ်သန်းသွားမည့်အရှေ့အနောက်စကြံအာရှကုန်သွယ်ရေး ပိုးလမ်းမကြီး တစ်စိတ်တစ်ပိုင်းအတွက် အထောက်အကူပြုလျက်ရှိသော လမ်းမကြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းလျာထားချက်များ အကောင်အထည်ဖော်သည်နှင့် အမျှ အာဆီယံဒေသတွင်းနိုင်ငံများမှာ ကုန်သွယ်မှုပမာဏမြင့်တက်လာမည်ဖြစ်ကာ လူအရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာ၍ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိကြကာ လူနေမှုအဆင့်အတန်း၊ လူမှုစီးပွားမြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ဇီဝိတဒါနသံဃာ့ဆေးရုံတွင် လူပုဂ္ဂိုလ်များအား တီဘီရောဂါ အခမဲ့စမ်းသပ်ကုသပေးမည်

**ရန်ကုန် စက်တင်ဘာ ၃**

ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်)သည် မြန်မာနိုင်ငံဆရာဝန်များအသင်း၏ PPM-TB Project နှင့် ပူးပေါင်း၍ တီဘီရောဂါခံစားနေရသူများကို စက်တင်ဘာ ၂ ရက်မှစ၍ အခမဲ့စမ်းသပ်ကုသပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်သည် ပြင်ပလူနာ လူပုဂ္ဂိုလ်များအတွက်ဖြစ်ပြီး လူမျိုးမရွေး၊ အဆင့်အတန်းမရွေး အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လူနာများကို လက်ခံစမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# တည်ကြည်ဖြောင့်မတ်သော တရားသူကြီး

ဦးဟန်ညွန့်(ဥပဒေ)

**ထပ်တလဲလဲ**

ဥပဒေပါမောက္ခ ဒေါက်တာတင်အောင်အေး ရေးသားပြုစုသော "ပညာခရီးသည်နှင့် သုတမွန်စာတမ်းများ"စာအုပ် ပြန်ဖတ်ကြည့်မိရာ တည်ကြည်ဖြောင့်မတ်သော တရားသူကြီးများအကြောင်း သတိရသည်။ "ဂါရဝပြုသည်" လူငယ်တရားသူကြီးများ၊ ဥပဒေပညာလေ့လာသူများကိုပါ လက်ဆင့်ကမ်းချင်သည်။ သိပြီးသားတွေ၊ ဖတ်ပြီးသားတွေ ဖြစ်ကြမှာပါ။

သို့သော် နှစ်ထပ်ရှိမှ မှတ်မိဆိုသလို ထပ်တလဲလဲဖတ်မှတ်၊ သိစေလိုသော စေတနာပါ။ ရှေ့ဆက်ရမည့် ခရီးကိုပါ ညွှန်ပြပေးချင်သေးသည်ပါ။

**မများသောရှေ့နေ**

"မများသောရှေ့နေဖြစ်ဖို့ မကြိုးပမ်းသင့်ဘူးလား"ဟု ပြီးခဲ့သည့်အပတ်က ကြေးမုံတွင်ရေးလည်းရေး၊ မေးလည်းမေးခဲ့သည်။ လူငယ်ရှေ့နေအတော်များများ တုံ့ပြန်စာရေးကြသည်။ လူငယ်တွေကို သင်ကြားပေးမည့်သူ အတွေ့အကြုံများသော ရှေ့နေအိုကြီးတွေ ရှားပါးကုန်ပြီဟု ညည်းတွားသူများရှိသည်။

မှန်သည် "အလုပ်သင်ရှေ့နေဘဝမှာ ပြည့်ပြည့်စုံစုံ မလေ့လာနိုင်" ရှားပါးသော ဥပဒေစာအုပ် စုံအောင်မဖတ်နိုင်၊ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စီရင်ထုံးများကို ရှောင်ကြသည်။ အချိန်ကုန်ပြီး ဆိုင်းဘုတ်ချိတ်နိုင်ရုံရှေ့နေဖြစ်လာကြသည်။ ပေါက်ရောက်အောင်မြင်သော ရှေ့နေဖြစ်ဖို့ အတော်ကြိုးစားရဦးမည်။

ယနေ့လို ခေတ်မီတိုးတက်သောကမ္ဘာကြီးတွင် နိုင်ငံတကာအဆင့်မီအောင် ဥပဒေပညာရှင် ရှေ့နေရှေ့ရပ်များဖြစ်လာအောင်"တကယ်အလုပ်လုပ်ကြပါမည်"ဟု ကတိပေးသော လူငယ်ဥပဒေပညာရှင်များလည်း တွေ့ရသည်။ အားတက်ဖွယ်"ပတ်ဝန်းကျင်ကောင်း၊ အထောက်အပံ့ကောင်းဖြစ်အောင် လူငယ်တွေကို မြေတောင်မြှောက်နိုင်အောင် တာဝန်ရှိသူအပေါင်းက ဝိုင်းလုပ်ကြဖို့လည်း အရေးကြီးသေးသည်။" ဤအချက်ကို မေ့နေကြသလားမသိ။ သတိ။

**တရားသူကြီး**

ရှေ့နေရှေ့ရပ်အလုပ်ထက် တရားသူကြီးအလုပ်က ပို၍ သိမ်မွေ့သည်။ စာတွေ ပို၍ဖတ်ရသည်။ နှစ်ဖက်ရှေ့နေတွေ လျှောက်လဲချက်ပေးကြသည်။ ဘယ်ရှေ့နေပြောတာ အမှန်လဲ။ ဘယ်စီရင်ထုံး အတည်ယူမည်လဲ။ တရားသူကြီးက ဆုံးဖြတ်ရမည့်သူ မဟုတ်လား။ တရားသူကြီး ကိုယ်တိုင်က စာဖတ်မထား၊ လေ့လာအားမကောင်း၊ ဒီဘက်ရှေ့နေပြောတာလည်း မှန်၏။ ဟိုဘက်ရှေ့နေလျှောက်လဲတာလည်း ဟုတ်တာပဲ၊ ဘယ်လိုဆုံးဖြတ်ရမလဲ၊ ဝေခွဲမရ၊ အမှန် အမှား ကွဲကွဲပြားပြား သုံးသပ်တတ်ရမည်၊ ဆုံးဖြတ်တတ်ရမည်၊ ရာဇသတ်၊ ဓမ္မသတ်၊ မြင့်မြတ်သီလ၊ ကြည်မြစွာ၊ ပီသစွာ အဖြေရှာတတ်ရမည်။ သို့မှလည်း တည်ကြည်ဖြောင့်မတ်သော တရားသူကြီးဖြစ်သတည်း။ ဤမူသဘော အကျဉ်းမျှနှင့်ပင် "လူငယ်တရားသူကြီးပေါက်စများ" သဘောပေါက်တန်ရာသည်။ အရိပ်ပြအကောင်ထင်မည်။

**တရားသူကြီးနှင့်ရှေ့နေ**

တရားသူကြီးနှင့်ရှေ့နေ (BENH AND BAR) အပြန်အလှန်လေးစားရမည်။ တက္ကသိုလ်မှ ဥပဒေပညာ သင်ယူစဉ်က သူငယ်ချင်းများဖြစ်သော်လည်း ကျောင်းပြီးသောအခါ သူက တရားသူကြီး၊ ကိုယ်က ရှေ့နေ "ပြင်ပမှာ သူငယ်ချင်း မိတ်ဆွေရင်း" တရားခွင်မှာလေးစားခြင်း အခြေခံသော တရားသူကြီးနှင့်ရှေ့နေ "ဤဥပမာကိုကြည့်၍ သူငယ်ချင်းဖြစ်သော်ငြား မလေးမခန့်မပြုအပ်" အပြန်အလှန်လေးစားမှု၊ ဂရုပြုရမည်။ သူငယ်ချင်းဖြစ်ခြင်းကြောင့်လည်း အခွင့်အရေးမယူအပ်၊ သူငယ်ချင်းက သူငယ်ချင်း၊ ဥပဒေက ဥပဒေ သူ့စည်းကိုယ့်စည်း၊ ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာဖြစ်သည်။ တက္ကသိုလ်မှပြည်သူ့ရင်ခွင်သို့ . . ။

**သမိုင်း**

"မြန်မာနိုင်ငံ တရားရုံးတရားသူကြီးများနှင့် တရားစီရင်ရေးသမိုင်း လေ့လာရှုမြင်ခြင်း" စာတမ်းကို ဆရာကြီးဒေါက်တာတင်အောင်အေး ရေးထားသည်။ လူငယ်ဥပဒေပညာရှင်များ ဖတ်သင့်သည်။ မှတ်သင့်သည်။ သမိုင်းသိမှ အလုပ်သိမည်။ နောက်ခံရာဇဝင် စာတင်ထားသည်ကို မမေ့သင့်။ တရားဥပဒေဆိုတာဘာလဲ။ တရားရုံးဆိုတာဘာလဲ။ တရားသူကြီးဆိုတာဘာလဲ။ တရားစီရင်ရေးဆိုတာဘာလဲ။ မြန်မာဘုရင်ခေတ်က အခွင့်အာဏာမည်သို့ ရှိသလဲ။ မြန်မာ့တရားဥပဒေဓမ္မသတ်၏ အခန်းကဏ္ဍက မည်သို့လဲ။ မြန်မာ့တရားသူကြီးဂုဏ်အင်္ဂါနှင့် ကျင့်ဝတ်များကား အဘယ်နည်း။ "သက်သေနှင့် ရှေ့နေ၊ အုပ်ချုပ်ရေးကဏ္ဍ၊ ကိုလိုနီဘဝက မည်သို့မည်ပုံဆောင်ရွက်ပုံ၊ တရားရုံးချုပ်ကို မည်သည့်ခေတ်က ပေါ်ခဲ့သလဲ၊ တရားလွှတ်တော်တရားဝန်ကြီးတွေက ဘယ်သူလဲ" ထိုခေတ်က တရားဥပဒေ၊ ခေတ်စနစ် အဆင့်ဆင့် ပြောင်းလဲလာပုံ၊ တရားစီရင်ရေးအာဏာခွဲဝေပုံ၊ တရားလွှတ်တော်အဆင့်ဆင့်၊ တရားဝန်ကြီးချုပ်အဆင့်ဆင့်၊ ပြည်သူ့တရားစီရင်ရေးခေတ်" နိုင်ငံတော်တရားသူကြီးချုပ်များ ခန့်ထားခြင်းစသည် စသည်ဖြင့် ဖတ်စရာ၊ မှတ်စရာ သမိုင်းအဖြာဖြာ၊ ခေတ်စနစ်၊ သင်ခန်းစာ၊ လေ့လာ၊ အဖြေရှာ၊ မှတ်စုပြု သင့်သည်။

**တရားသူကြီး ဂုဏ်အင်္ဂါရှစ်ပါး**

"မနု ဓမ္မသတ်"တွင် တရားသူကြီးဂုဏ်အင်္ဂါရှစ်ပါးအကြောင်းဖော်ပြသည်။ ရှုပါ။

(၁) အမျိုးကောင်းသည်။
(၂) သီလရှိသည်။
(၃) တရားသူကြီးဖြစ်ထိုက်သော ဂုဏ်ရှိသည်။
(၄) မှန်သောစကားရှိသည်။
(၅) ဓမ္မသတ်ကျမ်းဂန်လဲလျောင်းရာရှိသည်။
(၆) ဌာနာ ဌာန ကောသလ္လပညာရှိသည်။
(၇) ချစ်ဖွယ်သောစကားကို ဆိုတတ်သည်။
(၈) ဓမ္မသတ် ရာဇသတ် ဖြတ်ထုံးဖြတ်ပုံတို့၌ လိမ္မာသည်။

**ဥပဒေစာအုပ် ၁၂ အုပ်**

တရားသူကြီးဖြစ်ချင်သော လူငယ်ဥပဒေကျောင်းသားများသည် (အနည်းဆုံးတော့)အောက်ပါ ဥပဒေစာအုပ်အမြဲဆောင်ထားဖို့ မှာချင်သည်။ ၁၂ အုပ်ရှိသည်။

(၁) ရာဇသတ်ကြီး
(၂) သက်သေခံအက်ဥပဒေ
(၃) ပဋိညာဉ်အက်ဥပဒေ
(၄) ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ
(၅) ရုံးခွန်အက်ဥပဒေ
(၆) သီးခြားသက်သာခွင့်အက်ဥပဒေ
(၇) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
(၈) တရားမကျင့်ထုံးဥပဒေ
(၉) အမှုတန်ဖိုးဖြတ်အက်ဥပဒေ
(၁၀) မှတ်ပုံတင်အက်ဥပဒေ
(၁၁) ကာလစည်းကမ်းသတ်အက်ဥပဒေ
(၁၂) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

ဤမျှသော ၁၂ အုပ်ဖြင့် ပြည့်စုံပြီလား မမေးနှင့်။ ပြည့်စုံပြီ၊ အလုံးစုံတတ်မြောက်ပြီဆိုသည် ဘယ်သောအခါမှမရှိနိုင်။ တစ်သက်လုံး လေ့လာဖတ်ရှုစရာတွေ၊ မှတ်သားစရာတွေ၊ အပြောင်းအလဲတွေ၊ ပြင်ဆင်ချက်တွေ၊ နုတ်ပယ်ချက်တွေ၊ အစားထိုးချက်တွေ၊ ရုပ်သိမ်းချက်တွေ၊ ဖတ်လေ၊ မှတ်လေ၊ တိုးတက်လေ။ တရားခွင်မှာ တိုးတက်သစ်လွင်သော (ယနေ့တိုင်) တရားဥပဒေ၏ စွမ်းအင်များ ထွန်းကားနိုင်ကြစေ။ ရှေးကလူကြီးတွေထက် ယနေ့ခေတ်လူငယ်တွေက ပို၍တော်ကြစေ။ တတ်ကြစေ။ ထူးချွန်ကြစေ။ တရားစီရင်ရေး၏ ဂုဏ်ကျက်သရေ။

**အဂတိတရား**

အဂတိတရားပွားများသော တရားသူကြီး(အချို့)အကြောင်း သတင်းစကားကြားရသည်။ လာဘ်စားသောတရားသူကြီး (လူငယ်အချို့)ပြစ်မှုဖြင့် ထောင်ကျကြသည်။

မိမိထောင်ချလိုက်သော တရားခံနှင့်အတူတူထောင်ထဲမှာ ပြန်တွေ့ကြသည်။ သူလည်းထောင်သား၊ ကိုယ်လည်းထောင်သား၊ ဘာခြားနားသလဲ၊ ဥပဒေတတ်သော်လည်း အဂတိမကင်း။ အဂတိကြောင့် ဥပဒေဖောက်ဖျက်သည်။ အရပ်ရပ်က ကြား၍မျှမတော်။ တရားခွင်ထက်(တရားသူကြီးနေရာ)မှတရားခံနေရာ(တရားခံထိုင်သည့်ခုံ)သို့ ခြေစုံဝင်၍ ထိုင်ရပြီ။ ပြည်သူ့ချဉ်ဖတ်ဖြစ်ရရှာသည်။

"လက်ထိတ်တန်းလန်းဖြင့် ထောင်နန်းစံရသောတရားသူကြီး"ဟု သတင်းစာများတွင်ဖော်ပြခံရသည်။ ရှက်ဖွယ်အတိ။

**တည်ကြည်ဖြောင့်မတ်သောတရားသူကြီး**

တည်ကြည်မှု၊ ဖြောင့်မတ်မှု၊ ရိုးသားမှုအပေါင်းဖြင့် အမှန်တရားကို ဦးစားပေးသော ဂုဏ်အင်္ဂါ မြင့်မြတ်သည့်တရားသူကြီးများမှာ ဒုနှင့်ဒေးရှိပါသည်။ ပြည်သူကြည်ဖြူသော တရားသူကြီးများ၊ နာမည်ကောင်းဖြင့် ထင်ရှားသော တရားသူကြီးများဖြစ်ပါချေသည်။ တစ်ဆင့်စကားတစ်ဆင့်နား၊ သတင်းစကားမှာ ပျားသကာသို့ချိုပါသည်။ ကောင်းသတင်း၊ ဆိုးသတင်း အမျိုးမျိုးရှိသော်ငြား ပြည်သူလေးစားသော တရားသူကြီး၏ ဂုဏ်သတင်းမှာ ထင်လင်းစွာ မော်ကွန်းတင်ပါမည်။ ဆိုးသတင်းနှင့်သာ ထိုက်တန်ပေလိမ့်မည်။ "ကျင့်ဝတ်၊ သီလ၊ သမာဓိ၊ ပညာခိုင်ခံ့ပါသော တရားသူကြီးအများရှိသည်ကို မမေ့အပ်" ဂုဏ်ပြုအပ်သည်။

**တရားဝန်ကြီးချုပ်များ**

တရားဝန်ကြီးချုပ် (သို့မဟုတ်) တရားသူကြီးချုပ်များအကြောင်း အသေးစိတ်တင်ပြရန် မရည်ရွယ်ပါ။ သို့သော်ငြား နှစ်အလိုက် အမည်စာရင်းကိုဖြင့် လူငယ်များသိသင့်သည်။

**"၁၉၄၈ မှ ၁၉၆၂ အထိ တရားသူကြီးချုပ်များ"**

၁။ သတိုးမဟာသုဓမ္မ ဦးသိန်းမောင်- တရားဝန်ကြီးချုပ်
၂။ မဟာသီရိသုဓမ္မ ဦးထွန်းဖြူ - တရားဝန်ကြီးချုပ်
၃။ သတိုးမဟာ သရေစည်သူ ဦးချန်ထွန်းအောင် -တရားဝန်ကြီးချုပ်
၄။ မဟာသီရိသုဓမ္မ ဦးရန်အောင် - တရားဝန်ကြီးချုပ်

(တရားလွှတ်တော် High Court တွင် ထမ်းဆောင်ခဲ့သော တရားဝန်ကြီးချုပ်များဖြစ်ပါသည်)

**"၁၉၄၈ မှ ၁၉၆၂ အထိ တရားသူကြီးချုပ်များ"**

၁။ အဂ္ဂမဟာ သရေစည်သူနှင့် အဂ္ဂမဟာသီရိသုဓမ္မ၊ ဆာဘဦး - တရားသူကြီးချုပ်
၂။ သတိုးသီရိ သုဓမ္မဦးသိန်းမောင် -တရားသူကြီးချုပ်
၃။ အဂ္ဂမဟာ သရေစည်သူ ဦးမြင့်သိန်း- တရားသူကြီးချုပ် (တရားလွှတ်တော်ချုပ် Supreme Court တွင်တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးချုပ်များဖြစ်ပါသည်။)

**"၁၉၆၂ မှ ၁၉၇၄ အထိ တော်လှန်ရေးကောင်စီခေတ် နိုင်ငံတော်တရားရုံးချုပ် Chief Court တွင် တာဝန်ထမ်းခဲ့သော တရားသူကြီးချုပ်များစာရင်း"**

၁။ သတိုးမဟာ သရေစည်သူ မဟာသီရိသုဓမ္မဒေါက်တာ ဦးဘိုကြီး - တရားသူကြီးချုပ်
၂။ ဒေါက်တာမောင်မောင်- တရားသူကြီးချုပ်
၃။ ဦးလှသင်း -တရားသူကြီးချုပ်

**" ၁၉၇၄ မှ ၁၉၈၈ အထိ ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌများစာရင်း"**

၁။ သူရ ဦးအောင်ဖေ ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ
၂။ ဦးမောင်မောင်ကျော်ဝင်း -ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ
၃။ ဦးတင်အောင်ဟိန်း -ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

**"၁၉၈၈ နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ် တရားသူကြီး ချုပ်စာရင်း"**

ဦးအောင်တိုး -နိုင်ငံတော်တရားသူကြီးချုပ်

**ပြည်ထောင်စုလွှတ်တော်ခေတ်**

ပြည်ထောင်စု လွှတ်တော်ခေတ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဖွဲ့စည်းထားရှိသည်။ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အမှူးပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား ခန့်အပ်တာဝန်ပေးသည်။ ပြည်သူ့တရားစီရင်ရေးဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာမှုများကို ဖော်ဆောင်လျက်ရှိသည်။

**တစ်ဦးကောင်းတစ်ယောက်ကောင်း**

တရားစီရင်ရေးအလုပ်သည် တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့်လုပ်၍မရနိုင်။ စုပေါင်းအကောင်အထည်ဖော်မှ အောင်မြင်နိုင်သည်။ တရားသူကြီးအမှုစစ်ဖို့ တရားလို၊ တရားခံလိုသည်။ သက်သေလိုသည်။ ရှေ့နေလိုသည်။ ရဲအရာရှိလိုသည်။ ဆရာဝန်လိုသည်။ လက်ရေးပါရဂူလိုသည်။ တရားခွင်စာရေးလိုသည်။ စာပို့လုလင်လိုသည်။ သက်သေခံပစ္စည်းလိုသည်။ တရားရုံးနှင့်ဆက်စပ်သမျှ အားလုံးလိုသည်။ တစ်ခုခု၊ တစ်စုံတစ်ရာ၊ တစ်ချက်ချက် ပျက်ကွက်လျှင် အားလုံးပျက်သည်။ တရားသူကြီးတစ်ဦးတည်း ဆုံးဖြတ်၍မရ။ ဥပဒေနှင့်အညီ ပံ့ပိုးမှု၊ ထောက်ကူမှု ၊ စေတနာမှန်မှ စနစ်အောင်မည်။ ပြည်သူကြည်ဖြူမည်။ ဤယန္တရားအတွက် မကြာခဏစုဝေးကြ၊ တိုင်ပင်ကြ၊ နှီးနှောကြ၊ ဝိုင်းကူကြမှ ဖြစ်မည်။ တစ်ဦးတစ်ယောက်က ရှောင်ထွက်နေလျှင်၊ မကူညီလျှင် ၊ နှောင့်ယှက်လျှင် ဆိုဖွယ်ရာမရှိ။ ပျက်စီးမည် အမှန်။ ရိုးသားသော၊ ဖြောင့်မတ်သော၊ ချိန်ခွင်လျှာညီသော၊ တရားမျှတသော၊ လာဘ်ပေးလာဘ်ယူကင်းသော၊ ဂုဏ်သတင်းပျံ့သင်းမွှေးကြိုင်သော တရားစီရင်ရေးထွန်းကားစေရမည်။ ခေတ်အဆက်ဆက်အတွေ့အကြုံများ အလေးပေးစဉ်းစားဖို့လည်း အရေးကြီးသည်။

**လူငယ်တို့ခေတ်ထွန်းသစ်ကြမည်**

ဥပဒေဘွဲ့ရ လူငယ်တို့ခေတ်ကာလတွင် စိန်ခေါ်မှုများပေါ်သည်။ ဘာတဲ့လဲ။ ဒို့လူငယ်တွေခေတ်မှာ အဂတိကင်းမည်။ သန့်စင်မည်။ တရားဥပဒေအကြောင်း ထုံးဟောင်းသက်သေတွေ၊ သင်ခန်းစာတွေရပေပြီ။ ကိုလိုနီခေတ်၊ ဟိုခေတ်၊ ဒီခေတ်၊ ခေတ်အဆက်ဆက် အတွေ့အကြုံတွေလေ့လာမိပြီ။ ပြည်သူ့အကျိုးဆောင်စရာတွေက ဤသို့၊ ရှောင်စရာတွေက ဤပုံ၊ ဤစနစ်က ဆိုးသည်၊ ဤစနစ်ကကောင်းသည်။ ကောင်းသည် ဆိုးသည် ဤနှစ်လီကို အတွေ့အကြုံများက ထောက်ပြခဲ့ပြီ။ သို့ဖြစ်၍ အဆိုးကိုပယ်၊ အကောင်းကိုကြွယ်၊ အမှန်တရားကို ရှေးရှု ရှေ့ဆက်မည့်ခရီး သိနားလည်ပေပြီ။ အလုပ်တွေ ပိုလုပ်မှ ဖြစ်တော့မည်။

**ရှေ့ဆက်ရမည့်ခရီး**

လူငယ်ဥပဒေပညာရှင်အပေါင်းသည် တရားသူကြီးဖြစ်လာမည်။ ရှေ့နေကြီးများ ဖြစ်လာမည်။အုပ်ချုပ်ရေးအရာရှိများ ဖြစ်လာမည်။ အရာရှိမဖြစ်သည့်တိုင် "ဥပဒေပညာရှင်အဖြစ်" ရပ်တည်မှာတော့ အမှန်ပါ။ ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသောပညာ၊ ပြည်သူ့အကျိုးသယ်ပိုးနိုင်သော ပညာဖြစ်ပါပေသည်။ ပြည်သူ့အရေးအခင်း၊ ပြည်သူ့ရေးရာများအတွက် အားတက်ဖွယ်ဖြစ်မည့် တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေပညာရှင်များအဖြစ် ခေတ်စနစ်က ကြိုဆိုလျက်ရှိပေပြီ။ ယနေ့လူငယ်များသည် ယနေ့လူကြီးများထက် တော်ပါစေ။ ပို၍ တော်ပါစေ။ ပို၍ အသိအမြင်ကြွယ်ဝပါစေ။ လောကကို ပို၍အလှဆင်နိုင်ကြပါစေ။ ပို၍ ပို၍ တရားဓမ္မနည်းလမ်းကျကြပါစေ။ အတွေ့အကြုံကောင်းတွေ ရယူနိုင်ကြပါစေ။ ထူးချွန်ကြပါစေ။

**တင်ပြချက်**

တည်ကြည်၊ ဖြောင့်မတ်၊ ရစ်ပတ်ချည်နှောင်၊ တရားဘောင်ဖြင့် စွမ်းဆောင်ကျဉ်းပြီး တရားသူကြီးဖြစ်ပါစေကြောင်း။ ။

## ဖက်ရှင်မဂ္ဂဇင်းအတွက် ဓာတ်ပုံရိုက်ကူးခဲ့တဲ့ ယူး



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ After School မှ အဖွဲ့ဝင်ယူးသည် ကမ္ဘာကျော်ဖက်ရှင်မဂ္ဂဇင်းတစ်ခုဖြစ်သည့် marie claire မဂ္ဂဇင်း၏ စက်တင်ဘာလထုတ်မဂ္ဂဇင်းအတွက် ဓာတ်ပုံများရိုက်ကူးပေးခဲ့သည်။

ယူးသည် အဆိုပါဓာတ်ပုံများ ရိုက်ကူးရာတွင် နာမည်ကြီးတံဆိပ်တစ်ခုဖြစ်သော Burberry အမှတ်တံဆိပ် အဝတ်အစားအသုံးအဆောင်များကို ဝတ်ဆင်ရိုက်ကူးခဲ့သည်။

ယင်းဓာတ်ပုံများကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

## ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ ဘာကြောင့်မျက်ရည်ကျခဲ့ရလဲဆိုတာ ရှင်းပြခဲ့တဲ့ ဂျက်စတင်ဘီဘာ

အမေရိကန်ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ MTV ရုပ်သံလိုင်းရဲ့ VMAs တေးဗီဒီယိုဆုပေးပွဲအခမ်းအနားမှာ ပါဝင်ဖျော်ဖြေတင်ဆက်နေစဉ် စင်မြင့်ပေါ်မှာ မျက်ရည်တွေကျခဲ့ပါတယ်။

ဂျက်စတင်ရဲ့ စင်မြင့်ပေါ်မှာမျက်ရည်ကျခဲ့တဲ့ ရုပ်ပုံတွေနဲ့သတင်းတွေကို မီဒီယာတွေက ဖော်ပြခဲ့ကြပေမယ့်လည်း ဘာကြောင့်မျက်ရည်ကျခဲ့ရလည်းဆိုတာကိုတော့ ထင်ကြေးပေးရုံသာပေးနိုင်ခဲ့တာပါ။ ဒါပေမယ့် ဗုဒ္ဓဟူးနေ့ကပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာတော့ မျက်ရည်တွေရဲ့အကြောင်းရင်းကို သူကဖွင့်ဟလာခဲ့ပါတယ်။

အသက်(၂၁)နှစ်အရွယ်အဆိုတော် ဂျက်စတင်ဘီဘာက "ဖျော်ဖြေနေတဲ့အချိန်တုန်းက ကျွန်တော့်စိတ်မှာလွှမ်းမိုးထားတဲ့အရာတွေက အများကြီးပါ။ ကျွန်တော်ဒီတေးအယ်လ်ဘမ်ကို တကယ့်ကိုအင်တိုက်အားတိုက်နဲ့ အစွမ်းကုန်ပြင်ဆင်ခဲ့တာ။ ပရိသတ်ရှေ့ကိုလည်းအကောင်းဆုံးပုံစံနဲ့ ချပြမယ်လို့ စိတ်ကူးထားခဲ့တယ်။ ဖျော်ဖြေနေတဲ့အချိန်မှာ ပရိသတ်တွေ ငါ့ကိုတော့ အကဲဖြတ်နေပြီလို့ခံစားလာရပြီး ပရိသတ်တွေရဲ့ အားပေးလက်ခံမှုကို လိုချင်တဲ့စိတ်တွေများခဲ့ရာက စိတ်ပူပန်ရလွန်းပြီး မျက်ရည်တွေကျခဲ့ရတော့တာပါပဲ။ မျက်ရည်တွေက ကျွန်တော့်ခံစားချက်အမှန်တွေပါပဲ။ တကယ့်ကို အစစ်အမှန်တွေပါပဲ"လို့ ရှင်းပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာရဲ့ လွန်ခဲ့တဲ့သုံးနှစ်အတွင်း ပထမဦးဆုံးအကြိမ်ထွက်ရှိခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် "What Do You Mean?" ကို နိုဝင်ဘာ ၁၃ ရက်မှာ စတင်ဖြန့်ချိသွားမှာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်။

# ကိုရီးယားနန်းတွင်းရုပ်ရှင်သစ်မှာဆိုဂျီဆပ်ပါဝင်သရုပ်ဆောင်

"Sado"ဟု အမည်ပေးထားသော တောင်ကိုရီးယား၏ နန်းတွင်းအကြောင်းအရာများကို ပြန်လည်ရိုက်ကူးတင်ဆက်သည့် နန်းတွင်းရုပ်ရှင်ဇာတ်လမ်းသစ်တွင် မင်းသားဆိုဂျီဆပ်သည် ဘုရင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

သူသည် ဖခင်ဖြစ်သူမင်းကြီး"ဆာဒို"လုပ်ကြံခံရသည်ကို မျက်မြင်ကိုယ်ကျ တွေ့မြင်လိုက်ရသော "ဂျောင်ဂျို"အဖြစ် သရုပ်ဆောင်ထားပြီး ရုပ်ရှင်တွင် သူသည် အဓိကဇာတ်လိုက်ဖြစ်ကာ ဘိုးတော်မင်းကြီးလက်ထက်မှစ ကြုံတွေ့ခဲ့ရသော ဝမ်းနည်းဖွယ်ကောင်းသည့် နန်းတွင်းအရှုပ်တော်ပုံများကို ပုံဖော်ရိုက်ကူးထားသော ရုပ်ရှင်ဖြစ်သည်။

မင်းသားဆိုဂျီဆပ်က "ကျွန်တော်က ရုပ်ရှင်ကားတစ်ကားမှာပါဝင်ခွင့်ရတဲ့ အချိန်အတိုင်းအတာအနည်းအများထက် ကိုယ်ပါဝင်သရုပ်ဆောင်ရမယ့်ဇာတ်ကောင်ရဲ့ အရေးပါမှုကိုပဲ ကြည့်ပြီးရုပ်ရှင်တွေကို ရွေးချယ်ရိုက်ကူးဖြစ်တယ်။ ကျွန်တော်ဒီရုပ်ရှင်ကိုရိုက်ကူးဖို့လက်ခံခဲ့တာက ဇာတ်ညွှန်းကို ကြိုက်လို့ပါ။ ဒါပေမယ့် ကျွန်တော်ဇာတ်ညွှန်းကိုမီအောင် သရုပ်ဆောင်နိုင်ပဲ့မလားမသိဘူး"ဟု ဆိုသည်။

အဆိုပါရုပ်ရှင်၏ ဒါရိုက်တာဖြစ်သူ လီဂျောင်အ ကလည်း "ဒီရုပ်ရှင်မှာ ဆိုဂျီဆပ်က အခန်းသုံးခန်းမှာပဲ ပါဝင်သရုပ်ဆောင်ခဲ့ရပေမယ့် သူပါဝင်ခွင့်ရတဲ့အခန်းတွေက မမေ့နိုင်စရာ ဇာတ်ဝင်ခန်းတွေပါ။ ရုပ်ရှင်တစ်ခုလုံးရဲ့ တကယ်အရေးပါတဲ့ အခန်းတွေလည်းဖြစ်ပါတယ်။ ပြီးတော့ဆိုဂျီဆပ်က ဒီရုပ်ရှင်အတွက် အနုပညာကြေး လုံးဝမယူဘဲ ရိုက်ကူးပေးခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါတောင်ကိုရီးယားနန်းတွင်းရုပ်ရှင်ကားသစ်ကို တောင်ကိုရီးယားနိုင်ငံ၌ စက်တင်ဘာ ၁၆ ရက်တွင် စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်သည်။

■

## လမ်းခွဲလိုက်ပြီဖြစ်တဲ့ အေဗရယ်လ်လက်ဗင်းန်နဲ့ ချက်ဒ်ကရိုဂါ

ပြင်သစ်နှင့် ကနေဒါလူမျိုးတစ်ဦးဖြစ်ပြီး ပေါ့ပ်နှင့် ရော့ခ်သီချင်းများကို သီဆိုလေ့ရှိသည့် အဆိုတော်အေဗရယ်လ် လက်ဗင်းန်နှင့် သူ၏ခင်ပွန်း Nickelback တီးဝိုင်းခေါင်းဆောင်ချက်ဒ်ကရိုဂါတို့နှစ်ဦးသည် အိမ်ထောင်သက်နှစ်နှစ်ရရှိခဲ့ပြီးနောက် လမ်းခွဲလိုက်ကြပြီဖြစ်ကြောင်း လက်ဗင်းန်က စက်တင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သည်မေရာဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

လက်ဗင်းန်သည် သူနှင့်ခင်ပွန်းဖြစ်သူတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကို သူ၏ အင်စတာဂရမ်စာမျက်နှာပေါ်တွင် မောင်နှံနှစ်ဦး၏ ကြည်နူးစရာဓာတ်ပုံနှင့်တကွ တွဲဖက်ရေးသားဖော်ပြထားခဲ့ခြင်းဖြစ်သည်။

လမ်းခွဲခဲ့သည်နှင့်ပတ်သက်ပြီး သူက"ကျွန်မဒီနေ့ ဝမ်းနည်းစွာနဲ့ပဲ ပရိသတ်ကြီးကိုသတိပေးချင်တာက ကျွန်မနဲ့ ကရိုဂါတို့ လမ်းခွဲလိုက်ကြပါပြီ။ ကျွန်မတို့နှစ်ယောက်အတူရှိစဉ်က သီချင်းတွေလည်းအတူဖန်တီးခဲ့ကြတယ်။ အမှတ်တရတွေ များစွာနဲ့ပေါ့။ အဲဒီလိုအမှတ်တရတွေရရှိလာအောင် ကူညီပေးခဲ့တဲ့ ပရိသတ်တွေ၊ သူငယ်ချင်းတွေနဲ့၊ မိသားစုဝင်တွေ အားလုံးကိုလည်းကျေးဇူးတင်ပါတယ်"ဟု သူ၏လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားဖော်ပြထားခဲ့သည်။

အသက် (၃၀)အရွယ်အဆိုတော်သည် သူ့ထက်အသက် ဆယ်နှစ်ခန့်ကြီးသော ကရိုဂါနှင့် ၂၀၁၃ခုနှစ် ဇူလိုင်လအတွင်းက လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ သူတို့နှစ်ဦး၏ လမ်းခွဲတော့မည်ဆိုသည့် သတင်းများသည် ပြီးခဲ့သည့်နှစ်ကတည်းကပင် သို့လောသို့လောကြားနေခဲ့ရပြီး အိမ်ထောင်သက် နှစ်နှစ်အကြာတွင် လမ်းခွဲခြင်းဖြင့် အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။



## ရုပ်မြင်သံကြားအစီအစဉ်များ

၄ - ၉ - ၂၀၁၅ (သောကြာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၁၃၂)
၆း၁၅ "ပန်းပင်ကိုပျိုး ပန်းမိုးရွာစေ" (အပိုင်း-၅)
၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ"(အပိုင်း-၇)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၁၂)
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "နေနဲ့လကိုချည်တဲ့ကြိုး" (ဇာတ်သိမ်း) (ဟိန်းဝေယံ၊ ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-နေပိုင်)
၉း၅၀ ASEAN Cultural Fair(2014)
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ညင်သာစွာ ပေါက်ကွဲခြင်း" (မိုးအောင်ရင်၊ မေသန်းနု၊ သင်ဇာဝင့်ကျော်) (ဒါရိုက်တာ-မိုးကြိုး)
၁၂း၀၀ အစီအစဉ်ပြီး၏။

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၇း၂၀ မြန်မာပြည်တွင် ထုတ်လုပ်သည်
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၂၀ သူနှင့် သူ၏သီချင်းများ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၃၁၆) (ဒါရိုက်တာ-မိုးဇော်ကို)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်နှစ်သည်းခြားချစ်လိပ်ပြာ" (အပိုင်း-၁၃)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-သံစဉ်များနှင့် ကမ္ဘာ
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-Lucky Door

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၄၀ "ချစ်ရင်စောင့်ရှောက်" တရားတော် (ဆရာတော်အရှင်ကုမာရ)
၈း၀၀ Cartoon Series (Welcome To Sky Ville)
၁၁း၀၀ Food & Decor
၁၁း၃၀ MRTV-4 Stage
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၃၁)
၂း၅၅ MRTV-4 ရုတ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၄၂)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုတ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၄၃)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၃၂)
၈း၁၀ ရသစုံညွှန်းတမ်းများ
၁၀း၀၅ Movie Talk [ကြွေလွင့်ကြယ်ပွင့်များ (ရှုမဝမောင်ဆွေတင့်)]
၁၁း၀၅ World of Knowledge (Inside the American Mob-Operation Donnie Brasco)
၀၀း၅၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ရွှေမြင်တင်စေတီတော်မြတ်ကြီး)
၀၁း၁၅ European Qualifiers Denamak Vs Albania(LIVE)
၀၃း၄၅ လယ်တီသာသနာ လယ်တီကျောက်စာ

### mitv

07:03 News
07:27 Discovering Tribes Kayaw: Their Life and Customs (Part-I)
07:53 Cosplayer
08:03 News
08:27 Myanmar Scout
09:03 News
09:27 The Most Prominent Resort And Residence - Ngapali
09:52 Human Right Human Dignity International Film Festival
10:03 News
10:26 Korea-Myanmar Bilateral Ties
10:47 Sagaing: Gold Leaf
10:55 Parents' Day
07:03 News
07:26 Moyingyi Wildlife Sanctuary
07:45 The Eel Business (Fisherman the eel culture)
08:03 News
08:27 Myanmar's Traditions and Culture "A stir about of Rainbows"
08:51 Next Weekend

## ဒီမာရီယာနှင့် ဖယ်လ်ကာအိုတို့တန်ဖိုးအစစ်အမှန်ကို ပြသခွင့်မရခဲ့

မန်ယူကွင်းလယ်ကစားသမား ဟာရဲရားက ဒီမာရီယာနှင့် ဖယ်လ်ကာအိုတို့နှစ်ဦးအတွက် မန်ယူသို့ ပြောင်းရွှေ့ခဲ့ခြင်းမှာ ကံဆိုးမှုတစ်ရပ်ဖြစ်ခဲ့ပြီး သူတို့နှစ်ဦး၏တန်ဖိုးအစစ်အမှန်ကို ပြသခွင့်မရခဲ့ဟု သုံးသပ်ခဲ့သည်။ တောင်အမေရိကတိုက်စစ်အတွဲဖြစ်သည့် သူတို့နှစ်ဦးသည် ပြီးခဲ့သည့်နှစ်က မန်ယူသို့ပြောင်းရွှေ့ခဲ့ရာ ဘောလုံးပရိသတ်များက မျှော်လင့်ချက်ကြီးကြီးမားမားထားခဲ့သော်လည်း လက်တွေ့နှင့် ခန့်မှန်းချက်တို့တက်တက်စင်အောင် ကွဲလွဲခဲ့သည်။

သို့သော် ဟာရဲရားက ယင်းကိစ္စရပ်မှာဘောလုံးလောကတွင်ဖြစ်လေ့ဖြစ်ထရှိသည့် သာမန်အခြေအနေတစ်ရပ်သာဖြစ်ကြောင်း၊ ဖယ်လ်ကာအိုနှင့် ဒီမာရီယာတို့နှစ်ဦးလုံးမှာ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်အပြည့်ဖြင့် သူတို့၏တန်ဖိုးအစစ်အမှန်ကို ပြသရန်ကြိုးစားခဲ့သော်လည်း အခြေအနေမပေးခဲ့ကြောင်း၊ ထို့ကြောင့်သူတို့နှစ်ဦး၏ ခြေစွမ်းနှင့်ပတ်သက်၍ ပရိသတ်များအနေဖြင့် အပြစ်မတင်စေလိုကြောင်း ဆိုခဲ့သည်။

## မန်ယူနှင့်စာချုပ်သစ်ချုပ်ဆိုရန် စဉ်းစားနေသည့် ဒီဂီယာ

ရီးယဲလ်သို့ပြောင်းရွှေ့ရန် ပျက်ပြယ်ခဲ့ရသည့် ဒီဂီယာမှာ လက်ရှိမန်ယူနှင့် တစ်နှစ်ဝင်ငွေယူရို၅သန်းတန်ဖိုးရှိစာချုပ်သစ်ကို လက်ခံရန်စဉ်းစားနေသည်ဟု စပိန်သတင်းစာ မာကာ၌ ဖော်ပြသည်။မူလက ရီးယဲလ်သည် ဒီဂီယာအား လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် သေချာပေါက်ခေါ်ယူနိုင်ရန် ၂၀၁၅-၂၀၁၆ လစာအားအကြိုပေးချေရန်အထိစီစဉ်ထားခဲ့သည်။

သို့သော် ပြောင်းရွှေ့ရန်နာရီပိုင်းအလိုတွင် စာရွက်စာတမ်းကိစ္စအပြီးသတ်နိုင်ခြင်းမရှိခဲ့၍ အပြောင်းအရွှေ့ကိစ္စမှာ အထမမြောက်ခဲ့ပေ။ တစ်ဖက်နှင့် တစ်ဖက် စကားလုံးတိုက်ပွဲများဖြင့် ထိုးနှက်ခဲ့ပြီး ဒီဂီယာမှာ စပိန်အသင်းနှင့်ယူရိုခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စပိန်နိုင်ငံ၌ ရောက်ရှိနေသည်။မန်ယူသည် ချန်ပီယံလိဂ်ဝင်ရောက်ကစားမည့်ကစားသမားအမည်စာရင်းပေးရာတွင် ဒီဂီယာ၏ အမည်ကို ထည့်သွင်းခဲ့ပြီး စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က အသေအချာစဉ်းစားသုံးသပ်နေသည်။

သို့သော် ရီးယဲလ်ဘက်မှ အဆိုပါစာချုပ်သစ်ကို ဒီဂီယာချုပ်ဆိုသွားမည်ကို စိုးရိမ်နေပြီး လာမည့်ဇန်နဝါရီဈေးကွက်တွင် ဒီဂီယာမှာ ရီးယဲလ်ကစားသမား ဖြစ်လာရန်သေချာကြောင်း အာမခံချက်ပေးထားသည်။

## အာဆင်နယ်ရဲ့ အပြောင်းအရွှေ့မူဝါဒအပေါ် ပရိသတ်များဒေါသထွက်နေ

အာဆင်နယ်သည် ယခုနှစ်နွေဈေးကွက်တွင် ပီတာဆက်ချ်တစ်ဦးတည်းကိုသာ ချယ်လ်ဆီးမှ ပေါင်၁၀သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး ကျန်မည်သည့်ကစားသမားမျှခေါ်ယူနိုင်ခြင်းမရှိရာ အသင်း၏အပြောင်းအရွှေ့မူဝါဒနှင့်ပတ်သက်၍ ပရိသတ်များအလွန်အမင်းဒေါသထွက်နေကြောင်း သိရသည်။ လက်တလော၌ အာဆင်နယ်တွင် တိုက်စစ်ပြဿနာကြုံတွေ့နေရပြီး တိုက်စစ်မှူးဂီရော့ဒ်ရုန်းကန်နေရသလို ဆန်းချက်ဇ်နှင့် ဝဲကော့လ်တို့လည်း ဂိုးပေါက်ပျောက်နေဆဲဖြစ်သည်။

အာဆင်နယ်သည် လိုအပ်နေသော တိုက်စစ် ကွက်လပ်ကို ဖြည့်ဆည်းရန်တိုက်စစ်မှူး ၁၀ ဦးအထိ ချိတ်ဆက်ကမ်းလှမ်းခဲ့သော်လည်း နွေဈေးကွက် ပိတ်သိမ်းချိန်အထိ မည်သည့်ကစားသမားကိုမျှ ခေါ်ယူနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ပရိသတ်များက အာဆင်နယ်မှာ ရရှိလာသည့်ငွေကြေးဖြင့်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုမျိုးလုပ်ဆောင်ရန် ပျက်ကွက်နေကြောင်း၊အသင်း၏အပြောင်းအရွှေ့မူဝါဒကြောင့် ကစားသမားကောင်းမြောက်မြားစွာကိုလည်း ဆုံးရှုံးခဲ့ရပြီးဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် အာဆင်နယ်အနေဖြင့် ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို ခေါ်ယူရန်အခွင့်အရေးရခဲ့သော်လည်း ကာဗာနီကိုသာ ခေါ်ယူလိုခြင်းကြောင့် ဝင်းဂါးက ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။



# ယူရိုခြေစစ်ပွဲမှာ ဝေလအသင်းဘာကြောင့် ခြေစွမ်းထက်နေရသလဲ

ယူရိုခြေစစ်ပွဲမှာ ဝေလအသင်းဟာ အခြားနာမည်ကြီးအသင်းတွေဖြစ်တဲ့ ဘယ်လ်ဂျီယံ၊ အစ္စရေး၊ ဘော့စနီးယားအသင်းတွေကို ကျော်ပြီး ရမှတ်၁၄မှတ်နဲ့ အုပ်စုဗိုလ်အဖြစ် ဦးဆောင်နေပါတယ်။ ဝေလအသင်းဟာ အရင်က ယူရိုခြေစစ်ပွဲ၊ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ အုပ်စုအဖြည့်ခံအသင်း သက်သက်ပဲဖြစ်နေခဲ့ပေမယ့် ၂၀၁၅အတွင်းမှာ ခြေစွမ်းတွေတောက်လျှောက်တက်လာပြီး အင်အားကြီးပြိုင်ဘက်တွေကို ဖြိုလှဲကာ အုပ်စုဗိုလ်အဖြစ်နဲ့ အုပ်စု(ခ)မှာ ဦးဆောင်နေခဲ့တာဖြစ်ပါတယ်။

ဒီလိုရလဒ်တွေကို ကမ္ဘာ့ဘောလုံးပရိသတ်တွေအနေနဲ့ အံ့သြကောင်း အံ့သြမှာဖြစ်ပေမယ့် ဝေလနည်းပြကိုးမန်းနဲ့ သူ့ရဲ့နည်းပြအဖွဲ့ဝင်တွေကတော့ အခုလိုအသီးအပွင့်မျိုးမကြာခင်ခံစားရတော့မယ်ဆိုတာ အရင်နည်းပြတော့စ်ဟက်လက်ထက်ကတည်းက ခန့်မှန်းမိခဲ့ပြီးဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။ လက်ရှိအနေအထားမှာ ဝေလအသင်းဟာ နောက်တန်းခံစစ်မာကြောသလို ကွင်းလယ်ကစားပုံလည်းသေသပ်ကောင်းမွန်ပါတယ်။ ဒါပေမယ့် အဓိကပြဿနာက ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးရှားပါးနေတဲ့ ကိစ္စရပ်ပါပဲ။ ရမ်ဆေးနဲ့ဘေးလ်တို့လို တိုက်စစ်ကွက်လပ်ကိုဖြည့်ပေးနိုင်မယ့် ကမ္ဘာ့ထိပ်တန်းကစားသမားတွေရှိပေမယ့် သူတို့ကလည်းတိုက်စစ်မှူးစစ်စစ်တော့ မဟုတ်ပါဘူး။

ဘေးလ်နဲ့ ရမ်ဆေးတို့ကို လိုအပ်ရင်ဗဟိုတိုက်စစ်နေရာမှာ ထားပြီးကစားခိုင်းလို့လည်းရပါတယ်။ ဒါပေမယ့် အခုဆို ပေါင်ခြံဒဏ်ရာကနေ ပြန်ပြီးသက်သာလာတဲ့ တိုက်စစ်မှူး ရော့ဘ်ဆင်ကနူးလည်း ဆိုက်ပရက်စ်နဲ့ပွဲမှာ ပြန်လည်ဝင်ကစားနိုင်မှာဖြစ်လို့တောင်ပံကနေလိုက်ပါကစားပေးမယ့် တောင်ပံတိုက်စစ်မှူးတွေ ပိုပြီးသက်သောင့်သက်သာ လှုပ်ရှားကစားနိုင်မှာဖြစ်ပါတယ်။ဘေးလ်ကို ကွင်းလယ်ဗဟိုနေရာမှာ အထိုင်ချပြီးကစားခိုင်းတဲ့ နည်းပြကိုးမန်းရဲ့ နည်းဗျူဟာက အလုပ်ဖြစ်နေပြီး အန်ဒိုရာကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ဘယ်လောက်အလုပ်ဖြစ်ခဲ့တယ်ဆိုတာ အထင်အရှားမြင်တွေ့ခဲ့ရပါတယ်။

အခု ဆိုက်ပရက်စ်နဲ့ အစ္စရေးကို ရင်ဆိုင်ရမယ့်ပွဲမှာ နောက်ခံလူ ဂျိမ်းစ်ချက်စတာနဲ့ ကွင်းလယ်ကစားသမား ဂျိုးအလန်တို့ပါဝင်နိုင်မှာ မဟုတ်ပေမယ့် ပရီမီယာလိဂ်မှာ ကစားနေတဲ့ ဂျိမ်းစ်ကောလင်းစ်နဲ့ အင်ဒီကင်းတို့ပြန်လည်ပါဝင်လာမှာဖြစ်လို့ အင်ပြည့်အားပြည့်အနေအထားမှာ ဆက်လက်ရှိနေမှာပါ။ ဒါ့အပြင် အသင်းခေါင်းဆောင် အက်ရှ်လေဝီလီယံဟာ အသင်းရဲ့ အဓိကကျောက်စိုင်လိုပဲ မာမာထန်ထန်ကစားနိုင်သူဖြစ်ပါတယ်။ဒါကြောင့်လည်း နည်းပြကိုးမန်းက ဝေလအသင်းအနေနဲ့ ပြင်သစ်မှာကစားမယ့် ၂၀၁၆ဥရောပဖလားကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မယ်ဆိုတာ သံသယမရှိပါဘူးလို့ ဟစ်ကြွေးခဲ့တာပါ။

ဝေလအသင်းမှာ အသက်(၃၀)ကျော်အရွယ်ကစားသမားဆိုလို့ ဝီလီယံနဲ့ ကောလင်းစ်တို့နှစ်ဦးသာ ရှိပြီး အများစုဟာ ၂၅ဝန်းကျင်ကစားသမားတွေပါ။ဝေလမှာ လူငယ်ဘောလုံးအကယ်ဒမီတွေ တစ်နေ့တခြားတိုးပွားများပြားလာပြီး ဒီလူငယ်လေးတွေကို ဘောလုံးကင်းထောက်တွေက ကလပ်အသင်းကြီးတွေနဲ့ ချိတ်ဆက်ကာခေါ်ယူစာချုပ်ချုပ်ခဲ့ကြလို့ ဒီလိုအသီးအပွင့်တွေ ခံစားခဲ့ရတာဖြစ်ပါတယ်။

**ဝေလအသင်း၏ လက်ကျန်ကစားရမည့်ပွဲစဉ်များ**

| | |
|---|---|
| ဆိုက်ပရက်စ်(အဝေး) | စက်တင်ဘာ ၃ |
| အစ္စရေး (အိမ်) | စက်တင်ဘာ ၆ |
| ဘော့စနီးယား-ဟာဇီဂိုဗီးနား (အဝေး) | အောက်တိုဘာ ၁၀ |
| အင်ဒိုရာ (အိမ်) | အောက်တိုဘာ ၁၃ |

မေလဲ့သင်း–စုစည်းသည်။



# ဘေးစည်းရိုက်ချက်ကစားပုံဆိုးရွားသူဟု ဝန်ခံလိုက်သည့် ဖက်ဒဲရာ

ကမ္ဘာ့ထာဝရအကောင်းဆုံး တင်းနစ်ကစားသမားအဖြစ်မှတ်တမ်းတင်ထားသည့် ဖက်ဒဲရာက ၎င်းမှာ ဘေးစည်းရိုက်ချက်ကစားပုံ ဆိုးရွားသည့်ကစားသမားဖြစ်သည်ဟု ဝန်ခံလိုက်သည်။ အင်ဒရေအဂါဆီကြောင့် ပီထ်ဆန်းပရက်စ်မှာ ပိုမိုကောင်းမွန်သည့်ကစားသမားဖြစ်လာရသလို ဂျိုကိုဗစ်ချ်နှင့် နာဒဲလ်တို့ကြောင့် ၎င်းမှာပိုမိုအားကောင်းသည့်ကစားသမားဖြစ်လာရခြင်းဖြစ်ကြောင်းဆိုခဲ့သည်။

ဖက်ဒဲရာက “ ခင်ဗျားဟာ တန်ပြန်ရိုက်ချက်တွေမှာအကောင်းဆုံးကစားနိုင်ရင် ယေဘုယျတော့ တင်းနစ်သမားကောင်းဖြစ်ပြီပေါ့။ကျွန်တော်ဟာလည်း တန်ပြန်ရိုက်ချက်တွေနဲ့ကောင်းကောင်းအမှတ်ယူတတ်တဲ့ကစားသမားပါ။ ဒါပေမယ့် ဘေးစည်းရိုက်ချက်တွေမှာတော့ ကျွန်တော်ဟာ ကစားပုံညံ့ဖျင်းပါတယ်။ တင်မ်ဟမ်မန်းနဲ့ ပီထ်ဆန်းပရက်စ်တို့ဆီက စပေးရိုက်ချက်နဲ့ ဗော်လီရိုက်ချက်တွေဘယ်လိုကစားရမလဲဆိုတာ ကျွန်တော်သေချာသင်ယူခဲ့ပါတယ်။ ကျွန်တော်တို့ မျိုးဆက်မှာဆိုရင် ရာဖေးလ်နာဒဲလ်၊ ဂျိုကိုဗစ်ချ်နဲ့ အင်ဒီမာရေးတို့ဟာ တန်ပြန်ရိုက်ချက်တွေကောင်းသလို ဘေးစည်းရိုက်ချက်တွေလည်းသေသပ်ကြပါတယ်။ ဒီထဲမှာဆို ကျွန်တော်ဟာ ဘေးစည်းရိုက်ချက်ကစားပုံဆိုးရွားတဲ့သူပေါ့ဗျာ” ဟု ရှင်းပြခဲ့သည်။

ဖက်ဒဲရာမှာလက်ရှိတွင် အသက်(၃၄)ရှိပြီဖြစ်သော်လည်း တင်းနစ်ကစားသမားဘဝမှ အနားမယူသေးဘဲ ဂရင်းစလင်းချန်ပီယံဆုကိုနောက်ထပ်အကြိမ်ပေါင်းများစွာရယူရန် ဆာလောင်နေဆဲဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

# ဗန်းမောက်မြို့နယ်၌ ဘိန်းဖြူများနှင့် ငွေကျပ် ၁၀ သိန်းကျော် သိမ်းဆည်းရမိ

**ဗန်းမောက် စက်တင်ဘာ ၃**

ကသာခရိုင် ဗန်းမောက်မြို့နယ် ကျောက်တန်းအုပ်စု ကျောက်တန်းကျေးရွာအနောက်ဘက် ပင်ရွှေးနိုးလယ်လျှိုတွင် ဩဂုတ် ၂၅ ရက်က ဘိန်းဖြူ ၁၄ ဒသမ ၂ ဂရမ်နှင့် ဘိန်းဖြူရောင်းရငွေကျပ် ၁၀၁၂၀၀၀တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြို့မရဲစခန်းမှ ဒုရဲအုပ် ရဲဝင်းဇော်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက ကျောက်တန်းကျေးရွာအနောက်ဘက် ပင်ရွှေးနိုးလယ်လျှိုတွင် မူးယစ်ဆေးရောင်းချသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးရာ လယ်လျှိုဘီးစပ်ချုံအတွင်း လူသုံးဦးအား ဖမ်းဆီးခဲ့သော်လည်း နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး မူးယစ်ဆေးဝါးရောင်းချသူ ခင်မောင်စု (ခ)ဖိုးစု ဆယ်ကြီးကျေးရွာ စုန်းတော်အုပ်စု ဗန်းမောက်မြို့နယ်နေသူအား ၎င်းလွယ်ထားသော လွယ်အိတ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းလွယ်ထားသော လွယ်အိတ်အားရှာဖွေရာ ဘိန်းဖြူအမှုန့် အလေးချိန် ၁၄ ဒသမ ၂ ဂရမ်၊ ဘိန်းဖြူမှုန့်ရောင်းရငွေကျပ် ၁၀၁၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ခင်မောင်စု(ခ)ဖိုးစု အသက်(၄၃)နှစ် ဆယ်ကြီးကျေးရွာအား အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၅၈)

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးနှင့် (၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ် တိုးဂိတ်အနီးတွင် မူဆယ်မှ မန္တလေးသို့ လီယုံချန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၀၀၊ ဘိန်းစိမ်း သုည ဒသမ ၉ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လီယုံချန်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



လီယုံချန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# ယာဉ်နှစ်စီး တိုက်မိ ၂၂ ဦး ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၃**

မန္တလေးလမ်းအတိုင်း ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ဇော်လင်းထွေး (၃၁) နှစ် မောင်းနှင်လာသော ကင်တာယာဉ်နှင့် နှင်းဆီလမ်းအတိုင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နေ အောင်ချမ်းဝင်း (၃၅) နှစ် မောင်းနှင်လာသော 7I/- Honda Airwave ယာဉ်တို့ လမ်းဆုံ၌ စက်တင်ဘာ ၁ ရက်က တိုက်မိကြရာ ကင်တာယာဉ်မှာ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့၍ ကင်တာယာဉ်မောင်း ဇော်လင်းထွေး၊ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်နေ ရဲဝင်းနိုင်(၁၈) နှစ်ပါ ၂၀ ဦးနှင့် အောင်ချမ်းဝင်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော်ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**





# အရှိန်မထိန်းနိုင်သောယာဉ် လမ်းလယ်ကျွန်းကတ်တုံးအား ဝင်တိုက်

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၈၈/၁-၂) ကြားတွင် စက်တင်ဘာ ၁ ရက်က လမ်းလယ်ကျွန်းကတ်တုံးနှစ်တုံးအား ဝင်တိုက်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၆ နာရီ ၁၀ မိနစ်က နေပြည်တော်မှတောင်ငူသို့ ပျဉ်းမနားမြို့ အောင်မင်္ဂလာရပ်ကွက်နေ တောင်ကိုရီးယားနိုင်ငံသား Mr. MIN SUNG GUN (၅၂)နှစ်မောင်းနှင်လာသည့် 8H/---- Super Custom ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကတ်တုံးနှစ်တုံးအား တိုက်မိတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အောင်မင်္ဂလာရပ်ကွက်နေ ကိုအေးမင်းသော်(၂၅)နှစ်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း Mr. MIN SUNG GUN အား ပလွေးအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အိမ်ရှင်ကိုသတ်ပြီး ရွှေထည်များယူဆောင်သူအားဖမ်းမိ

**စစ်ကိုင်း စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ဩဂုတ်၂၈ရက် နံနက်ပိုင်းက နေအိမ်အတွင်း ဝင်ရောက်၍ အိမ်ရှင်အမျိုးသမီးကိုသတ်ပြီး ရွှေထည်ပစ္စည်းများ ယူဆောင်သွားသူအား ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်ပြီး ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်လတ်၊ ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များက ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်နေ ဇေယျာမြင့်(၂၀)နှစ်ကို စစ်မေးခဲ့သည်။

ထိုသို့စစ်မေးချက်အရ အမှုနှင့်ပတ်သက်ပြီး ထွက်ပြေးတိမ်းရှောင်သူ ချစ်ဝင်း(ခ)ငြိမ်းချမ်းဝင်း (၂၀)နှစ် ကျောင်းအင်းရွာ ကျွန်းလှမြို့နယ်နေသူအား မန္တလေး-ကျွန်းလှ သွားအောင်နိုင်မန်း မှန်လုံကား ၄ခ/--- ပေါ်မှ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖမ်းဆီးရမိပြီး ၎င်းအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မျိုးဝင်းညို-ကျွန်းလှ)**

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ၊
ဆရာဦးမြင့်ဇော်ဝင်း B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 14 Sep
Mon to Thurs-1:00-3:00pm 14 Sep
Sat & Sun - 9:00-12:00 am 19 Sep
Sat & Sun - 12:30-3:30 pm 19 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-1:00-3:00pm 21 Sep
MontoThurs 3:00-5:00-7:00pm 21 Sep

**Pre-Intermediate English**
Mon to Thurs-5:00-7:00 pm 7 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-10:00-12:00 am 21 Sep

**Basic Writing Course**
Mon to Thurs - 3:00-4:30 pm 28 Sep

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 21 Sep

**Grammar Foundation Course**
Sat & Sun - 9:00-12:00am 5 Sep
Mon to Thurs - 1:00-2:30 pm 14 Sep
Mon to Thurs - 3:30-5:00 pm 14 Sep

**Structure & Written Expression**
Sat & Sun - 3:30-6:30pm 12 Sep
Mon to Thurs - 1:00-3:00 pm 14 Sep
Sat & Sun - 9:00-12:00am 26 Sep
Sat & Sun - 12:30-3:30 pm 10 Oct

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 21 Sep
SAT Mon to Thurs -3:30-5:00pm 21 Sep
IELTS(Foundation) Mon&Thurs 5:30to7:00pm 21 Sep
IELTS(Test Practice) Sat&Sun 10:30to12:30am 19 Sep
IELTS(Speaking) Sat&Sun 1:00to3:30pm 19 Sep

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 19 Sep

No.190, 2nd Flr.,28thSt(Upper), Pabedan Tsp. Ph: 01-243950, 246910

**ပိုင်ရှင်ကိုယ်တိုင်အိမ်အမြန်ရောင်းမည် | ပွဲစားလိုသည်**

တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းမ(ဂုတ်)ခြံ မွန်မြတ်မေတ္တာအိမ်ယာ မြေအကျယ်ပေ(၁၀၀)ပတ်လည်အိမ်အကျယ်(၆၀ပေ×၆၀ပေ)၊ 2RC တိုက်သစ်၊ MBR(5)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ အိပ်ခန်းတိုင်းတွင်ဝရန်တာပါသည်။ ပါကေးခင်း၊ ကြွေပြားကပ်၊ လိုက်ကာခန်းစီးတပ်၊ အခန်းတိုင်းတွင် အဲကွန်းပါသည်။ အိမ်ဖော်အိပ်ခန်း(၂)ခန်းပါသည်။အဝီစိရေ၊ ဂျိုးဖြူရေ၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ 25KVA မီးစက်၊ သရက်ပင်၊မာလာကာပင်၊ သီးပင်၊ စားပင်များနှင့် ပန်းအလှပင်များစိုက်ပျိုးထားသည်။ခြံဝင်းတစ်ခုလုံးတွင် ကွန်ကရစ်ဘလောက်တုံးများ ခင်းထားပြီးကား (၆)စီးဆံ့ Steel Structure ကားဂိုဒေါင်ပါသည်။အိမ်ပတ်လည် အုတ်တံတိုင်းအမြင့်ကာထားပြီး လုံခြုံရေးဘလိတ်ဓား ဆူးကြိုးများတပ်ဆင်ထားသည်။ ၎င်းအိမ်ကိုညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။ ငွေမြန်ပါကဈေးလျှော့ပေးမည်။

09-781012341, 09-781012342
09-781012343





၂၈.၈.၂၀၁၅ နေ့ သမ္မတ၊ သွင်၊မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာ(စံပြ)၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊ Junction(မော်တင်)၊ Junction Square၊ Top Royal(ပါရမီ)၊ မန္တလေး-ဝင်းလိုက်၊ မြို့မ၊ လားရှိုး-သီတာအေး၊ အောင်သီရိ၊ ပြင်ဦးလွင်-Movie Planet၊ တောင်ကြီး-မြသုခ၊ ပြည်-မင်္ဂလာထွန်းသီရိ၊ ပုသိမ်-ရွှေပြည်တော်၊ ထားဝယ်-အောင်မင်္ဂလာ၊ မြိတ်-မင်္ဂလာတို့တွင်တစ်ပြိုင်တည်း ပြဗြိ

# နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**ယမန်နေ့မှအဆက်**

### အခန်း(၃)
### နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-
(က) နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊ | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန၊ | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန၊ | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ | အဖွဲ့ဝင် |
| (၆) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမည်စာရင်း တင်သွင်းသော သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ | အဖွဲ့ဝင်များ |
| (၇) | ညွှန်ကြားရေးမှူးချုပ် နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးဦးစီးဌာန။ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ နျူကလီးယား လုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်မှုများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊
(ခ) နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ နျူကလီးယား စွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာအကောင် အထည်ဖော်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက် နိုင်ရေးအတွက် ဥပဒေဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊
(ဂ) ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒ များ ချမှတ်ပေးခြင်း၊
(ဃ) နျူကလီးယားစွမ်းအင်နှင့်ပတ်သက်သော သိပ္ပံနှင့်နည်းပညာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ တိုးမြှင့်လုပ်ကိုင် ဆောင်ရွက်နိုင်စေရေး တို့အတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများ ချမှတ်ပေးခြင်း၊
(င) ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြား ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဥပဒေအရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ဘောင်အတွင်း နျူကလီးယား စွမ်းအင်ကို လုံခြုံဘေးကင်းစွာ အသုံးပြုခြင်းနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန် ပေးခြင်း၊ မူဝါဒများချမှတ်ပေးခြင်း၊
(စ) နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့တွင် ပါဝင်ဆောင်ရွက်မည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ လိုအပ် သောအရည်အသွေးများကိုသတ်မှတ်ပေးခြင်း။

### အခန်း(၄)
### နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဦးစီးဌာန

၆။ ပြည်ထောင်စုအစိုးရသည် နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှု များကို ထိန်းချုပ်နိုင်ရန် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဦးစီး ဌာနကို ဖွဲ့စည်းရမည်။

၇။ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့် အရေးယူဆောင်ရွက်မှုများကို ကော်မတီ၏ကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရေး ဆွဲခြင်း၊
(ဂ) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်အား အိုင်း ယွန်းဖြစ်ရောင်ခြည်သင့်ခြင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်သော ဓာတ်ရောင်ခြည်ကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများကို သတ် မှတ်ရေးဆွဲခြင်း၊
(ဃ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများအတွက် လိုက်နာ ဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက်များကို သတ်မှတ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပြန်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခြင်း၊
(င) ဥပဒေနှင့် နည်းဥပဒေများထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပြုနိုင်ရေး အတွက် သတ်မှတ်ပေးခြင်း၊
(စ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို လိုင်စင်ထုတ်ပေး ခြင်းဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ အတည်ပြုနိုင်ရေးအတွက် စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ဝင်ရောက်တိုင်းတာစစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး ကိုက်ညီမှုမရှိပါက ဥပဒေအရ လိုအပ်သလို ဆောင် ရွက်ခြင်း၊
(ဆ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ဆောင်ရွက်ရန် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် ငွေကြေးအပါအဝင် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ ကို သတ်မှတ်ပေးခြင်း၊
(ဇ) လိုင်စင်ထုတ်ပေးထားသော နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှု များကို ဆောင်ရွက်နေသည့် မည်သည့်နေရာတွင်မဆို နျူကလီးယား ဘေးအန္တရာယ်သင့်မှုနှင့် ထိုသို့ ဖြစ်နိုင်ခြေရှိသောအခြေအနေမျ ားကို ဖော်ထုတ်သိရှိရပါက တိကျမှန်ကန်စွာ အရေးယူ ဆောင်ရွက်ခြင်း၊
(ဈ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို လုံခြုံစိတ်ချစွာ လည်ပတ်မောင်းနှင်မည့် ပုဂ္ဂိုလ်သည် သတ်မှတ်ထားသော အရည် အချင်းပြည့်ဝသူဖြစ်ကြောင်း အတည်ပြုပေးခြင်း၊
(ည) နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များအတွက် ကျသင့်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးခြင်း၊
(ဋ) နည်းဥပဒေအရ ထိန်းချုပ်မှုတွင်ထည့်သွင်းစဉ်းစားရန် မလိုအပ် သော အိုင်းယွန်းဖြစ်ရောင်ခြည်များ၏ လူပုဂ္ဂိုလ်များအပေါ် သင့် ရောက်မှုပမာဏများအား သတ်မှတ်ပေးခြင်း၊
(ဌ) ဓာတ်ရောင်ခြည်ပင်ရင်းများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့်စနစ် ကို ထူထောင်ထိန်းသိမ်းခြင်း၊
(ဍ) ဤဥပဒေအရ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများကို ဆောင်ရွက်ရန် လိုင်စင်ရရှိထားသူများမှတ်ပုံတင်ခြင်း အမျိုးသား အဆင့် စနစ်တစ်ခုကိုလည်း ထူထောင်ထိန်းသိမ်းခြင်း၊
(ဎ) ဦးစီးဌာနသည် ပုံမှန်စစ်ဆေးမှုများကို ဆောင်ရွက်နိုင်သည့်အပြင် ပြဋ္ဌာန်းထားသော လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေအား လိုက်နာမှု ရှိ၊ မရှိ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိမရှိ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ရန်လိုအပ်ပါက အခြားသော စုံစမ်းစစ်ဆေး မေးမြန်းမှုများကို ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊
(ဏ) မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ အကြား သဘောတူညီထားသည့် သဘောတူညီချက်များ၊ စာချုပ် စာတမ်းများ၊ ပဋိညာဉ်နှင့်ယင်းတို့၏ နောက်ဆက်တွဲစာချုပ်များကို နိုင်ငံတော်ကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
(တ) မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ အကြား နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများထိန်းချုပ်စောင့် ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နောက်ဆက်တွဲစာချုပ်များ အရ အမျိုးသားအဆင့် နျူကလီးယားဒြပ်ပစ္စည်းများကို ထိန်းချုပ် ရေးနှင့် စာရင်းဇယားထားရှိသည့်စနစ်၊ လိုင်စင်များအား မှတ်ပုံ တင်သည့်စနစ်နှင့် လိုအပ်သော အစီရင်ခံစာတင်သွင်းခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိသည့်စနစ်တို့ကို ထူထောင်ထိန်း သိမ်းခြင်း၊
(ထ) နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွ ပင်ရင်းများ၊ ပစ္စည်းကိရိယာများ၊ သတင်းအချက်အလက်နှင့်နည်း ပညာများအား တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့ကိုထိန်းချုပ်သော စနစ်တစ်ရပ်အား အခြားသက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်အကောင်အထည်ဖော် ဆောင် ရွက်ခြင်း၊
(ဒ) နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ယင်းတို့နှင့် ဆက်စပ် အဆောက်အအုံများ၏ လုံခြုံရေးအတွက် ခွင့်ပြုချက်မဲ့ လုပ်ဆောင်မှု သို့မဟုတ် မသင်္ကာဖွယ်ရာ လုပ်ဆောင်မှုများကို တိုင်းတာစစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက် ခြင်းများအပါအဝင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ ကို ထူထောင်ခြင်း၊
(ဒ) နျူကလီးယားနှင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သော နျူကလီး ယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေ များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံချက်တစ်ရပ်ကို ထူထောင်ဆောင်ရွက်ရာတွင် အခြား သက်ဆိုင် သော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(န) ဦးစီးဌာန၏လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည် ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည်ဟုယူဆပါက အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊
(ပ) အန္တရာယ်ရှိကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့်လုံခြုံရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဓာတ်ရောင် ခြည် ဘေးအန္တရာယ်ကင်းရှင်းရေးကဲ့သို့သော နယ်ပယ်များတွင် အခြားသက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊
(ဖ) ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အတွက် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊
(ဗ) ထူးခြားဖြစ်ရပ်များ၊ မတော်တဆဖြစ်ရပ်များနှင့် ပုံမှန်မဟုတ်သော ဖြစ်ရပ်များ အပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နည်း ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုနှင့် နျူကလီး ယားနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများအား အသိပေး ခြင်းနှင့် အကြံပြုနိုင်ရန်အတွက် သင့်လျော်သော လုပ်ငန်း အဖွဲ့နှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်း၊
(ဘ) လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်ပါက ပုဂ္ဂလိက သို့မဟုတ် လူထုအဖွဲ့အစည်းများ၊ ပြည်သူလူထုထံမှ သတင်း အချက်အလက်များ၊ စာရွက်စာတမ်းများ၊ ထင်မြင်ယူဆချက်များ ကို တောင်းခံခြင်း၊
(မ) နိုင်ငံအတွင်းရှိ ပြည်သူများနှင့် ပတ်ဝန်းကျင်ကို ဓာတ်ရောင်ခြည် ဘေးအန္တရာယ်မှ ကာကွယ်ရန် လိုအပ်သည့် ဆောင်ရွက်ချက်ကို လုပ်ဆောင်ခြင်း။

### အခန်း(၅)
### ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း

၈။ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုတစ်မျိုးမျိုးကို ဆောင်ရွက်လိုသူ သည် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြား စာပေးပို့ခြင်း၊ ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင် လျှောက်ထားခြင်းများ ဆောင်ရွက်ရမည်။

၉။ ဦးစီးဌာနသည် -
(က) ပုဒ်မ ၈ အရ မှတ်ပုံတင်လျှောက်ထားခြင်းကို သတ်မှတ်ချက်နှင့် အညီ စိစစ်ပြီး မှတ်ပုံတင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင် လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။
(ဂ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -
(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။
(ဂ) လိုအပ်ပါကသတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထား နိုင်သည်။

၁၁။ ဦးစီးဌာနသည် -
(က) ပုဒ်မ ၈ အရ လိုင်စင်လျှောက်ထားခြင်းများကို သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင် လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။
(ဂ) လိုင်စင်ကြေး၊ လိုင်စင်လက်ဝယ်ထားပိုင်ခွင့်နှင့် လိုင်စင်စည်းကမ်း သတ်မှတ်ချက်များသည် ဤဦးစီးဌာနက သတ်မှတ်ထားသည့် အတိုင်း ဖြစ်ရမည်။

၁၂။ လိုင်စင်ရရှိသူသည် ဤဥပဒေပါလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို စတင်ဆောင်ရွက်ခြင်းမပြုမီ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ် ပစ္စည်း၊ ရောင်ခြည်ထုတ်ကိရိယာ သို့မဟုတ် ပင်ရင်းများ၏ လုံခြုံစိတ်ချရမှု၊ လူနှင့်ပတ်ဝန်းကျင်အား ဘေးအန္တရာယ်ကင်းရှင်းစေမှုနှင့် မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုထားသည့် နျူကလီးယားနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို လိုက်နာမှု ရှိ၊ မရှိတို့အတွက် ဦးစီး ဌာန၏စစ်ဆေးခြင်းကိုခံယူရမည်။

၁၃။ လိုင်စင်ရရှိသူသည် -
(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
(ခ) လိုင်စင်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။
(ဂ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းတွင် သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ နိုင်ငံပိုင်နယ်နိမိတ်ကို အသုံးပြု၍သယ်ဆောင်ရာ တွင် လည်းကောင်း၊ နည်းဥပဒေပါ စည်းကမ်းချက်များနှင့်အညီ သယ်ဆောင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုထားသည့် နျူကလီးယားနှင့်သက်ဆိုင်သည့် အပြည် ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကိုလည်း လိုက်နာရမည်။
(ဃ) နျူကလီးယားဒြပ်ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ရောင် ခြည်ထုတ်ကိရိယာ၊ ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများကို မှတ်ပုံ တင်ထားရာ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်မည်ဆိုပါက လည်းကောင်း၊ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လိုင်စင်ပါ မူလနေရာဒေသမှ အခြားနေရာဒေသသို့ ပြောင်းရွှေ့ချထားလုပ်ကိုင်မည်ဆိုပါက လည်းကောင်း ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြု ချက်ရယူရမည်။
(င) ဤဥပဒေပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လုပ်ကိုင်ရာတွင် လူနှင့်ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိစေရန် သက်ဆိုင် ရာဥပဒေများကို လိုက်နာရမည်။

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၅ မှ**

၁၄။ ဤဥပဒေပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လုပ်ကိုင်ရာတွင် လူနှင့် တိရစ္ဆာန်တို့ကိုလည်းကောင်း၊ သဘာဝနှင့် ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပါက လျော်ကြေးပေးဆောင်နိုင်ရန် အာမခံထား ရှိရမည့်အပြင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုထားသည့် အပြည်ပြည် ဆိုင်ရာ နျူကလီးယားကြောင့်ထိခိုက်ပျက်စီးမှုဆိုင်ရာ လျော်ကြေးပေးမှု စာချုပ် စာတမ်းများကို လိုက်နာရမည်။

၁၅။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးရန် အဆိုပါလိုင်စင်သက်တမ်း မကုန်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့် အညီ စိစစ်ပြီး လိုင်စင်သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ် ခြင်းပြုနိုင်သည်။ ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြ ချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) လိုင်စင်ကိုပြန်လည်အပ်နှံခြင်း၊

(ခ) လိုင်စင်သက်တမ်းကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန် လျှောက်ထားမှု မရှိခြင်း၊

(ဂ) ဤဥပဒေအရ လိုင်စင်ကိုပယ်ဖျက်ခံရခြင်း။

၁၈။ လိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)တို့ပါ အကြောင်းတစ်ရပ်ရပ် ကြောင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့် အညီ လိုင်စင်ကိုပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင် ပြန်လည်လျှောက်ထားခွင့် မရှိစေရ။

၁၉။ ဦးစီးဌာနသည် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံပြီး လိုအပ်သော သင်တန်းများပြီးဆုံးအောင်မြင်ထားသူကိုသာ နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်ရမည်။ စစ်ဆေးရမည့် အစီအစဉ်များနှင့် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ ကိုလည်း သတ်မှတ်ပေးရမည်။

၂၀။ စစ်ဆေးရေးမှူးများသည် နျူကလီးယားဆိုင်ရာ လုပ်ငန်းနှင့် လုပ် ဆောင်မှုများ ဆောင်ရွက်နေသည့် အဆောက်အအုံ သို့မဟုတ် လုပ်ငန်းနေရာ သို့ မည်သည့်အချိန်တွင်မဆို သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခွင့် ရှိသည်။

၂၁။ ဦးစီးဌာနသည် လိုင်စင်ရရှိထားသူ သို့မဟုတ် အဖွဲ့အစည်းက လိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေကိုလိုက်နာမှုမရှိခြင်း၊ နည်းဥပဒေများနှင့်ကိုက်ညီမှု မရှိခြင်း၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်းတို့ကို တွေ့ရှိရပါက ချိုးဖောက်မှု ပမာဏ အလိုက် လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၂၂။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အရေးပါမှုအဆင့် အသင့်အတင့် သာရှိသော ဥပဒေချိုးဖောက်မှုကိစ္စရပ်များအတွက် ဦးစီးဌာနသည် စာဖြင့် ရေးသားထားသည့် သတိပေးချက်ထုတ်ပြန်၍ ပြန်လည်တည့်မတ်ခြင်းလုပ်ငန်း ကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် အချိန်ကာလ သတ်မှတ်ပေးရမည်။

၂၃။ အန္တရာယ်ရှိသောကိစ္စရပ်များတွင် လူနှင့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် ဦးစီးဌာနသည် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ယင်းတို့၏လုပ်ဆောင်မှုများကို ပုံမှန်အခြေအနေရောက်ရှိရန် ပြုပြင်ပြီးသည့်အချိန်အထိ ဥပဒေကြောင်းအရ အရေးယူခြင်းကို ဆိုင်းငံ့ထားနိုင်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဦးစီးဌာန အနေဖြင့် လိုင်စင်ဆိုင်ရာ အခြေခံသတ်မှတ်ချက်များကို ဆိုင်းငံ့ခြင်း၊ ဖျက် သိမ်းခြင်း၊ သက်တမ်းပြောင်းလဲ သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

၂၄။ လိုင်စင်ဆိုင်ရာ အခြေခံသတ်မှတ်ချက်များကို ဆက်တိုက် သို့မဟုတ် အလွန်အကျွံ ချိုးဖောက်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်သို့ ရေဒီယို သတ္တိကြွစွန့်ပစ်ပစ္စည်းများ ပမာဏကြီးမားစွာ စွန့်ထုတ်ခြင်းပြုသည့် လိုင်စင် ရရှိသူကို ဦးစီးဌာနက လိုင်စင်ကိုရုပ်သိမ်းရမည်။ ထို့ပြင် ဦးစီးဌာနသည် လုံခြုံမှု မရှိသောအခြေအနေမှ ပြန်လည်တည့်မတ်နိုင်ရေးအတွက် ဆောင်ရွက်ရန် လိုင်စင်ရရှိသူကို ညွှန်ကြားရမည်။

**အခန်း(၆)**
**ဓာတ်ရောင်ခြည်ကာကွယ်ရေး**

၂၅။ ဦးစီးဌာနသည် အိုင်းယွန်းဖြစ်ရောင်ခြည် ထုတ်လွှတ်မှုကြောင့် လူပုဂ္ဂိုလ် များကို ထိခိုက်မှုမှ ကာကွယ်နိုင်သည့် အခြေခံလိုအပ်ချက်များကို လက်ခံ ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၂၆။ ဦးစီးဌာနသည် ဤဥပဒေအရ နျူကလီးယားဆိုင်ရာ လုပ်ငန်းနှင့် လုပ် ဆောင်မှုများ လုပ်ကိုင်နေသောလူပုဂ္ဂိုလ်များကို အများဆုံးသင့်ရောက်ခွင့်ပြု သည့် ဓာတ်ရောင်ခြည်ပမာဏ သတ်မှတ်ပေးရမည်။

၂၇။ ဦးစီးဌာနသည် စိစစ်ထားသော ပင်ရင်း သို့မဟုတ် လုပ်ငန်းများကို ဥပဒေကြောင်းအရ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စံသတ်မှတ်ချက်များ သတ်မှတ်ပေးရမည်။

၂၈။ ဦးစီးဌာနသည် လိုင်စင်ရရှိထားသော လုပ်ငန်းနှင့်လုပ်ဆောင်မှုများ တွင် အသုံးပြုလျက်ရှိသော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် အရာဝတ္ထုများကို ဥပဒေထိန်းချုပ်မှုအောက်မှ လွတ်ငြိမ်းခွင့်ပြုနိုင်ရေးအတွက် အန္တရာယ်ကင်း အဆင့်များကို သတ်မှတ်ပေးရမည်။

၂၉။ ဦးစီးဌာနသည် လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လိုင်စင်ထုတ်မပေးမီ ဓာတ်ရောင်ခြည် ကာကွယ်ရေးအတွက် လိုင်စင်ရရှိသူများ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက်များကို အသိပေးရမည်။

၃၀။ လိုင်စင်ရရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယင်း၏ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို ဓာတ်ရောင်ခြည်အန္တရာယ်မှ ဘေးကင်းစွာ နှင့်လုံခြုံစိတ်ချစွာ ဆောင်ရွက်ရန်သော်လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ထား မှုသည် စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိကြောင်း သေချာစေရန် စဉ်ဆက် မပြတ် စောင့်ကြပ်ကြည့်ရှုရန်သော်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ လိုင်စင်ချပေးရန်လိုအပ်သော နည်းဥပဒေဆိုင်ရာလိုအပ်ချက်များ၊ အခြေအနေ များနှင့် ကိုက်ညီမှုရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရန် မူလနှင့်အဓိက တာဝန်ရှိသည်။

**အခန်း (၇)**
**ရေဒီယိုသတ္တိကြွပင်ရင်းများ**

၃၁။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွပင်ရင်းများနှင့် ရေဒီယိုသတ္တိကြွပင်ရင်း သုံးကိရိယာများကို ၎င်းပင်ရင်းများ၏ ရေဒီယိုသတ္တိကြွသက်တမ်းအတွင်းနှင့် သက်တမ်းကုန်ဆုံးသည့်အခါ ဘေးအန္တရာယ်ကင်းစွာ စီမံထားရှိမှုနှင့်လုံခြုံစွာ ကာကွယ်ထားရှိမှုတို့ကို ထိန်းချုပ်နိုင်မည့်စနစ်တစ်ရပ်ကို ထူထောင်ရမည်။

၃၂။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွပင်ရင်းများကို ဘေးအန္တရာယ်ကင်းစွာ ထားရှိမှုနှင့် လုံခြုံစွာကာကွယ်ထားရှိမှုများ ဆောင်ရွက်ရန်သော်လည်းကောင်း၊ ရေဒီယိုသတ္တိကြွပင်ရင်းများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့်ဆောင်ရွက်ရန် သော်လည်းကောင်း အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုထုတ်ပြန်ထားသော လမ်းညွှန်ချက်များအရ ပင်ရင်းများကို အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းကိုလက်ခံ ကျင့်သုံးရမည်။

၃၃။ ရေဒီယိုသတ္တိကြွပင်ရင်းများကို ဘေးအန္တရာယ်ကင်းစွာနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးသည် ထိုပင်ရင်းများကို ပိုင်ဆိုင်အသုံးပြုခွင့်ရရှိထားသူ၏ မူလ နှင့် အဓိကတာဝန်ဖြစ်သည်။

၃၄။ ဦးစီးဌာနသည် အမျိုးသားအဆင့် ရေဒီယိုသတ္တိကြွပင်ရင်းများ မှတ်ပုံတင် ခြင်းကို ထူထောင်ထိန်းသိမ်းရမည်။ ယင်းစနစ်တွင်ပါဝင်သော သတင်းအချက် အလက်များကို ကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃၅။ အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု လမ်းညွှန်ချက်များကိုအခြေခံ၍ ဦးစီးဌာနသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်မှ သို့မဟုတ် နယ်နိမိတ်သို့ သို့မဟုတ် နယ်နိမိတ်ကို ဖြတ်သန်း၍ ရေဒီယိုသတ္တိကြွပင်ရင်းများ အား တင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် တစ်ဆင့်ကူးပြောင်းခြင်းများအတွက် လိုင်စင်ထုတ်ပေးရန်အလို့ငှာ နည်းဥပဒေဆိုင်ရာလိုအပ်ချက်များနှင့် လုပ်ငန်း စဉ်များကို ချမှတ်ရမည်။

၃၆။ ရေဒီယိုသတ္တိကြွပင်ရင်းများ ထိန်းချုပ်မှုအောက်မှ ပျောက်ဆုံးခြင်း သို့မ ဟုတ် လူပုဂ္ဂိုလ်များသို့ ထိခိုက်ဒဏ်ရာရစေနိုင်ခြင်း၊ ပစ္စည်းဥစ္စာ သို့မဟုတ် ပတ်ဝန်းကျင်တွင် ပျက်စီးဆုံးရှုံးခြင်း သို့မဟုတ် အခြားမည်သည့်အခြေအနေ မျိုးကိုမဆို ရောင်ခြည်ထုတ်ပင်ရင်းများနှင့် ဆက်နွယ်သည့် ထိခိုက်မှုများကို ဦးစီးဌာနသို့ ချက်ချင်းအစီရင်ခံမည့် လိုင်စင်ပေးအပ်ခြင်းခံရသူများရှိရမည်။

၃၇။ ဦးစီးဌာနသည် ပိုင်ရှင်မဲ့ပင်ရင်းများအပေါ် ချက်ချင်းပြန်လည်ထိန်းချုပ် နိုင်ရေးအတွက် အမျိုးသားအဆင့်နည်းဗျူဟာရေးဆွဲရန် ဆက်စပ်သက်ဆိုင် သော အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ အဆိုပါအမျိုးသားအဆင့်နည်းဗျူဟာကို ကော်မတီ၏ အတည်ပြုချက်ရယူရမည်။

**အခန်း(၈)**
**နျူကလီးယားအဆောက်အအုံများဘေးကင်းလုံခြုံရေး**

၃၈။ ဦးစီးဌာနသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်း ရှိ နျူကလီးယားအဆောက်အအုံများနှင့် ယင်းနှင့်ဆက်စပ်သော လုပ်ငန်း နှင့်လုပ်ဆောင်မှုများကို စနစ်တကျ ထိန်းချုပ်နိုင်ရေးအတွက် အခြေခံ လိုအပ်ချက်များကို သတ်မှတ်ရမည်။

၃၉။ နျူကလီးယားအဆောက်အအုံ တည်ဆောက်မှု သို့မဟုတ် လည်ပတ် မောင်းနှင်မှု သို့မဟုတ် ၎င်းနှင့်ဆက်စပ်သော လုပ်ငန်းနှင့်လုပ်ဆောင်မှုများ ဆောင်ရွက်လိုသူသည် ဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ လိုင်စင်လျှောက် ထားရမည်။

၄၀။ လိုင်စင်ရရှိသူသည် နျူကလီးယားအဆောက်အအုံနှင့် ယင်းနှင့်ဆက်စပ် သော လုပ်ငန်းနှင့် လုပ်ဆောင်မှုများအားလုံး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကို သေချာစေရန်အတွက် မူလနှင့်အဓိကတာဝန်ရှိသည်။

၄၁။ နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန် လိုင်စင်မပေးအပ်မီ၊ လုပ်ငန်းမစတင်မီနှင့် တည်ဆောက်နေစဉ်ကာလအတွင်း အဆင့်တိုင်းတွင် ဦးစီးဌာနသည် လုပ်ငန်းအစီအစဉ်များကို ပြီးပြည့်စုံအောင် လေ့လာသုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အတည်ပြုချက်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရမည်။

၄၂။ နိုင်ငံတော်တွင် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန်အလို့ငှာ ပဏာမရွေးချယ်ထားသောနေရာ စိစစ်ရွေးချယ်နိုင်မည့် လုပ်ထုံးလုပ်နည်း တစ်ခုကို ဦးစီးဌာနကဦးဆောင်၍ အခြားလုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင် များ ပါဝင်သော အဖွဲ့ဖြင့်ရေးဆွဲရမည်။

၄၃။ လိုင်စင်လျှောက်ထားသူသည် ဦးစီးဌာနက အပြန်အလှန်သုံးသပ်အကဲဖြတ် နိုင်ရေးအတွက် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန် သတ်မှတ်ထား သော လုပ်ငန်းတည်နေရာ စိစစ်ခြင်း အစီရင်ခံစာတွင် သတ်မှတ်ချက်များနှင့် အညီ ထည့်သွင်းရေးဆွဲပြုစုရမည်။

၄၄။ ဦးစီးဌာနအနေဖြင့် အဆိုပြုထားသည့် နျူကလီးယားအဆောက်အအုံ စီမံကိန်းအား သုံးသပ်မှု၊ အကဲဖြတ်မှုနှင့် ထိုလုပ်ငန်းများကို လိုင်စင်ချပေးရန် ဆောင်ရွက်နေစဉ်အတွင်း အဆင့်တိုင်းတွင် သတင်းနှင့်အကြံပေးချက်များအား တည်ဆောက်ရန် ရည်မှန်းထားသောဒေသအနီးတစ်ဝိုက်ရှိ နေထိုင်သူများအပါ အဝင် ပြည်သူလူထုသို့ ထုတ်ပြန်အသိပေးနိုင်ရေးအတွက် အစီအစဉ်တစ်ခု ရေးဆွဲရမည်။

၄၅။ နျူကလီးယားဓာတ်ပေါင်းဖိုများကို ပိတ်သိမ်းချိန်တိုးမြှင့်ရာတွင် ဦးစီး ဌာနကချမှတ်ထားသော စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိသည့် တိကျသော နည်းပညာအစီအမံများဖြင့်ပြင်ဆင်ထားရမည်။

၄၆။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံများအား ဖျက်သိမ်းခြင်းနှင့် ဆိုင်သော အခြေခံလိုအပ်ချက်များကို ချမှတ်ပေးရမည်။

၄၇။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံ တည်ဆောက်လည်ပတ်ရန် လျှောက်ထားသူကို ဆောက်လုပ်ခြင်းမစတင်မီ ဓာတ်ရောင်ခြည်ဆိုင်ရာအခြေ အနေများအပါအဝင် တည်ဆောက်မည့် နေရာအတွက် အခြေခံလေ့လာစုံစမ်းမှု များကို ဆောင်ရွက်ခြင်း၊ တည်ဆောက်လည်ပတ်ပြီးနောက် ဖျက်သိမ်းပြီးစီးသည့် နောက်ဆုံးအဆင့်နှင့်နှိုင်းယှဉ်နိုင်ရန် သတင်းအချက်အလက် စုဆောင်းခြင်း များကို ပြုလုပ်ဆောင်ရွက်စေရမည်။

၄၈။ ဦးစီးဌာနသည် လိုင်စင်ရရှိသူကို နျူကလီးယားအဆောက်အအုံ မဖျက် သိမ်းမီ၊ ဖျက်သိမ်းနေစဉ်နှင့် ဖျက်သိမ်းပြီးကာလများအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားစေရမည်။

၄၉။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အပြီးတိုင်ပိတ်သိမ်းရမည့်အချိန်သတ် မှတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ရမည်။

၅၀။ ဦးစီးဌာနသည် လုပ်ငန်းဖျက်သိမ်းခြင်းကို အပြီးသတ်ဆောင်ရွက်ပြီး နောက် နျူကလီးယားအဆောက်အအုံ၏ နောက်ဆုံးအခြေအနေသည် သက် ဆိုင်သည့် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သေချာစေရန် အကဲဖြတ် စိစစ်ရမည်။

၅၁။ ဦးစီးဌာနအနေဖြင့် လိုင်စင်ရရှိထားသူက နျူကလီးယားအဆောက်အအုံ ဖျက်သိမ်းခြင်း စီမံချက်၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိကြောင်း သက်သေ ပြနိုင်မှုမရှိသေးခြင်းနှင့် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များ ပြည့်မီ ကြောင်းပြသနိုင်သည့်အခြေအနေသို့ မရောက်မီအထိ ထိုအဆောက်အအုံ အား ဥပဒေနှင့်အညီ ဆက်လက်ထိန်းချုပ်ထားရမည်။

၅၂။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံဖျက်သိမ်းခြင်းအစီ အစဉ်နှင့်သက်ဆိုင်သည့် အခြေခံလိုအပ်ချက်များ၊ လုပ်ငန်းဖျက်သိမ်းခြင်းနှင့် ပတ်သက်သည့် လိုင်စင်ရရှိသူ၏ တာဝန်ဝတ္တရားများနှင့် ဖျက်သိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးအစီအမံများ၊ လိုင်စင်ထုတ်ပေးသည့်စနစ်နှင့် နျူကလီးယား အဆောက်အအုံ လည်ပတ်မောင်းနှင်သူများ၏ အရည်အသွေးတို့ကို သတ် မှတ်ရမည်။

**အခန်း(၉)**
**အရေးပေါ်ပြင်ဆင်မှုနှင့်တုံ့ပြန်မှု**

၅၃။ အရေးပေါ်ဆိုင်ရာအခြေအနေအတွက် သင့်လျော်သော ကြိုတင် ပြင်ဆင်မှုနှင့်တုံ့ပြန်ဆောင်ရွက်မှုစီမံချက်ကို လိုင်စင်လျှောက်ထားသူက ရေးဆွဲမှုမပြီးသေးမီနှင့် ယင်းကိုဦးစီးဌာနက အတည်ပြုချက်မရသေးမီ လုပ်ငန်းနှင့် လုပ်ဆောင်မှုများဆောင်ရွက်ခြင်း၊ ပင်ရင်းများကို ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းနှင့် နျူကလီးယားအဆောက်အအုံတစ်ခု လည်ပတ်မောင်းနှင်ခြင်း တို့ကို ဆောင်ရွက်ရန် လိုင်စင်ထုတ်ပေးခြင်းမပြုရ။

၅၄။ ဦးစီးဌာနသည် မည်သည့် လုပ်ငန်းနှင့်လုပ်ဆောင်မှုများ၊ ဓာတ်ရောင် ခြည်ပင်ရင်းများ၊ သို့မဟုတ် နျူကလီးယားအဆောက်အအုံများအတွက် အရေးပေါ်အခြေအနေဆောင်ရွက်ရန် လိုအပ်လာနိုင်သည့်လုပ်ငန်းများ၏ လုပ်ငန်းနေရာအတွင်းနှင့် ပြင်ပတို့နှင့်စပ်လျဉ်း၍ အရေးပေါ်အခြေအနေ ဆိုင်ရာစီမံချက်များပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းတို့ကို လိုအပ်ချက် တစ်ရပ်အနေဖြင့် နည်းဥပဒေတွင်လည်းကောင်း၊ လိုင်စင်ထုတ်ပေးရန်လိုအပ် ချက်များတွင်လည်းကောင်း ထည့်သွင်းနိုင်ရန်ဆောင်ရွက်ပေးရမည်။

၅၅။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်သည့် အမျိုးသားအဆင့်စီမံ ချက်များကို အခြားသော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်သည့်အဖွဲ့ အစည်းများနှင့် အတူတကွ ပူးပေါင်းရေးဆွဲရမည်။ ၎င်းအရေးပေါ်ဆိုင်ရာ စီမံချက်များကို အချိန်မှန်ပြန်လည်သုံးသပ်ခြင်း၊ ဖြည့်စွက်တင်ပြခြင်း၊ အတည် ပြုခြင်းနှင့် ကြိုတင်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ရမည်။ အရေးပေါ်ဖြစ်ပွား လာသည့်အခါ လိုင်စင်ရရှိသူသည် အရေးပေါ်စီမံချက်များကို ဦးစီးဌာန၏ အတည်ပြုချက်အတိုင်း ကိုက်ညီအောင် ဆောင်ရွက်ရမည်။

၅၆။ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေ တစ်ရပ်တွင် ရေဒီယိုသတ္တိကြွညစ်ညမ်းမှုသည် နိုင်ငံတော်၏ နယ်နိမိတ်ကို ဖြတ်ကျော်၍ ပျံ့နှံ့နိုင်သည့်အန္တရာယ်ရှိပါက နိုင်ငံတော်အစိုးရသည် အပြည် ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသို့လည်းကောင်း၊ ဓာတ် ရောင်ခြည် ထုတ်လွှတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်ပေါ်နိုင်သည့် နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ချက်ချင်း အကြောင်းကြားရမည်။

၅၇။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာပဋိညာဉ်များပါ သတ်မှတ်ချက်များ အရ နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာအရေးပေါ်အခြေ အနေများတွင် သတင်းအချက်အလက်နှင့် လိုအပ်သည့်အကူအညီများကို ထောက်ပံ့ရေးအတွက် ဆက်သွယ်ရမည့် အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက် ရမည်။

**အခန်း(၁၀)**
**နျူကလီးယားဒြပ်ပစ္စည်းဆိုင်ရာသတ္တုတူးဖော်ခြင်းနှင့်သန့်စင်ခြင်း**

၅၈။ ဦးစီးဌာနသည် နျူကလီးယားဒြပ်ပစ္စည်းများ စူးစမ်းရှာဖွေခြင်း၊ တူးဖော် ခြင်း၊ သန့်စင်ခြင်းနှင့် လုပ်ဆောင်လည်ပတ်ခြင်းလုပ်ငန်းတို့ကို ဘေးအန္တရာယ် ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးနိုင်ရန် အခြေခံ လိုအပ်ချက်များကို သတ်မှတ်ရမည်။

၅၉။ ဦးစီးဌာနသည် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေကို လိုက်နာမှုရှိ၊ မရှိ၊ နည်းဥပဒေနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ် ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ၊ မရှိ စစ်ဆေးအတည်ပြု နိုင်ရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ စနစ်တစ်ခုထူထောင်ထားရမည်။

၆၀။ လုပ်ငန်းခွင်တစ်ခုမှ ယူရေနီယံ သို့မဟုတ် သိုရီယံပါဝင်သော သတ္တု တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားသူ သည် သတ်မှတ်ထားသော လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ သတင်းအချက် အလက်များကို ဦးစီးဌာနသို့တင်ပြရမည်။

၆၁။ လိုင်စင်တွင်ပါဝင်သော သတ္တုတူးဖော်ခြင်းနှင့် သတ္တုသန့်စင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံ စိတ်ချမှု သေချာစေရေးသည် လိုင်စင်ရရှိထားသူ၏ မူလနှင့်အဓိကတာဝန် ဖြစ်သည်။

၆၂။ လိုင်စင်ရရှိထားသူသည် ဦးစီးဌာနက တောင်းဆိုသော သတင်းအချက် အလက်များကို ပံ့ပိုးပေးရမည့်အပြင် ချမှတ်ထားသော နည်းဥပဒေများနှင့် လိုင်စင်ရရှိရေးအတွက် အခြေခံအချက်အလက်များနှင့် ကိုက်ညီကြောင်း အတည်ပြုနိုင်ရန် ဝင်ရောက်စစ်ဆေးမှုများကို ခွင့်ပြုရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

**အခန်းဆက်ဆောင်းပါး**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ဤရပ်ကွက်အမည်များကို ဝက်မစွတ်မြို့စားဝန်ထောက်မင်းက "ရတနာပုံ၊ ဇေယျုကြွင်နန်း၊ ပြည်ရွှေမန်းဝင်၊ နန်း၏ဝန်းကျင်၊ လေးပြင်မျက်နှာ၊ ရန်ကာဝပ်ညောင်း၊ ရပ်ကွက်ပေါင်းကို၊ ခြီးသောင်းသြဘာ၊ မင်္ဂလာဖြင့်၊ သညာပညတ်၊ တံဆိပ်ခတ်၍၊ သတ်မှတ်တော်မူ၊ လှိုင်ကြူပျံ့မွှေး၊ ငါးဆယ့်လေးကို၊ အဝေးလူဗိုလ်၊ မှတ်စေလို၍၊ သံချိုလူးတား၊ လင်္ကာအားဖြင့်၊ ပျံ့ရှားချိုလွင်၊ သံပိုင်းထင်ပိမ့်" ဟူ၍ ရေးဖွဲ့စပ်ဆို မှတ်တမ်းပြုခဲ့၏။

**နန်းမြို့အတွင်း (၂၃၉)ဝင်း**

မင်းတုန်းမင်းတရားကြီးသည် မန္တလေးမြို့တည်ပြီးနောက် နန်းတော်နှင့် တံခါးအမည်များကအစ အမရပူရ မင်းနေပြည်ဟောင်းနှင့် မတူအောင် အမည်ပြောင်းလဲခေါ်ဝေါ်သမုတ်သည်များလည်းရှိ၏။ မင်းမှုထမ်းအမည်နာမနေရာများကား ပြောင်းလဲပြင်ဆင်ခြင်းမရှိပေ။ ဝင်းများ၊ ရပ်ကွက်များမှာ မင်းညီမင်းသား၊ မှူးတော်မတ်တော်မှအစ ဝန်ထောက်၊ စာရေးတော်ကြီးများ၊ စာရေးများပါ အမည်နာမများနှင့် ၎င်းတို့နေရာ ဝင်းအိမ်၊ အချို့တစ်ပြပတ်လည်၊ အချို့တစ်ခြမ်းဝင်း၊ အချို့တစ်စိပ်ဝင်းများထိ ကျယ်ပြန့်စွာနေရာချထားပေးခြင်းဖြစ်၏။ ရှေးမြေပုံအရ နန်းတွင်း၌ပင် ဝင်းပေါင်း (၂၃၉)ကွက်ရှိခဲ့ကြောင်း မှတ်သားရ၏။

မင်းတုန်းမင်းလက်ထက်မှာပင် အချို့လည်းနေရာအပြောင်းအရွှေ့ ရာထူးမတည်မြဲမှုတို့ကြောင့် ပြောင်းလဲသွားရသည်များလည်းရှိ၏။ သီပေါမင်းလက်ထက် ရောက်သောအခါနှင့် ပါတော်မူပြီး နောက်ပိုင်းကာလများတွင် နန်းတော်အပြင်ရှိ မြို့တွင်းရပ်ကွက်ဝင်းများအချို့လည်း တစ်ဆင့်လွှဲပြောင်းရောင်းချမှုကြောင့် ဝင်းနေရာ ပျောက်ကုန်သည်လည်းရှိ၏။ မည်သို့ဆိုစေ မြန်မာမင်းလက်ထက် ဝင်းအိမ်ရပ်ကွက် အစုအဝန်းနေထိုင်ချထားပေးမှုသည် ရှေးမြန်မာလူမှု၊ ယဉ်ကျေးမှုတည်ဆောက်ထိန်းသိမ်းခဲ့သော ဆောင်ရွက်ချက်များဖြစ်၏။ ထိုသို့ စနစ်တကျပြောင်းရွှေ့တည်ထောင် နေရာချထားခဲ့ရာတွင် မင်းတုန်းမင်းကြီးသည် အခြားဘာသာဝင်များနေထိုင်ရန်အတွက်လည်း စီစဉ်ပေးသနားသည်။ အစ္စလာမ်ဘာသာဝင်များအတွက် ဗလီများ၊ ခရစ်ယာန်ဘာသာဝင်များအတွက် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ဆောက်လုပ်ရန်နေရာဟူ၍ သတ်မှတ်ပေးခဲ့၏။ သံတမန်နည်းအရ သံတမန်များနေထိုင်ရန် ဝင်း၊ အိမ်နေရာများလည်း ချထားပေး၏။ အခြားဘာသာပေါင်းစုံ အစုအဝန်း၊ အကွက်နှင့်နေရာချထားပေး၏။

> **မြန်မာမင်းလက်ထက် ဝင်းအိမ်ရပ်ကွက် အစုအဝန်းနေထိုင်ချထားပေးမှုသည် ရှေးမြန်မာလူမှု၊ ယဉ်ကျေးမှုတည်ဆောက်ထိန်းသိမ်းခဲ့သော ဆောင်ရွက်ချက်များဖြစ် . . .**

**ပြင်မြို့ရိုး မြို့တံခါး (၅၇)ရပ်**

ရပ်ကွက်အစုအဝန်းများဖြင့် နေရာချထားစည်ကားလာခဲ့ရာမှ ရွှေတချောင်းအနောက်ဘက်တွင် လူနေအိမ်ခြေများ ပိုများလာသဖြင့် ပြင်မြေမြို့ရိုးတော်ကြီးတစ်ထပ်လုပ်ဆောင်ခဲ့ရ၏။ ၁၂၃၇ ခုနှစ် နှောင်းတန်ခူးလတွင် မှူးတော်၊ မတ်တော်တို့အား စရိတ်ငွေတော်ပေးအပ်ရာ မြို့တော်လေးမျက်နှာပြင် မြို့ရိုးကြီးဆည်ဖို့ တည်လုပ်စေတော်မူ၏။ အနောက်ဘက်၌ ပြုလုပ်ရခြင်းမှာ ဧရာဝတီမြစ်ရေကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ မြေမြို့ရိုးကြီးပမာဏမှာ ထုထည်တာ ထိပ်ပြင်ခြောက်တာ၊ အမြင့်သုံးဆယ်တောင်တည်လုပ်စေပြီး မြို့တံခါး ၅၇ ရပ် သတ်မှတ်ပေး၏။

မြို့တံခါးများမှာ အနောက်မျက်နှာမြောက်စွန်မှစ၍ (၁)ရဲတပ်၊ (၂)ရန်ပြို၊ (၃)ရဲစင်၊ (၄)စံရှား၊ (၅)စက်ရိပ်၊ (၆)ရေကြည်၊ (၇)ပိုက်ကျိုး၊ (၈)ရေစုန်၊ (၉)စံရှည်၊ (၁၀)ဂေါဝိန်၊ (၁၁)တာရိန်၊ (၁၂)ပန်းဆက်၊ (၁၃)စံရာ၊ (၁၄)ဖောင်ရှည်၊ (၁၅)မြရိန်၊ (၁၆)ပြန်အောင်၊ (၁၇)ထုံးရှည်၊ (၁၈)ထိန်ရဟူ၍ (၁၈)တံခါးရှိ၏။

မန္တလေးတောင်ကို အတွင်းထား၍ မြို့တော်မြောက်မျက်နှာတွင် အနောက်ဘက်မှစ၍ (၁)ရဲထွတ်၊ (၂) လှိုင်ကြူ၊ (၃)လှိုင်သင်း၊ (၄)သီဝံ၊ (၅)လေသာ၊ (၆)လေသောက်၊ (၇)လှိုင်သာ၊ (၈)မာန်အောင်၊ (၉)မြောင်ဦး၊ (၁၀)မျှို့ဦး ဟူသော တံခါး (၁၀)ရပ်ရှိ၏။

အရှေ့မျက်နှာတွင် မြောက်စွန်းမှစ၍ (၁)လွန်းကြင်၊ (၂)လှိုင်ကျော်၊ (၃)လှိုင်ကျွန်း၊ (၄)လွတ်ကင်း(လွတ်ကျွန်း)၊ (၅)လှိုင်ကြူ၊ (၆) ဦးတိုက်၊ (၇)ဥဒါန်း၊ (၈)ဦးနှိမ်၊ (၉)အောင်နန်း၊ (၁၀)အောင်ထွန်း၊ (၁၁)အောင်ထင်၊ (၁၂)ဥဒည်၊ (၁၃)အောင်ငြိမ်း၊ (၁၄)သာစည်၊ (၁၅)သိမ်းစံ၊ (၁၆)သညာ၊ (၁၇)သာစုံ၊ (၁၈)သူစံ ဟူ၍ (၁၈) တံခါးရှိ၏။

တောင်မျက်နှာတွင် အရှေ့စွန်းမှစ၍ (၁)ကြဉ်လှိုင်၊ (၂)ခွန်ယူ၊ (၃)ကောင်းလှိုင်၊ (၄)ကျော်မိုး(ကျော်မှို)၊ (၅)ကောင်းမြိုက်၊ (၆)ကဲမြင့်၊ (၇)ကဲမိုး၊ (၈)ရန်နှိပ်၊ (၉)ရန်နှိမ်၊ (၁၀)ရန်နိုင်၊ (၁၁)ရန်နှင် ဟူသော တံခါး (၁၁)ရပ်ရှိ၏။ ပြင်မြို့ရိုး ၅၇ ရပ်တွင်လည်း တံခါးပေါက်တစ်ပေါက်လျှင် တံခါးဗိုလ် တစ်ယောက်စီခန့်ထား၍ နေ့ညမပြတ်စောင့်ရှောက်ရ၏။ မြို့လေးမျက်နှာ တံခါးတော်များတည်ထားခဲ့သော်လည်း ယခုအခါကွယ်ပျောက်လျက်ရှိသည်။ အချို့သာ မြစ်ရိုးဆိပ်ကမ်းဝန်းကျင်၌ ရပ်ကွက်၊ အိမ်တန်း အမည်မျှလောက်သော ကျန်ရစ်၍ လူသိများသော တံခါးအမည်များအနက်ဂေါဝိန်သည် ၃၅ လမ်း ဧရာဝတီဆိပ်ကမ်းဖြစ်၍ ဂေါဝိန်အမည်မှာ လူသိများသည်။ စက်ရိပ်-ကျွဲစွန်း၏ မြောက်ဘက်တာရိုးပေါ် ရပ်ကွက်အိမ်တန်းများကို ခေါ်ဆိုလျက်ရှိသည်။ ပိုက်ကျိုး (၂၆)လမ်းအဆင်း ဧရာဝတီဆိပ်ကမ်း အမည်ထင်ရှား၏။ ရဲထွတ်သည် ကျွဲစွန်းအနောက်ဘက် သရက်တစ်ပင်တောင်ထိပ်ရှိ ရွာဖြစ်သည်။ ယခု မြစ်ကြောင်း၊ ရေကြောင်းခြားလျက်ရှိ၏။ မြို့ရိုးတစ်လျှောက် ကျန်ကောင်းကျန်ရာ မြို့တံခါးနာမည်အချို့ဖြစ်၏။ ပြင်မြို့ရိုးအမည်များနှင့် စပ်လျဉ်း၍ ပိုက်ကျိုးတံခါးဗိုလ် မောင်ဆိုင် ရေးသောလင်္ကာတွင် "မဟာဒေဝရာဇ်၊ နတ်မြစ်ရိပ်ငြိမ်၊ တာဝတိံနှင့်၊ နှိုင်းချိန်ပမာ၊ သြဘာသာယာ၊ နွယ်သညာဖြင့်၊ ရတနာပုံမည်၊ မြတ်ရွှေပြည်ဝယ်၊ ထောင်ခြည်ရောင်ယှက်၊ ရွှေကြည်ရွက်ကို၊ ရေတွက်ဘွယ်လစ်၊ တံတားထစ်သို့၊ ခုနစ်ငါးဆယ်၊ အသွယ်သွယ်ကို၊ သိလွယ်စေငှာ၊ လင်္ကာပေါင်းရုံး၊ ပန်းနှယ်ကုံးပိမ့်" စသည်ဖြင့် ရေးဖွဲ့မှတ်တမ်းတင်ထားသည်။

မြန်မာမင်းအုပ်ချုပ်ပုံစနစ်အရ ရှေးက အရာထမ်း၊ အမှုထမ်းများကို နေပြည်တော်၏ လေးပြင်လေးရပ်၌ နေရာတကျ ချမှတ်ပေးထားသည်မှာ အလောင်းဘုရားလက်ထက်တော်မှစ၍ဖြစ်သည်။ အစုအမှုထမ်းများနှင့် ပတ်သက်၍ ၁၇၈၈ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ (သက္ကရာဇ် ၁၁၅၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁ ရက်) နာခံကျော်စွာ နော်ရထာတွင်ပြန်သည့် အမိန့်တော်တွင် မြန်မာ့အုပ်ချုပ်ပုံစနစ်ကို တွေ့နိုင်သည်။ ဧကရာဇ်မင်းမြတ် အဆက်ဆက်အမှုထမ်း၊ အရာထမ်း၊ ဆင်သည်၊ မြင်းသည်၊ ခြေလျင်သည်၊ သူရဲတို့ကို သားတော်အစဉ် မြေးတော်အဆက် အခွန့်ရှည်စွာ သနားတော်ရေးနှင့်တကွ မထွေးမရှုပ် ဥဒါန်းမော်ကွန်းအစဉ်ထွန်းအောင် သွေးသောက်စု၊ မြင်းစု၊ ဒိုင်းစု၊ ရှေ့ဝန်းကျင်သေနတ်၊ နောက်ဝန်းကျင်သေနတ်၊ မြေနန်းသေနတ်မှစ၍ အသီးသီးအစုအုပ်ဖွဲ့တော်မူသည်။ သေနတ်သွေးသောက်စုဖွဲ့ရာတွင်လည်းပါဝင်သည့် လူတို့ကို စုရေးစုကိုင်မြို့၊ ရွာလူကြီးတို့က မင်းမှုမင်းခမ်းမခန့်ထားစေနှင့်၊ကြွေးတော်၊ မြီတော် မတောင်းမထုတ်စေနှင့်၊ သားမြေးတို့အရွယ်ရောက်လျှင်လည်း သေနတ်စုအရာထမ်းရွက်စေသည်ဖြင့် စည်းရုံးမှုအသွင်လည်း တွေ့ရသည်။ အားပေးချီးမြှောက်မှုအဖြစ်လည်း တွေ့နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ရွှေအိုးကြီး Aircon Express
09 421073634, 09 420281267

**ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်**
ကျွန်မ မဆင့်ဆင့်ဌေး၏ နိုင်ငံကူးလက်မှတ် M-078949 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၄၇၂၃၃










အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

***ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)***

**ယမန်နေ့မှအဆက်**

ဦးထင်ကျော်က နွယ်တို့ထံ သွားမည်ပြုသည်။ သို့ရာတွင် သူ့ကိုဒေါ်အေးသန့်က တားလိုက်၏။

"နေဦး. . နွယ်တို့အဖေ၊ အခု လူကလေး သက်ခိုင်ရဲ့ အဖေ မရှိတော့ဘူးတဲ့"

"ဘာ. . စိုးခိုင် မရှိတော့ဘူး"

"ဟုတ်တယ်ရှင့်၊ လူကလေး ခုနင်က ပြောသွားတယ်၊ ကိုစိုးခိုင်ဟာ ဂျပန်တော်လှန်ရေးတုန်းက စစ်တောင်းမှာ ကျသွားရရှာသတဲ့"

ဦးထင်ကျော်သည် ခေတ္တငိုင်သွား၏။ ထိုနောက် စိတ်ထိခိုက်ခြင်းကို လွှမ်းပစ်သောအပြုံးကို ပြုံး၍ ဆို၏။

"လာဟေ့. . မောင်ဘမြိုင်၊ ဟိုဥစ္စာ ငါ့တူအရင်းပဲ၊ သွားနှုတ်ဆက်ကြရအောင်"

မောင်ဘမြိုင်ဟု အခေါ်ခံရသော လူရွယ်သည် ဦးထင်ကျော်၏နောက်မှရိုသေစွာ ကပ်လိုက်လာ၏။

ဦးထင်ကျော်တို့ကို လှမ်းမြင်သောကြောင့် သက်ခိုင်က ဒန်းကိုအရှိန်လျှော့ပေး၏။ ဦးထင်ကျော်တို့ ရောက်လာချိန်၌ ဒန်းကရပ်သွားလေပြီ။ သို့ရာတွင် မလေးနွယ်က ဒန်းပေါ်မှမဆင်း။ သက်ခိုင်ကသာ ဒန်းကြိုးတစ်ဖက်ကို ကိုင်ရင်း သူ့ဦးကြီးကို ငြိမ်သက်တည်ကြည်စွာ ပြန်ကြည့်နေ၏။

ဦးထင်ကျော်က သက်ခိုင်၏အနီးသို့ ကပ်သွားပြီးမေးသည်။

"သက်သက် သား ငါ့တူ သက်ခိုင်လားဟေ့"

သက်ခိုင်က နှုတ်နှင့်မဖြေ။ ခေါင်းသာ ညိတ်ပြ၏။

ဦးထင်ကျော်က သက်ခိုင်ကို ကိုဘမြိုင်နှင့် မိတ်ဆက်ပေး၏။

"မောင်သက်ခိုင် . . သူက မောင်ဘမြိုင်၊ ဝတ်လုံတွဲ့ရပြီးပြီ၊ မိဘတိုးဘွားများက တို့ရေနံချောင်းအဆက်ထဲကပဲ၊ သူကတော့ ဦးရဲ့တစ်ဦးတည်းသောတူ မောင်သက်ခိုင်ပဲ မောင်ဘမြိုင်"

သက်ခိုင်နှင့် ကိုဘမြိုင်တို့သည် ယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်ကြ၏။

ကိုဘမြိုင်သည် သက်ခိုင်ထက် အရပ်အနည်းငယ် နိမ့်သော်လည်း မွန်ရည်ခံ့ညားသော ဥပဓိရုပ်ရှိ၏။ စိတ်ရင်းသဘောထား ဖြူစင်ကောင်းမွန်သော အသွင်ကိုလည်း ဆောင်၏။ သူသည် လက်ဆွဲ နှုတ်ဆက်ပြီးနောက် အထူးအားမထုတ်ရသော ခင်မင်မှုပြသည့် လေသံနှင့် မေး၏။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုသက်ခိုင်၊ တက္ကသိုလ်မှာ ဘာ ဘာသာတွဲ ယူပါသလဲ"

"ပါဏဗေဒဘာသာတွဲ ယူပါတယ်"

"အို. . . ဆရာဝန်ဘက် လိုက်မလို့ကိုး၊ ကောင်းတယ်၊ သိပ်ကောင်းတာပဲ၊ နွယ့်ကိုတောင် အဲဒီဘက်လိုက်ဖို့ ဦးနဲ့ ကျွန်တော်တို့က တိုက်တွန်းတာ၊ မရဘူး၊ အီကော်နောမစ်(စ်)ယူတယ်"

"ဘိုင်အို ဘယ်ယူရဲမလဲ အစ်ကိုဘမြိုင်ရဲ၊ နွယ်က သွေးမြင်ရင်သိပ်ကြောက်တယ်၊ အကောင်ပလောင်လည်း မကိုင်ဝံ့ပါဘူး၊ မောင်ကတော့ ငယ်ငယ် လေးကတည်းက သိပ်သတ္တိကောင်းတာ"

မလေးနွယ်က သက်ခိုင်ကို ကြည့်ပြီး ပြုံးပြ၏။ သက်ခိုင်က လည်း ဖြေစရာမရှိသဖြင့် ပြုံး၍သာ နေရ၏။

"ကဲ. . . မင်းတို့မောင်နှမ ခြံထဲမှာ နေချင်နေခဲ့ကြဦး၊ ဦးကြီးတော့ မောင်ဘမြိုင်နဲ့ စကားပြောစရာတွေရှိသေးတယ်၊ လာဟေ့ မောင်ဘမြိုင်"

ကိုဘမြိုင်သည် သက်ခိုင်အား ပြုံးပြနှုတ်ဆက်ပြီး ဦးထင်ကျော်နောက် လိုက်သွား၏။

နှစ်ဦးချင်း ကျန်ရစ်သောအခါ သက်ခိုင်က မေးသည်။

"မမနွယ်. . . မောင် ဒန်းလွှဲပေးရဦးမလား"

ဦးထင်ကျော်နှင့် ကိုဘမြိုင် ထွက်သွားရာ ကြည့်ရင်း တစ်စုံတစ်ရာကိုတွေးနေဟန်ရှိရာမှ မလေးနွယ်က သက်ခိုင်ဘက်သို့ လှည့်လိုက်၏။

"ဟင့်အင်း. . တော်ပြီ. . .၊ မောင်ညောင်းနေပါဦးမယ်၊ ဒါပေမယ့် မမနွယ်တို့ ထိုင်စကားပြောရအောင်"

မလေးနွယ်က ဒန်းပေါ်မှာတင်ဆက်ထိုင်နေ၏။ သက်ခိုင်က အနီးရှိ ခုံတန်းရှည်ကြီးတစ်ခုထက် ထိုင်လိုက်၏။

မိုး၏ညနေသည် တိမ်တောက်သဖြင့် လှပနေ၏။ ခြံတွင်းရှိ လေသည်လည်း အေးမြသန့်ရှင်း မွှေးကြိုင်နေ၏။

မလေးနွယ်က ရုတ်တရက်မေးသည်။

"မောင် ပင်းချောင်းကို မအောက်မေ့ဘူးလား"

"အောက်မေ့တယ်ရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မောင်ခဏ ခဏတော့သတိရမိတယ် မမနွယ်"

"မမနွယ်တော့ သိပ်အောက်မေ့တာပဲ၊ ရန်ကုန်အထူးသဖြင့် ဟောဒီဝင်ဒါမီယာထဲနေရတာ စိတ်သိပ်ကျဉ်းကျပ်တာပဲ၊ မလွတ်လပ်ဘူး"

သက်ခိုင်သတိရမိသည်ကား ငယ်စဉ်က ပင်းချောင်းတွင် မလေးနွယ်ပြောခဲ့ဖူးသောစကားဖြစ်၏။ ပုပ္ပားတောကြီးတောင်ကြီးတို့နှင့်စပ်ကာ ပြောခဲ့သောအာဒံနှင့်ဧဝတို့အကြောင်းဖြစ်၏။ ထိုစဉ်ကမူ အဓိပ္ပာယ်ဘယ်ရောက်၍ ဘယ်ပေါက်သည်ကို သတိမထားမိဘဲပြောချင်ရာ ပြောခဲ့ကြ၏။ ယခုအသက်အရွယ်များ၌မူ ပြောချင်သည်ကို စွတ်ပြော၍ မရတော့။

ဤသို့ဆင်ခြင်မိသောကြောင့် သက်ခိုင်သည် မှုသားဆို၏။

"မောင်ပြုံးတာက မမနွယ်ပြောတာကို သဘောကျလို့ပါ၊ မလွတ်လပ်ဘူးဆိုလို့လေ၊ ကလေးတွေမဟုတ်ဘဲ လူကြီးတွေဖြစ်လာတော့ နေရာတကာဘယ်လွတ်လပ်တော့မလဲ၊ အမှန်ကတော့ မလွတ်လပ်တာ မဟုတ်ပါဘူးလေ၊ ထိန်းသိမ်းရတာလို့ခေါ်ရမှာပဲ"

မလေးနွယ်ကရယ်သည်။

"မောင်က လူကြီးဆန်ဆန်သာဝတ်သလားအောက်မေ့တယ်၊ လူကြီးဆန်ဆန်လည်း စကားပြောတာပဲကိုး"

သက်ခိုင်က သူ့အဝတ်အစားကို သူပြန်ငုံ့ကြည့်သည်။ လုံချည်အစိမ်းရင့်နှင့် အပေါ်ဝတ်အင်္ကျီအညိုသည် လူကြီးဆန်သော အဝတ်မှန်းသူသိသည်။ လုံချည်အနီနှင့် တိုက်ပုံအနက်သည်လည်း ထိုနည်းတူစွာပင် ဖြစ်ကြောင်းကိုလည်း သိသည်။

"မောင့်အဝတ်အစားတွေက လူကြီးဆန်နေသလား၊ ဆန်မှာပေါ့ မမနွယ်၊ အစက အဲဒါတွေဟာ ဦးလေးစိုးမြိုင်ရဲ့ အဝတ်အစားတွေ၊ မောင်ကောလိပ်မှာဝတ်ဖို့ ဦးလေးစိုးမြိုင်က ပေးလိုက်တာ"

မလေးနွယ် အရယ်ရပ်သွား၏။ ထို့နောက်တိုးတိုးညင်သာမေး၏။

"မောင့်ဦးလေးစိုးမြိုင်က အခုဘာလုပ်နေသလဲ"

"ကျောင်းဆရာပါပဲ မမနွယ်"

"မောင့်ကို ကောလိပ်တက်ဖို့ ဦးလေးစိုးမြိုင်ကပဲ ထောက်ပံ့သလား. . ဟုတ်လား"

"ဟုတ်တယ် မမနွယ်၊ ပြီးတော့ မေမေ့ ထမင်းဆိုင်ကလည်း ဝင်ငွေအသင့်အတင့်ရှိပါတယ်၊ မောင့်မှာလုံလောက်ပါတယ်"

မလေးနွယ်က သက်ခိုင်ကို တစ်ချက်စိုက်ကြည့်၏။ ငယ်စဉ်က သူတို့သားအမိထံ မိမိငွေများသွားပေးတိုင်း လက်မခံဘဲငြင်းပယ်ကြသည်ကို သတိရမိ၏။

ယခုလည်း သက်ခိုင်က "မောင့်မှာ လုံလောက် ပါတယ်" ဟူသောစကားနှင့်ပိတ်ပြောထား၏။ သို့ရာတွင် လုံလောက်သည်ဆိုသူက ဦးလေး၏ အဝတ်ဟောင်းများကို ဝတ်ထားသည်။ ဒန်းလွှဲပေးစဉ်တုန်းက အပေါ်ဝတ်အင်္ကျီရင်ဖုံးလန်သွားတိုင်းမြင်ရသည့် ရှပ်အင်္ကျီအိတ်၌ချိတ်ဆွဲထားသော ဖောင်တိန်မှာတက္ကသိုလ်ကျောင်းတော်သားကြီးသား အများသုံးစွဲလေ့ရှိသည့် အကောင်းစားပတ်ကားဖောင်တိန် မဟုတ်မှန်း မလေးနွယ်သတိပြုမိခဲ့သည်။ ကျောင်းသားတိုင်းလိုလိုမရှိမဖြစ်သည့် ပစ္စည်းအဖြစ်ဆင်သော လက်ပတ်နာရီကိုပင် သူ့လက်၌မမြင်။ သည်ကြားထဲက 'မောင့်မှာလုံလောက်ပါတယ်'ဟု သူကဆိုခဲ့သေးသည်။

မလေးနွယ်ကစူးစမ်းစွာနှင့် သူ့ကို စိုက်ကြည့်နေသဖြင့် အနေရအထိုင်ရကျပ်သောကြောင့် သက်ခိုင်ကမေး၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**






မြန်မာနိုင်ငံ ဆီးချို သွေးချို ရောဂါအသင်းကြီးမှ ကြီးမှူး၍ ဆီးချို သွေးချို ရောဂါအကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူတိုင်း တက်ရောက်ပါဝင်နိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

- နေ့ရက် ။ ။ စက်တင်ဘာလ၊ (၆) ရက် (တနင်္ဂနွေနေ့)၊ ၂၀၁၅ ခုနှစ်။
- နေရာ ။ ။ သူနာပြု တက္ကသိုလ်၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- အချိန် ။ ။ နံနက် ၉: ၀၀ နာရီ။

ဟောပြောမည့် ပုဂ္ဂိုလ်များ

ပါမောက္ခ ဦးကိုကို - ဆီးချို သွေးချို ရောဂါစစ်ဆေးရေးနှင့် ရောဂါသတ်မှတ်ခြင်း အကြောင်း
ပါမောက္ခဒေါ်သန်းသန်းအေး - ဆီးချို သွေးချို ရောဂါကုထုံးအကြောင်း
ပါမောက္ခ ဦးတင့်ဆွေလတ် - ဆီးချို သွေးချို ရောဂါကိုဆေးနှင့်အညီ ကျယ်ပြန့်စွာ ကာကွယ်ရေး



# အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်



**ထားဝယ် စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကဒက်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခြင်းဆိုင်းဘုတ်အား ဒေါက်တာကျော်ကျော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်၊ ရပ်မိရပ်ဖ ဦးထွန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အခမ်းအနားကို ကျောင်းခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် တာဝန်ရှိသူများအား ရပ်မိရပ်ဖ ဦးထွန်းစိန်က ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ အထိမ်းအမှတ်အလံများအားပေးအပ်၍ ကျောင်းအုပ်ဆရာကြီးဦးမြင့်လွင်က ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းအကျိုးတော်ဆောင် ဦးဝင်းထိုက်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်ဦးမြတ်ကိုက တိုးချဲ့ကျောင်းဆောင်နှစ်ထပ်ကျောင်းအား အချောသပ်နိုင်ရန် ဘီလပ်မြေအိတ် ၁၀၀ လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံများတက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာရှင်းလင်း

**ကလော စက်တင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်၌ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ကော်မရှင်တို့၏ လုံခြုံရေးဆိုင်ရာအစီအမံများ ဆောင်ရွက်ထားခြင်းကို ဩဂုတ် ၃၀ ရက်က ကလောမြို့နယ်ခန်းမ၌ တွေ့ဆုံရှင်းလင်းညှိနှိုင်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးတင်ဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်၊ ဥပဒေအရာရှိ ဒေါ်တင်နီလာဦး၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ မြို့မရဲတပ်ဖွဲ့စခန်းမှူးဒုရဲမှူး ဆွေဦး၊ အထူးသတင်းတပ်ဖွဲ့ ရဲအုပ်အောင်ကျော်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သင်းသင်းမော်၊ ကလော၊ အောင်ပန်း၊ ဟဲဟိုးရဲတပ်ဖွဲ့စခန်းမှူးများ၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်သံမီဒီယာများတက်ရောက်ခဲ့ကြသည်။

မြို့နယ်ကော်မရှင်အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေး ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊လုံခြုံရေးအတွက်တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ မဲရုံအလိုက် လုံခြုံရေးအနီးကပ်စောင့်ရှောက်နိုင်ရန် မဲရုံပေါင်း ၁၃၂ ရုံမှာ အထူးရဲ ၁၃၂ ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်ရဲများ လုံခြုံရေးစီစဉ်ဆောင်ရွက်ထားမှုများကို မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးတင်ဝင်းက တင်ပြဆွေးနွေးခြင်း၊ ရွေးကောက်ပွဲမဲဆန္ဒရှင်များစာရင်း ကြေညာထားမှုအခြေအနေ၊ အမှားပြန်လည်ပြင်ဆင်မှုများ၊ ပါတီစုံမဲဆွယ်စည်းရုံးခြင်းစသည့် ရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဝ၉၁)**

## မိုးသီးနှံစိုက်တောင်သူများအား စိုက်ပျိုးစရိတ် ကျပ်သိန်းခုနစ်ထောင်ကျော် ထုတ်ချေး

**ပခုက္ကူ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မည့် အသင်းဝင်တောင်သူများအားလုံးအတွက် စိုက်ပျိုးစရိတ်ချေးငွေကို ဩဂုတ်လနောက်ဆုံးပတ်တွင် အပြီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၀၂၈ ဧက၊ မြေပဲ ၁၀၈၁ ဧက၊ နှမ်း ၁၇၉၇ ဧက၊ ပဲစင်းငုံ ၁၁၇၉၁ ဧက၊ ပဲတီစိမ်း ၁၇၇၈၄ ဧကတို့ရှိပြီး ကျေးရွာအုပ်စု ၃၃ အုပ်စုနှင့် တပ်ရင်းတပ်ဖွဲ့နှစ်ခုတို့မှ အသင်းဝင်တောင်သူ ၄၄၉၃ ဦးတို့အား စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းတို့ဖြင့် ကျပ်သိန်းပေါင်း ၇၆၆၂ ဒသမ ၆၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ယင်းမိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအတွက် အတိုးနှုန်းမှာ ၁၀၀ ကျပ်လျှင် တစ်နှစ်အတွက် ငါးရာခိုင်နှုန်းဖြစ်ပြီး တစ်လလျှင် ၄၂ ပြားနှုန်း အတိုးကျသင့်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကြည်မြင့်၏ ပြောပြချက်အရသိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## လုပ်ငန်းအပ်နှံပွဲကျင်းပ

**လှိုင်သာယာ စက်တင်ဘာ ၃**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအပ်နှံပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

မြို့နယ်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဉာဏ်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးတို့က ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအားပြောကြားကြသည်။အမျိုးသားလွှတ်တော်၊ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများဖြင့် အင်အား ၁၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

**ပုတတ်(လှိုင်သာယာ)**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတွင် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ ကုဗပေ(၁၀)သန်းကို အသုံးပြုပြီး Gas Engine or Gas Turbine Generator များကို ငှားရမ်း၍ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လို ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃၁-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁-၁၀-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉

### ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၈)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၈)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်မှ တန်ဆောင်မုန်းလကွယ်နေ့)အထိ ၅-၁၂-၂၀၁၅ရက်(စနေနေ့)မှ ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့)အထိ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များသည် စာလျှောက်မေးပွဲဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ထုတ်ယူပြီး (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၂၆-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

၃။ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်သောအားဖြင့် စာဖြေ သံဃာတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် ဂေါပကအဖွဲ့ရုံးတွင် အလှူခံဌာနများ ဖွင့်လှစ်ထားရှိကြောင်း ကုသိုလ်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**


မိသားစု ကုမ္ပဏီလီမိတက် အိမ်၊ခြံ၊မြေ မှရောင်း/ငှားမည်

**မြို့နယ်စုံရှိ လုံးချင်း/မြေ(အငှား)**

| | | | |
|---|---|---|---|
| 1.ပါရမီResidence၊လှိုင် | (75×75)M5,AC5 | RC2½ | ညှိနှိုင်း |
| 2.တော်ဝင်စင်တာအနီး၊ဒဂုံ | (90×90)Showroomကောင်း | မြေ | 130L |
| 3.ကမ္ဘာအေးဘုရားလမ်းမ၊ဗဟ | (80×80)ရေ,မီး,လုပ်ငန်းကောင်း | မြေ | 110L |
| 4.အောင်ဇေယျလမ်းမ၊ရကသ | (80×120)လုပ်ငန်းကောင်း | RC2 | 85L |
| 5.ရန်ကုန်-အင်းစိန်လမ်းမ၊လှိုင် | (50×100)ဆိုင်ဖွင့်ရန်ကောင်း | မြေ | 55L |
| 6.ကုန်းမြင့်ရိပ်သာလမ်း၊မရက | (1ဧက)M4,AC6 | RC2 | $-5400 |
| 7.အင်းယားလမ်း၊ဗဟ | (75×57)M4,AC5 | RC2 | $-5000 |
| 8.ကမ္ဘာ့ဇလမ်း၊ဗဟ | (80×80)M5,Ph,AC7 | RC2 | $-4000 |
| 9.သံလွင်လမ်းသွယ်၊ဗဟ | (30×80)M1,S2,F.F | RC2 | $-3200 |
| 10.ပြည်လမ်း၊ကမ္ဘာ့ဇာတ်အနီး | (55×60)M2,S2,AC6 | RC2 | $-3200 |
| 11.အောင်မြေသာစည်အိမ်ရာ | (40×70)M2,S2,AC7 | RC2 | 27L |
| 12.ပါရမီရိပ်သာ၊ရကသ | (40×90)M2,S3 | RC2 | 25L |
| 13.ရွှေပင်လုံအိမ်ရာ၊မ/ဒဂုံ | (100×115)M2,S2,AC2 | RC2 | 20L |

**မြို့နယ်စုံရှိ မြေညီ၊တိုက်ခန်း၊ကွန်ဒို(ရောင်း/ငှား)**

| | | | |
|---|---|---|---|
| 1.ကျွန်းတောလမ်း၊စခ | (17×70)ကြွေခင်း | GF | 3200L |
| 2.မင်းရဲကျော်စွာကွန်ဒို | (2000Sqft)M2,S1 | - | 3100L |
| 3.ရွှေကမ္ဘာအိမ်ရာ၊မရက | (1500Sqft)M1,S3,Lift | 6F | 2200L |
| 4.ရွှေအုန်းပင်အိမ်ရာ၊ရကသ | (900Sqft)M1,S2,ပြင်ပြီး | 3F | 1700L |
| 5.Jewel Residence၊ရကသ | (1400Sqft)M1,S2,Lift | - | 1600L |
| 6.ဩဘာလမ်း၊တမ | (15×60)S1,ပြင်ပြီး | GF | 1400L |
| 7.ရန်ကုန်-အင်းစိန်လမ်းမ | (20×60)S2,ပြင်ပြီး | 7F | 720L |
| 8.ရွှေနှင်းဆီကွန်ဒို၊အလုံ | (2400Sqft)M1,S2,AC4,F.F | - | $-4500 |
| 9.Orchid Condo၊အလုံ | (1760Sqft)M1,S2,AC3,F.F | - | $-2500 |
| 10.ဗညားဒလလမ်း၊တမ | (20×60)Hall | GF | 9L |

☎ - 0973161672, 0973494343, 0973054542

မြို့နယ်စုံရှိ လုံးချင်း၊မြေ၊တိုက်ခန်းများကို ဆက်သွယ်အပ်နှံနိုင်ပါသည်။


### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ Frame 5 Gas Turbine(၁၉)လုံးအတွက် စက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃၁-၈-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၃-၉-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀ နာရီ |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

### အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းတွင် အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ လူနေအထပ်မြင့် (၄)ခန်းတွဲ၊ (၅)ထပ်တိုက်ခန်းများ စီမံဆောက်လုပ်လျက်ရှိပြီး ၁၄-၅-၂၀၁၅ ရက်မှ စတင်၍ အစိုးရဝန်ထမ်းများကို ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ပြည်သူများကို ရောင်းချပေးသွားမည်ဖြစ်သဖြင့် တိုက်ခန်းဝယ်ယူလိုသူများ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန**
**ဖုန်း-၀၈၁-၂၀၁၉၀၄**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့။**

ကြော်ငြာ

# Yum Yum® Xcite® အတာသကြံန်နှစ်ကူးအထူးကံစမ်းမဲလက်ကျန်ဆုမဲများအစီအစဉ်မှ ကံထူးရှင်များပေါ်ထွက်လာပါပြီ...

**BMW 2 Active Tourer**
ကားကံထူးရှင်
ဒေါ်သန်းဆွေ
၇/လပတ(နိုင်)၀၈၇၉၁၃
အမှတ်(၅၁/၄)၊မြောင်းမြလမ်း၊
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

**BMW 316i** ကားကံထူးရှင်
ဦးမောင်မောင်မြင့်
၁၂/တမန(နိုင်)၀၅၄၂၈၉
အမှတ်(၁၀၅)၊(၁၅၇)လမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့။




## သိန်း(၁၀၀) ကံထူးရှင်

| | | |
|---|---|---|
| ဦးသူရထွန်း | ၉/လ၀န(နိုင်)၂၆၆၁၂၃ | ဒိုင်းမွန်းစတားကုန်စုံဆိုင်၊အမှတ်(၆/၆၁၂)၊လယ်ဝေးမြို့နယ်၊ရန်ကုန်-မန္တလေးလမ်းမကြီး။ |

## သိန်း(၅၀) ကံထူးရှင်

| | | |
|---|---|---|
| ဦးကြည်ဝင်း | ၇/ပခန(နိုင်)၀၁၀၂၄၆ | အမှတ်-၁၄၃၊ညောင်ပိုင်းမြောက်ပိုင်း၊(၁၁)လမ်း၊ပဲခူး။ |

## သိန်း(၃၀) ကံထူးရှင်များ

| | | |
|---|---|---|
| ကိုမင်းအောင် | ၉/ညဥန(နိုင်)၁၁၆၂၉၂ | တိုက်(၁၂)၊အခန်း(၀၀၂)ပိတောက်လမ်း၊(၉၄)ရပ်ကွက်၊ယုဇနဥယျာဉ်မြို့တော်။ |
| မယုဇနခိုင် | ၁၂/ကတန(နိုင်)၀၈၀၆၀၄ | (၄/၆၃)၊ မကျီးတန်လမ်း၊ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့။ |

သိန်း ၁၀၀
သိန်း ၅၀
သိန်း ၃၀

## Honda wave S ကံထူးရှင်များ



| | | |
|---|---|---|
| မောင်သက်နိုင်စိုး | ၁၀/မလမ (နိုင်)၂၄၈၉၂၁ | ၄၀၁၊(၈)လမ်း၊မြိုင်သာယာရပ်၊မော်လမြိုင်မြို့။ |
| ဦးညွန့်သန်း | ၁/မကန(နိုင်)၀၃၁၂၀၆ | အမှတ်(၂၅၀)အောင်နန်းရိပ်သာရပ်ကွက်၊မြစ်ကြီးနား။ |
| နောင်နောင်အေးဖေ | ၁၂/ကတန(နိုင်)၀၈၀၆၀၄ | အမှတ်(၁၄)၊(၆)လမ်း၊အိုးဘိုရပ်၊မကွေး။ |

## iPhone 6 ကံထူးရှင်များ



| | | |
|---|---|---|
| ဒေါ်စိုးစိုးအေး | ၁၂/ပဇတ(ပြု)၀၀၀၀၁၀ | ၁၁၅-၁၁၇၊လသာလမ်း၊မြို့နယ်။ |
| ဦးလမင်း | ၅/မမတ(နိုင်)၀၀၁၆၁၉ | တိုက်(၂)၊အခန်း(၂၅)၊ဆောင်းလာမာန်အိမ်ယာ၊မ/ဒဂုံ။ |
| မဖြူစင်ဝင်း | ၉/စကန(နိုင်)၀၈၃၂၆၅ | ထွန်းတုံးရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးတိုင်း။ |
| ဦးအေးဇော် | ၈/မကန(နိုင်)၁၁၇၆၂၉ | ရန်ကင်း(A)လမ်း၊ မကွေးမြို့။ |
| ဒေါ်ဖြူဖြူနှင်း | ၁၂/လသန(နိုင်)၀၁၂၁၁၅ | အခန်း(၀၀၃)၊တိုက်(၂၂)၊(၁၁)လမ်း၊(၉၄)ရပ်ကွက်၊ယုဇနဥယျာဉ်မြို့တော်၊ဒဂုံ။ |
| ကိုကိုမင်း | ၈/ရနခ(နိုင်)၁၂၉၀၉၈ | တိုက်အမှတ်(၄၀)၊နတ်စင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။ |
| မစုလှဲ့ရည်ထူး | ၈/မကန(နိုင်)၂၁၅၈၅၂ | အမှတ်(၇၁)၊အထက(၁)လမ်း၊ရန်အောင်ရပ်၊မကွေးမြို့။ |
| မခိုင်ဇင်သိန်း | ၁၃/လကန(နိုင်)၀၀၄၂၅၇ | B-၃(A)၊သီရိပဒေသာကားကြီးကွင်းအပြင်ဘက်တိုက်ခန်း၊ပြင်ဦးလွင်မြို့။ |
| စိုင်းမိုင်းမိုင်းခမ်း | ၁၃/လရန(နိုင်)၀၉၇၁၈၅ | အမှတ်(၂၀၅)(၄)လွှာ၊ (၂၈)လမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |

## Samsung Note 3Neo ကံထူးရှင်များ




| | | |
|---|---|---|
| မနှင်းလွင်ဦး | ၁၂/သလန(နိုင်)၀၉၂၀၈၉ | အမှတ်(၁/ခ)၊ဗန္ဓုလလမ်း၊ မြို့မတောင်ရပ်ကွက်၊သန်လျင်မြို့။ |
| ဇော်လင်း(ခ)ထောင်းနေပြောင် | ၄/ဖလန(နိုင်)၀၅၄၃၀၃ | ခြံအမှတ်(၁)၊ဖွဲ့နဆီစက်လမ်း၊ရွာမအနောက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ |
| ဇော်လင်း(ခ)ထောင်းနေပြောင် | ၄/ဖလန(နိုင်)၀၅၄၃၀၃ | ခြံအမှတ်(၁)၊ဖွဲ့နဆီစက်လမ်း၊ရွာမအနောက်၊အင်းစိန်မြို့နယ်။ |
| မလှလှဝေ | ၉/တသန(နိုင်)၀၀၀၅၄၉ | အမှတ်(၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ကိုမင်းဝင်းသိန်းထွန်း | ၁၀/ခဆန(နိုင်)၀၀၀၇၅၄ | အမှတ်(၁၃၉၅)၊ ရွှေဒင်္ဂါးလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ |
| မစုစုဝင်း | ၁၂/သလန(နိုင်)၀၉၆၅၅၇ | အမှတ်(၃၀၂)၊ ဓမ္မသုခကျောင်းလမ်း၊ပျဉ်ထောင်ကျောင်းကျေးရွာ၊သန်လျင်မြို့။ |
| ခိုင်ချိုချိုထက် | ၁၀/မလမ(နိုင်)၂၀၄၅၉၉ | သဇင်(၂)၊အဆောင်(၂)၊နေပြည်တော်။ |
| ဒေါ်အေးမာလာကျော် | ၁၂/စခန(နိုင်)၀၀၈၁၄၂ | အမှတ်(၇B)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်။ |
| ဦးမျိုးဝင်း | BSN/W-၁၁၁၁၃၂ | အမှတ်(၅၉)၊ (၂၈)ဆူလမ်း၊ ပုသိမ်မြို့။ |
| မစန်းစန်းထွေး | ၁၂/တမန(နိုင်)၀၈၂၂၄၆ | တိုက်(၆)၊ အခန်း(၅၀၁)၊ (၆)လွှာ၊ (၁၅၄)လမ်း၊ တာမွေမြို့နယ်။ |
| ကိုသီဟစိုး | ၆/မမန(နိုင်)၁၂၈၅၃၇ | အမှတ်(၄၃)၊ မြင့်မိုရ်လမ်း၊ စမ်းချောင်း။ |
| ကိုကျော်စိုးထွန်း | ၅/ဘတလ(နိုင်)၀၉၆၂၇၄ | ကံထူးရွာ၊ စဥ့်ကိုင်မြို့နယ်။ |
| ဒေါ်ခင်သီတာနွယ် | ၇/ကဝန(နိုင်)၀၀၀၀၂၅ | အမှတ်(၁၅၄၁)၊ မဟာစေတီလမ်း၊ ပဲခူးမြို့။ |
| ဒေါ်ခင်နွယ်ဝင်း | ၉/မမန(နိုင်)၁၃၀၀၃၃ | ရွှေကြာပင်၊ နေပြည်တော်။ |
| ဒေါ်ခင်ဝင်းဦး | ၉/ပမန(နိုင်)၉၃၂၂၈၀ | အမှတ်(၄၃၂)၊ ဆေးရုံလမ်း၊ အုတ်ဖိုကျင်းရပ်၊ စစ်ကိုင်းမြို့။ |
| ဦးကျော်သူနိုင် | ၁၂/လမန(နိုင်)၁၀၉၅၅၇ | တိုက်(၉)၊ အခန်း(၃၀၃)၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| မောင်မျိုးဟန် | ၁၂/လသန(နိုင်)၀၂၂၈၇၈ | အမှတ်(၅၆)၊ လသာလမ်း၊ လသာမြို့နယ်။ |
| နော်ဟဲဘလုဖေါ | ၁၂/ လသယ(နိုင်)၀၆၉၉၇၂ | အမှတ်(၁၈၂၂-ဘီ)၊ အောင်သုခ(၂)၊ လှိုင်သာယာ။ |
| ဒေါ်မြင့်မြင့်ကျော် | ၅/ကသန(နိုင်)၀၅၃၂၅၈ | ဆေးရုံဝင်း၊သန်လျင်မြို့။ |
| ကိုသက် | ၁၂/မရက(နိုင်)၁၂၆၇၂၇ | ၁၆/ခ၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |

**Customer Service Hot Line - 09 8635250**

ကံထူးရှင်များအားလုံး (၇-၉-၂၀၁၅) မှ စ၍ အဆောင်(၁၅)၊ အခန်း(၄၀၅)၊ MICT Park လှိုင်မြို့နယ်သို့ ကံထူးရှင်ကိုယ်တိုင် မှတ်ပုံတင် ယူဆောင်၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ရွှေလမ်းခရီး... အဘတွက်ရပ်ပူဇော်ပွဲသို့**
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်) သီးသန့် **25/28/29-9-2015**
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး။
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ ကယားပြည်နယ် လွိုင်ကော်၊ တောင်ကွဲစေတီ။
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ။
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ ပုဂံ၊ ညောင်ဦး၊ ကလော၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ။
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။
* အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်။
095124678, 098627170, 09401589907

**ASIA KING 09-43114301, 09-420221257**
ကျောက်စိမ်းစေတီ၊ မန္တလေးမဟာမြတ်မုနိ၊ (နေပြည်တော်)
နေ့ချင်းပြန် (အပတ်စဉ်-သောကြာ၊ စနေ) Package- **40000**
(၆၃)ကြိမ်မြောက် အဘအောင်မင်းခေါင် ထွက်ရပ်ပူဇော်ပွဲသို့ Sep 28/29 ထွက်မည်
* အဘထွက်ပွဲ(သီးသန့်)၊ ပုပ္ပါး- နေ့ချင်းပြန်/(၁)ညအိပ်
* အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ သီဟိုဠ်ရှင် ... (၄)ရက်
* အဘထွက်ပွဲ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ၊ နေပြည်တော် (၅)ရက်
* အဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ လွိုင်ကော် (၅)ရက်
ခရီးစဉ်တိုင်းအတွက်လက်မှတ်ရောင်း သီးသန့် Group Package Tour စိတ်တိုင်းကျစီစဉ်ပေးသည်။

**GOLDEN STAR** Travels & Tours
◆ ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး(အဘထွက်ပွဲ)–ပခုက္ကူ Sep-28,29
(Popa Mountain Resort, Myanmar Treasure Hotel)
◆ တောင်ကြီး–အင်းလေး(တော်တော်ဦးဘုရား)–ပင်းတယ Oct-23,25
◆ ကျိုက်ထီးရိုး/ရွှေမော်ဓော/ငွေဆောင်(နေ့စဉ်)
Ph;01-544383, 209200, 430480, 703448, 705968

"(၆၃)နှစ်ပြည့် အဘဘိုးမင်းခေါင်ထွက်ပွဲ"
**စေတီမြင့်ရွာ၊ ပုပ္ပါး၊ မယ်တော်ဘုရား**
ပယ်တော်ဘုရားညအိပ်၊ ကျောင်းတော်ရာငါးကြိုးအစာကျွေး၊ စွယ်တော်လေးဆူ၊ ပုဂံ၊ ညောင်ဦး၊ မင်းဘူး၊ မကွေး ပင်းမြို့ဟောင်း၊ (၄)ရက်ခရီး ထမင်း 'မ' ကျွေး (50000 ks) (28-9-2015) ရက်နေ့ထွက်မည်။
DPTOA-No.161
**ရွှေစေတီ** ဘုရားဖူးခရီးသောင်ရေး ကျိုက္ကဆံဘုရားလမ်းမှတ်တိုင် အမှတ်(၁၂၄)၊ ဘုရင့်နောင်လမ်း၊ ဦးစံပယ်ရပ်ကွက်၊ သာလ်နံကျွန်းမြို့နယ်။ Ph:09 450024419

**ချင်းတွင်းအသင်း(ရန်ကုန်)**
၂၀၁၅/၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ရေးအစီအစဉ်
၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး တက္ကသိုလ်တက်ရန် ငွေကြေးအကူအညီလိုအပ်သော ကျောင်းသူ/သားများသည် အောက်ပါအချက်များဖော်ပြပြီး လျှောက်ထားနိုင်ပါသည်။
(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ (ဃ) တက်ရောက်သည့်တက္ကသိုလ်
(ခ) အမှတ်စာရင်းမိတ္တူ (င) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်
(ဂ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (စ) ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်
လျှောက်လွှာများကို အောက်ပါလိပ်စာသို့ ၃၀-၉-၂၀၁၅ရက် နောက်ဆုံးထားပေးပို့ရန်
ဦးဇော်ဝိတ်၊ အမှတ်-၇၉ (ခ)၊ သီရိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်။
ဖုန်း-၀၉-၅၁၄၃၄၃၃၊ ၀၉-၇၈၅၁၄၃၄၃၃
အလုပ်အမှုဆောင်အဖွဲ့

**မြန်မာဝတ္ထုတိုနှစ် ၁၀၀ ပြည့်တော့မည်**
နှစ် ၁၀၀ ပြည့်အကြို မှတ်မှတ်ရရမြန်မာဝတ္ထုတိုများ ၁ နှင့် ၂ မြန်မာအက်ဆေး ၁၀၂ တို့ထွက်ရှိခြင်းနှင့် မြန်မာမှုစာအုပ်ပွဲ
စိတ်ကူးချိုချိုစာအုပ်များ ၂၀% လျှော့
**စာအုပ်ရောင်းပွဲ**
၄.၉.၂၀၁၅(သောကြာ)မှ ၁၀.၉.၂၀၁၅(ကြာသပတေး)ထိ၊ နံနက်၉နာရီမှ ညနေ၅:၃၀နာရီထိ။ မန္တလေးအသင်းခန်းမ၊ ကုန်သည်လမ်း၊ ၂၉လမ်းထောင့်၊ ပန်းဘဲတန်း။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
HIACE အံစာတုံး ၁၅၊၁၂၊၁၀ယောက်စီး ဓါတ်ဆီ၊ဒီဇယ်ဂျပန်ကားများကို ၁၂၃-ဘီ၊ သံလွင်လမ်းခြံတွင်ကြည့်ရှုဝယ်ယူနိုင်ပါသည်။
*Ph:09 5117580*

**Mingalar Cinemas** www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | မန္တလေး ဝင်းလိုက်
မြို့မ
မင်္ဂလာစံပြ | Top Royal | နေပြည်တော် | မင်္ဂလာဝဇီရာ (လှိုင်သာယာ) | မင်္ဂလာထွန်းသီရိ (ပြည်) | မင်္ဂလာဒိုင်းမွန်း

**ကျူးပစ်ရဲ့ကျေးကျွန်များ**
ရန်ကုန်
သမ္မတ၊ သွင်၊
မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ
TOP ROYAL
မင်္ဂလာဝဇီရာ (လှိုင်သာယာ)
မန္တလေး
ဝင်းလိုက်
မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

**POLTERGEIST(3D)**
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာဇေ့စင်တာ(၂)
မင်္ဂလာစံပြ
မန္တလေး
မြို့မ (၁၀:၀၀)နာရီ
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

**INSIDE OUT (3D)**
ရန်ကုန် - ရွှေဆောင်(၂)

**HITMAN-Agent 47**
ရန်ကုန်
ရွှေဆောင်(၁)
မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း

**FANTASTIC - 4**
ရန်ကုန် - နေပြည်တော်(၃)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

**MISSION IMPOSSIBLE Rouge Nation M.I - 5**
ရန်ကုန် - နေပြည်တော်(၂)

၄ . ၉ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ


















BRIDGESTONE
Your Journey, Our Passion
Free Tyre Safety Check
5 - 6 SEPT 2015
10:30am - 5pm
@ Myanmar Culture Valley (People's Park)
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ
Promotion
အစီအစဉ်
BUY ANY PSR TYRE 2
To Get 1 Umbrella.
BUY ANY PSR TYRE 4
To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတစ်ဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE
KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088




**Developer**
Asia Bright Land Development Co., Ltd.

**Architecture & Planning Design**
Singapore SCP Consultants Pte Ltd.


**Construction & Project Management**
Asia Speed Construction Co., Ltd.

**M&E Design and Consultant**
Global Hi-Tech Co., Ltd.
CPL Engineering Services Pte Ltd. (Singapore)









YOU HAVE ACHIEVED GREAT SUCCESSES IN LIFE.
NOW IT'S TIME TO REST AND RELAX IN THE OASIS OF
Khayae RESIDENCE

**အလွန်သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အကောင်းဆုံးနေရာတွင်ရှိသော**
**Khayae Residence ၏အဆင့်မြင့် အခန်းတစ်ခန်းကိုသင်ပိုင်ဆိုင်နိုင်ပါပြီ...**

- မန္တလေးမြို့ရဲ့ အချက်အချာကျသော နေရာတွင် သင်နေထိုင်လိုပါသလား ?
- နိုင်ငံတကာအဆင့်မီ၍ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင့်မြင့်အိမ်ခန်းကို သင်ပိုင်ဆိုင်လိုပါသလား ?
- အရစ်ကျငွေပေးချေစနစ်ဖြင့်ရောင်းချသော အဆင့်မြင့်အိမ်ခန်းကို သင်ပိုင်ဆိုင်လိုပါသလား ?
- နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပါဝင်သော အဆင့်မြင့်အိမ်ခန်းကို သင်ပိုင်ဆိုင်လိုပါသလား ?

အထက်ပါအချက်များနှင့် ပြည့်စုံသော Khayae Residence သည် သင်၏လက်တစ်ကမ်းတွင် ရောက်ရှိနေပါပြီ...

**Khayae Residence ပိုင်ဆိုင်မည်သူ၏**
**အခွင့်အလမ်းများကတော့.......**

- သင့်တင့်မျှတသော ဈေးနှုန်း
- အရစ်ကျငွေပေးချေစနစ်
- နိုင်ငံတကာ အဆင့်မီ ဝန်ဆောင်မှုများပိုင်ဆိုင်မည့် အခွင့်အလမ်း
- စင်ကာပူဗိသုကာ ပညာရှင်များ၏ ဆန်းသစ်သော ဒီဇိုင်းဖန်တီးမှု
- မိမိနှင့် မိသားစု အစဉ်အဆက် မြေပိုင်ဆိုင်ခွင့်ရှိမည့် အခွင့်အရေး
- ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်အတွက် လုံခြုံစိတ်ချရမှုရှိခြင်း
- လုံခြုံရေးနှင့်ပတ်သက်သော အစီအမံများရှိခြင်း
- အမှိုက်ပစ်စနစ် ၊ ရေဆိုးသန့် စနစ် ပါရှိခြင်း
- အလိုအလျောက်မီးငြိမ်းသက်စနစ်ပါရှိခြင်း
- နိုင်ငံတကာ အားကစားခန်းမ Gym နှင့် ဘက်စုံသုံးခန်းမ ပါရှိခြင်း
- အဆုံးအစမဲ့ကောင်းကင်ကို ကြည့်ရှုရင်း စိတ်အပန်းဖြေနိုင်သော နိုင်ငံတကာ အဆင့်မီ ရေကူးကန် ထားရှိခြင်း၊
- ရုပ်မြင်သံကြားစနစ်၊ တယ်လီဖုန်းနှင့် အင်တာနက်စနစ်ပါရှိခြင်း
- ဓာတ်လှေကားနှင့် မော်တော်ယာဉ်ထားရှိရန်နေရာပါရှိခြင်း
- ခေတ်မီအဆောက်အအုံစီမံခန့်ခွဲမှုစနစ်ပါရှိခြင်း
- ၂၄ နာရီ ရေနှင့် လျှပ်စစ်မီးရရှိမှု ပါရှိခြင်း
- ၂၄ နာရီ လုံခြုံစိတ်ချမှုနှင့်ပြည့်စုံမှုရှိခြင်း

**SITE ADDRESS**
**Ma-10, Khayae Street.**
**Between 64th x 65th Street.**
**Chan Mya Thar Se Township, Mandalay**

**HOTLINE**
**09-258477779**
**09-798477779**

**အထူးကျေးဇူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သောင်းကြည်**

**(ငါးသိုင်းချောင်း)**

**အသက်(၈၃)နှစ်**

၂၇-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်သောင်းကြည် အသက်(၈၃)နှစ် နာမကျန်းဖြစ်နေချိန်၌ ကုသပေးပါသော အာရှတော်ဝင်အထူးကုဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ ဈာပနကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော Max Myanmar Holding Co.,Ltd၏ ကုမ္ပဏီခွဲအသီးသီးမှ ဝန်ထမ်းများအားလည်းကောင်း၊ ဧရာဝတီဘဏ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ရေကြည်-ကျုံပျော် ဆန်စပါး အသင်းမှ ဝန်ထမ်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ သက်န်းပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ သတင်းစာများထဲတွင် ဝမ်းနည်းကြောင်း ထည့်သွင်းပေးပို့ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများ၊ လာရောက်ကူညီအားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်လှိုင်(MD,EVER GREEN AUTOS),CEC Member, Myanmar JAPAN ASSOCIATION၊ ဒေါ်ဖြူဖြူတို့၏မိခင် ဒေါ်သောင်းကြည် အသက်(၈၃)နှစ် (ငါးသိုင်းချောင်း)သည် ၂၇-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Dr.မြင့်စိုး၊ ဦးစောကော့ဟွာ၊ ဦးသန်းစိုး၊ ဦးသန်းလွင်၊ ဦးဇော်မြင့်၊**
**ဦးစိုင်းမင်းဇော်၊ ဦးကျော်လွင်နှင့် ဂျပန်နိုင်ငံမှ မိတ်ဆွေ၊ သူငယ်ချင်းများ။**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြင့်မြင့်ရီ အသက်(၆၄)နှစ်**

**(ပုသိမ်)**

**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ပုသိမ်မြို့နေ (ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏ သမီး၊ အမှတ်(၄၀)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ ဦးမြင့်လွင်(တိုးနယားဆားစက်)၊ ဒေါ်ပေ့ါပေ့ါ(ဒါရိုက်တာ၊ အာရှတော်ဝင်ဆေးရုံ)၏အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာခိုင်ဆုမွန်(ခေတ္တ-UK)၊ မခိုင်ယုလွင်(ခေတ္တ-USA)တို့၏ ချစ်လှစွာသောမိခင်၊ တူမနှစ်ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးသိန်းလွင် (တိုးနယားပွဲရုံ၊ ဘုရင့်နောင်) (Sr.Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ရက် နံနက် ၈း၀၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသိန်းဟန်-ဒေါက်တာသန်းသန်းနု Royal Materials Co.,Ltd**

---

# ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)(Sr.Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီ(ပုသိမ်)သည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| ဆရာဦးကိုကိုလေး-ဒေါ်စန်းစန်းနီ | ဦးသန်းဆွေ |
| ဒေါက်တာခင်မောင်ဆွေ-ဒေါ်မြင့်မြင့်ခိုင် | ဦးစိန်မြင့် |
| ဦးတင့်ရှိန်-ဒေါ်သန်းလေးဝေ | ဦးသန်းလှိုင် |
| ဦးကျော်ဝင်းအောင် | ဦးစိုးစိုးဝင်း |
| ဦးကျော်မြင့် | ဒေါ်ခင်စန်းဝင်း |
| ဦးဝင်းမြင့် | ဒေါ်စန်းစန်းဝင်း |
| ဦးသန်းထွန်း | ဒေါ်စန်းစန်းဝေ |
| ဦးမြင့်ကြိုင် | ဒေါ်စန်းစန်းအေး |
| ဦးကံထွန်း | ဒေါ်မိမိခိုင် |
| ဦးကျားဖ | ဒေါ်ဥမ္မာဝေ |
| | ဒေါ်စန်းရီ |

၁၉၇၃-၁၉၇၇ ပုသိမ်ကောလိပ်(သချာ်)ဆရာများနှင့် သူငယ်ချင်းများ

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြင့်မြင့်ရီ(၆၄)နှစ်**

**(ပုသိမ်)**

**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ပုသိမ်မြို့နေ (ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏ သမီး၊ အမှတ်(၄၀)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ ဦးမြင့်လွင်(တိုးနယားဆားစက်)၊ ဒေါ်ပေ့ါပေ့ါ(ဒါရိုက်တာ၊ အာရှတော်ဝင်ဆေးရုံ)၏ အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာခိုင်ဆုမွန်(ခေတ္တ England)၊ မခိုင်ယုလွင်(ခေတ္တ-USA)တို့၏ ချစ်လှစွာသောမိခင်၊ တူမနှစ်ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)(Sr.Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ရက် နံနက် ၈း၀၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်မောင်ကြည်-ဒေါ်ကျင်စွမ်မိသားစု**
**(Bangkok-Thailand)**

---

**(၅)နှစ်ပြည့်ကောင်းမှုဆုတောင်း**

**ဦးခင်မောင်ဝင်း(မော်လမြိုင်)**

**ရဟန်း၊ ကျောင်း၊ ဒါယကာ**

(၄-၉-၂၀၁၀- ၄-၉-၂၀၁၅)

ကြီးမားသောကျေးဇူးတရားများကို
အစဉ်သတိရလျက်၊ ကျွန်တော်၊ ကျွန်မတို့
ရည်စူးသမျှ လှူဒါန်းသမှု ကုသိုလ်ကောင်းမှု
အစုစုတို့ကို အမျှပေးဝေပါတယ်။
ကြားသိ၍ ရောက်ရာဘုံဘဝမှ ဝမ်းမြောက်စွာ
သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ-- အမျှ-- အမျှ

မာကျူရီမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြင့်မြင့်ရီ (ပုသိမ်)**

**အသက်(၆၄)နှစ်**

**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ရန်ကုန်မြို့နေ ဦးသိန်းလွင် (တိုးနယားပွဲရုံ၊ ဘုရင့်နောင်) (Sr. Executive Diector အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီသည် ၂၉-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၈း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမိုင်နှင့်အဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြင့်မြင့်ရီ**

**အသက်(၆၄)နှစ်**

**(ပုသိမ်)**

**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ပုသိမ်မြို့နေ(ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏သမီး၊ အမှတ်(၄၀)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ ဦးမြင့်လွင်(တိုးနယားဆားစက်)၊ ဒေါ်ပေ့ါပေ့ါ(ဒါရိုက်တာ၊ အာရှတော်ဝင်ဆေးရုံ)၏ အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာခိုင်ဆုမွန်(ခေတ္တ England))၊ မခိုင်ယုလွင်(ခေတ္တ USA)တို့၏ ချစ်လှစွာသောမိခင်၊ တူမနှစ်ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ဘုရင့်နောင်)(Sr.Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ရက် နံနက် ၈း၀၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ဦးကုတ်တီ)-ဒေါ်မြင့်ဟာ**
**ဒေါက်တာမြမြအေး**
**ဒေါက်တာအောင်တိုး**
**ဒေါ်အေးလေးမိသားစု**
**(LosAngeles-USA)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်နယ်ဉ်(ခ)ဒေါ်နယ်ဉ်ဟန်**

**အသက်(၆၀)**

**B.Sc (Zoo)**

**သမ္မာဝါကျိဇ္ဇသက်န်းတိုက်**

၂၇-၈-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်တင့်တင့်၊ ဒေါ်ထွေးရှင်၊ ဒေါ်ဇေမိုး၊**
**ဒေါ်စိန်စိန်ဝင်း(ကြည့်မြင့်တိုင်ညဈေး)**

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ရွှေ**
**အသက်(၈၂)နှစ်**

ဦးလှရွှေ-ဒေါ်ရီရီလွင်တို့၏ မိခင် ဒေါ်ခင်ရွှေသည် ၂၄-၈-၂၀၁၅ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)မှသူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ကြည်း ၁၀၈၂၉ ဗိုလ်မှူး သူရမင်းနိုင်(ငြိမ်း)**
**ဗိုလ်သင်တန်းအမှတ်စဉ်(၃၄)(သီဟ ၁၁၀)**
**စာရေးဆရာ သူရမင်းနိုင်(ဖျာပုံ)**
**အသက်(၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နေ၊ ဒေါ်ညွန့်ညွန့်စိန်၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးသူရမင်းနိုင်(ငြိမ်း)သည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟတေဇ ညီအစ်ကိုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးမြင့်(သဲကုန်း)**
**အသက်(၈၈)နှစ်**

ကပ္ပတိန်ညီညီမောင်(M.V ကျိုင်းတုံ-မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)- ဒေါ်မို့မို့ကြည်တို့၏ ချစ်လှစွာသော မိခင် ဒေါ်အေးမြင့်သည် ၃၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ရေကြောင်းအရာရှိချုပ်၊ ရေယာဉ်မှူးများနှင့်**
**ရေကြောင်းဌာနဝန်ထမ်းများ**
**မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
**ရဲအုပ်စံမောင်(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ (၂၅)ရတနာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ငွေငွေရီ(အထက်တန်းရှေ့နေ)၏ ခင်ပွန်း သူငယ်ချင်းဦးစံမောင်သည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း**
**(၉/၈၄)သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ် ၊ ကျောင်း ဒါယကာကြီး**
**ဦးခွန်မြတ်(ခ)ဦးဘသန်းဆွေ (၆၄)နှစ်**
**မန်နေးဂျင်းဒါရိုက်တာ**
**(ခွန်ပအိုဝ်းတွင်းထွက်နှင့်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)**

တောင်ကြီးမြို့နေ ဦးခွန်မြတ်(ခ)ဦးဘသန်းဆွေ(ဒု-ဥက္ကဋ္ဌ/မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်)သည် ၂၈-၈-၂၀၁၅(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျင်ဦး(နာယက)**
**မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်**
**Popular Plastic Group**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ် ၊ ကျောင်း ဒါယကာကြီး**
**ဦးခွန်မြတ်(ခ)ဦးဘသန်းဆွေ**
**အသက်(၆၄)နှစ်**
**မန်နေးဂျင်းဒါရိုက်တာ**
**(ခွန်ပအိုဝ်းတွင်းထွက်နှင့်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့တိုးတက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ပါသော မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးခွန်မြတ်(ခ)ဦးဘသန်းဆွေသည် ၂၈-၈-၂၀၁၅(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မြင့်မြင့်ရီ(ပုသိမ်)**
**အသက်(၆၄)နှစ်**
**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ရန်ကုန်မြို့နေ ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)(Sr.Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီသည် ၂၉-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးသက်ထူး-ဒေါ်ခင်လှဝင်း**
**(ရတနာသိန်းပွဲရုံ၊ ဘုရင့်နောင်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်စန်း**
**အသက်(၆၇)နှစ်**

ကိုတင့်လွင်ဦး-မခိုင်ဝင့်မွန်တို့၏ ကျေးဇူးရှင်ဖခင် ဦးခင်မောင်စန်း အသက်(၆၇)နှစ်သည် ၃၁-၈-၂၀၁၅(တနင်္လာနေ့)နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာထွန်းမင်းလတ်၊ ဒေါက်တာဝင်းမင်းစိုးနှင့်**
**ဝန်ထမ်းများ ၊ ကြယ်နီလာကုမ္ပဏီများအုပ်စု**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်တင့် B.A(Eco) ဂဠုန်သက်န်းတိုက်**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခင်တင့်(ဂဠုန်သက်န်းတိုက်)သည် ၂၀-၈-၂၀၁၅(ကြာသပတေးနေ့)ည ၈း၄၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ကျန်ရစ်သူမိသားစုများအားလုံး အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးစန်းလွင်နှင့်ဒေါ်ဆုမွန်(မိသားစု)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**မရွှန်းလဲ့မှူးကျော်**
**အသက်(၁၄)နှစ်**
**G . IX-C ၊ အထက(၂)ဗဟန်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး ဂမုန်းပွင့်ကွန်ဒိုနေ ဒေါက်တာကျော်စိုးလင်း၊ (အတွင်းရေးမှူး)ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)-(ဒေါက်တာခိုင်ကြွယ်စိုး)တို့၏သမီး၊ မခြူးကေရီကျော်၏ ညီမဖြစ်သူ မရွှန်းလဲ့မှူးကျော်သည် (၁.၉.၂၀၁၅)ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
**နိုင်သိန်းဆွေ(ခ)ဦးစံသိန်း(မော်လမြိုင်)**
**အသက်-၇၀**

နိုင်သိန်းဆွေ(ခ)ဦးစံသိန်း(မော်လမြိုင်) အသက်-၇၀သည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှငွေနှင့် ဒေါ်ဝင်းမြင့်လွင်**
**ရိလုံရွှေဆိုင်**
**ယုဇနပလာဇာ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

M.V KENG JUNG-မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ကပ္ပတိန်ညီညီမောင်၏ ချစ်လှစွာသောမိခင် ဒေါ်အေးမြင့် (သဲကုန်း)သည် ၃၁-၈-၂၀၁၅ရက် နံနက် ၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာမှူးနှင့် စက်ခန်းဝန်ထမ်းများ**
**(M.V KENG JUNG-မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မြင့်မြင့်ရီ(ပုသိမ်) အသက်(၆၄)နှစ်**
**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ပုသိမ်မြို့နေ(ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏ သမီး၊ အမှတ်(၄၀)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ ဦးမြင့်လွင်(တိုးနယားဆားစက်)-ဒေါ်ပေါ့ပေါ့(ဒါရိုက်တာ၊ အာရှတော်ဝင်ဆေးရုံ)တို့၏ အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာခိုင်ဆုမွန်(ခေတ္တ UK)၊ မခိုင်ယုလွင်(ခေတ္တ USA)တို့၏ ချစ်လှစွာသောမိခင်၊ ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)(Sr.Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဦးမျိုးညွန့်၊ ရောဂါဗေဒဆရာဝန်ကြီးများ၊**
**အဏုဇီဝဗေဒဆရာဝန်ကြီးများနှင့်ကွန်ပျူတာဓာတ်ခွဲခန်းမိသားစု(အာရှတော်ဝင်ဆေးရုံ)**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
**မပြုံးပြုံးကြည်(မြင်းခြံ)**
**(၄-၈-၂၀၁၅) မှ (၄-၉-၂၀၁၅)**

ချစ်ဇနီး မပြုံးပြုံးကြည် မိသားစုများကို ခွဲခွာသွားသည်မှာ တစ်လပြည့်ခဲ့ပြီးဖြစ်ပါသည်။ ခင်ပွန်းအပေါ်၌လည်းကောင်း၊ သားသမီးများ အပေါ်၌လည်းကောင်း စည်းကမ်းစနစ်ကျနစွာဖြင့် အစစအရာရာ တာဝန်ကျေပြီး အေးချမ်းတည်ငြိမ်စွာဖြင့် ရိုးသားစွာ နေထိုင်သူဖြစ်ခြင်းကြောင့် မိသားစုများ၏ ရင်ထဲမှာ မမေ့မပျောက်နိုင်ဘဲ လွမ်းဆွတ်သတိရလျက်ရှိနေပါသည်။

မပြုံးပြုံးကြည်အားရည်စူး၍ ပြုလုပ်ပြီး ပြုလုပ်ဆဲ ပြုလုပ်မည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို မေတ္တာပို့ အမျှ-အမျှ-အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပြီး မြင့်မြတ်သော ဘုံဘဝ၌ ခံစားစံစားနိုင်ပါစေ။

**ချစ်ခင်ပွန်း-ဒုရဲမှူးကြီးမောင်ဝင်း**
**မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး**
**ချစ်သား-ကိုအောင်ဝဏ္ဏ-မချောစု**
**ချစ်သမီးများ-မဝင်းပပပြုံး၊ မနုနုထွေး**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

**ကားမောင်းသင်ပေးသည်**
အိမ်စီးကားများကို
မောင်းနိုင်ရန် သင်ပေးပါသည်။
**ဖုန်း-၀၉-၄၂၀၇၁၁၅၉**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မြင့်မြင့်ရီ(ပုသိမ်)**
**အသက်(၆၄)နှစ်**

ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)(Sr. Executive Director၊ အာရှတော်ဝင်ဆေးရုံ)၏ ဇနီး ဒေါ်မြင့်မြင့်ရီသည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Renal Care Co.,Ltd**
**ကျောက်ကပ်သွေးသန့်စင်ဌာန(အာရှတော်ဝင်ဆေးရုံ)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးမောင်ကျင်(ခ)ဦးကြင် (၈၇)နှစ်**
**ဓနုဖြူမြို့နယ်အသင်း နာယက**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၃)နေ ဒေါ်တင်ရီ၏ခင်ပွန်း ဦးမောင်ကျင်(ခ)ဦးကြင် ၊ ဓနုဖြူမြို့နယ်အသင်းနာယကသည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးဝင်းကျော် ( ချမ်းမြေ့ရတနာ )**
**အသက်(၆၈)နှစ်**
**ဥက္ကဌ**
**မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်၊ တွံတေးမြို့။**

တွံတေးမြို့နေ ဒေါ်ခင်မြ၊ ကျောင်းဆရာမကြီး(ငြိမ်း)၏ ခင်ပွန်း၊ သမီး မခင်စန်းသီ၏ဖခင် ဦးဝင်းကျော်၊ အသက်(၆၈)နှစ်သည် (၃၁-၈-၂၀၁၅) တနင်္လာနေ့၊ နံနက်(၆း၁၅)နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်၊
တွံတေးမြို့။

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးမြင့်**
**အသက်(၈၈)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ရေကြောင်းနှင့် အင်ဂျင်နီယာဌာနမှ ကျိုင်းတုံသင်္ဘော၊ ကပ္ပတိန်ညီညီမောင်၏မိခင် ဒေါ်အေးမြင့် သည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးမြင့်(သဲကုန်း)**
**အသက်(၈၈)နှစ်**

ကပ္ပတိန်ညီညီမောင်(M.V ကျိုင်းတုံ-မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)- ဒေါ်မို့မို့ကြည်တို့၏ ချစ်လှစွာသော မိခင် ဒေါ်အေးမြင့်သည် ၃၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း အရာရှိလောင်း**
**ကျောင်းသားဟောင်းများ**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**မကေသီမြတ်(အသက်၃၉)နှစ်**
**အထက(၂) ကမာရွတ်ကျောင်းသူဟောင်း**
B.Sc (Physics, IT, Computer Programmer)
Operation Manager, Ngwe Saung Yacht Club and Marina Hotel

သိပ်ချစ်ရတဲ့သမီးလေး မကေသီမြတ်သည် မိသားစုများနှင့် ခွဲခွာသွားသည်မှာ ၄-၉-၂၀၁၅ရက်တွင် တစ်နှစ်ပြည့်သွားပါပြီ။ အမေ့ရင်ထဲမှာ နေ့စဉ်သတိရလျက် ဝမ်းနည်းကြေကွဲ မဆုံးပါ။ သမီးလေးကို ရည်မှန်းပြီး နေ့စဉ်၊ လစဉ် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစု နှင့်တကွ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပေးပါတယ်။ ရဟန်း၊ သံဃာတော်အရှင်သူမြတ်တို့အားလည်း သင်္ကန်းနှင့်တကွ ဆွမ်း၊ ခဲဖွယ်ဘောဇဉ် လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းပေးလျက်ပါ။ သမီးလေး မြင့်မြတ်သော ဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိရှိနိုင်၍ သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ရန် အမျှ ပေးဝေလိုက်ပါတယ်။ သမီးလေးရေ- အမျှ-အမျှ-အမျှ----------၊

**မေမေဒေါ်ကြူကြူသင်း၊ ၁၆၅လမ်း၊ လမ်းရှည်၊ တာမွေမြို့နယ်နှင့်**
**ကျန်ရစ်သူမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မြင့်မြင့်ရီ (ပုသိမ်) (၆၄)နှစ်**
**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်) Sr. Executive Director အာရှတော်ဝင်ဆေးရုံ၏ ချစ်လှစွာသော ဇနီး ဒေါ်မြင့်မြင့်ရီသည် ၂၉-၈-၂၀၁၅(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Line danee အဖွဲ့သူ/သားများ**
**ပြည်သူ့ရင်ပြင်**

Hot Line No-0930500100

# အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ ပေါ်ထွန်းလာနိုင်ရေးအတွက် လူထုအားပေးထောက်ခံမှုနှင့် ပူးပေါင်းပါဝင်မှု အထူးလိုအပ်

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရန်၊ နိုင်ငံသားများအတွက် ပြည်တွင်းမှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ ပြည်တွင်းမှ အသေးစား အလတ်စားစက်မှုလုပ်ငန်းများအတွက် အထောက်အကူပြု စက်မှုလုပ်ငန်းများ ဈေးကွက်ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများမှာ အချိန်ယူရလွန်းပြီး ရှုပ်ထွေးသဖြင့် ယင်းအချက်များကို ပြုပြင်ပြောင်းလဲ၍ ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ထူထောင်လျက်ရှိသော အထူးစီးပွားရေးဇုန်များတွင် ဥပဒေရေးရာ

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



## အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာ့အကောက်ခွန်သတင်းအချက်အလက်စနစ် ၂၀၁၆ ခုနှစ်တွင် စတင်အသုံးပြုမည်

စာမျက်နှာ ➤ ၂

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသိပေးချက်ထုတ်ပြန်

စာမျက်နှာ ➤ ၆

# အရှေ့အနောက်စင်္ကြံကုန်သွယ်ရေးလမ်းမအတွက် အထောက်အကူပြုမည့် တံတားနှစ်စင်း

**အရှေ့အနောက်စင်္ကြံကုန်သွယ်ရေးပိုးလမ်းမကြီးအတွက် အထောက်အကူပြုမည့် တံတားနှစ်စင်းဖြစ်သော မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်းရှိ ဂျိုင်းတံတားနှင့်အတ္တရံတံတားတို့ကို ကမ္ဘာ့ဘဏ်အစီအစဉ်ဖြင့် တည်ဆောက်ပေးရန် လျာထားလျက်ရှိကြောင်း မွန်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၏ပြောကြားချက်အရ သိရသည်။**



အတ္တရံတံတားကို တွေ့ရစဉ်။

အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်း လေ့လာဆန်းစစ်မှုစစ်တမ်းကောက်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်အစီအစဉ်များဖြင့် လက်ရှိအခြေအနေတွင် ဆောင်ရွက်ထားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်လည်း လျာထားလျက်ရှိသည်။ အဆိုပါတံတားနှစ်စင်းကို တည်ဆောက်ရသည့်အကြောင်းရင်းမှာ အာဆီယံအသိုက်အဝန်းဖြစ်ပြီး အရှေ့အနောက် စင်္ကြံ အာရှကုန်သွယ်ရေးလမ်းမကြီး၏တစ်စိတ်တစ်ပိုင်းဖြစ်ကာ ဗီယက်နမ်နိုင်ငံမှ ဆက်သွယ်ဖြတ်သန်းသွားလာမည်ဖြစ်သည့်အတွက် ထိုင်းနိုင်ငံမှတစ်ဆင့် မဲဆောက်မြို့၊ မြဝတီမြို့သို့ဝင်ရောက်ကာ ကော့ကရိတ်သို့ ရောက်ရှိ၍ ဂျိုင်း-ဇာသပြင် တံတားနှင့်အတ္တရံတံတားများကိုဖြတ်သန်းသွားရာတွင် ကော့ကရိတ်၊ ဘားအံမှတစ်ဆင့် မော်လမြိုင်သံလွင်တံတားကိုဖြတ်သန်းသွားကာ ဒူးရင်းဆိပ်တောင်ဘက်ခွဲလမ်း ဂျိုင်း-ဇာသပြင်တံတားသို့ရောက်ပြီး ဆက်လက်၍ အတ္တရံတံတား မြောက်ဘက်လမ်းခွဲဖြစ်သော အိန္ဒူ-ဘားအံမှ သံလွင် ဘားအံတံတားကို ဖြတ်ကာ ဒူးရင်းဆိပ်သို့ရောက်ရှိပြီး

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့**



